# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၀ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် ၁၉ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၉)၊ အမှတ် (၂၈၅)


### မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဏိတဝဂ် (ဓမ္မပဒ - ၇၈)

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီမှ အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး

အမျိုးသားအဆင့်ဗဟိုကော်မတီမှ အသိပေးကြေညာချက်

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၉ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၃ ရက်)

Coronavirus Disease 2019 (COVID–19) ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့/ တိုးမြှင့်ရန် လိုအပ်သည့် ကိစ္စရပ်များမပါ) အား ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့အထိ ရက်တိုးမြှင့် သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် က

## ကျောင်းသူကျောင်းသားတွေ ပညာရှာရေးနဲ့ မဝေးသွားဖို့က အရေးကြီးကြောင်း၊ နောက်အပတ်မှာ ကျောင်းတွေ ပြန်ပြီးဖွင့်ဖို့ စပြီး ခြေလှမ်းမှာဖြစ်ကြောင်း သတင်းစကားပါး

**နေပြည်တော် ဇူလိုင် ၁၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ကျောင်းသူကျောင်းသားတွေ ပညာရှာရေးနဲ့ မဝေးသွားဖို့က အရေးကြီးကြောင်း၊ နောက်အပတ်မှာ ကျောင်းတွေ covid ကြောင့် ပိတ်ထားရတာက ပြန်ပြီးဖွင့်ဖို့ စပြီးခြေလှမ်းမှာဖြစ်ကြောင်း ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် သတင်းစကားပါး ရေးသားထားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကျန်းမာရေးနဲ့ ပညာရေးအဆင့်အတန်းကောင်းဖို့က နိုင်ငံသူနိုင်ငံသားများအတွက် အခြေခံကျတဲ့ လိုအပ်ချက်များ ဖြစ်ပါကြောင်း၊ နှစ်ခုစလုံးဟာ တစ်သက်တာအတွက် လိုအပ်ချက်တွေဖြစ်၍ နှစ်ခုစလုံးကို အမြဲဂရုစိုက် ပြုစုပျိုးထောင်ဖို့ လိုပါကြောင်း။

ကျန်းမာရေးကတော့ ဟုတ်ပါပြီ၊ ပညာက တစ်သက်လုံး ဆည်းပူးနေရမှာလားလို့ စောဒကတက်သူများ ရှိနိုင်ပါကြောင်း၊ ဒီမှာ ပညာကို ကျယ်ပြန့်စွာ အဓိပ္ပာယ်ဖော်စေချင်ပါကြောင်း၊ လောကီ၊ လောကုတ္တရာအမြင် တိုးတက် လေးနက်ရာလေးနက်ကြောင်း လေ့လာ၊ ရှာဖွေ၊ ဆင်ခြင်တာ ပညာရှာတာပဲ မဟုတ်ပါလား၊ ပညာဆိုတာ တကယ်တော့ လူတိုင်း ကိုယ်တိုင်ရှာရတာဖြစ်ပါကြောင်း၊ ကျောင်းတွေရဲ့ အဓိကတာဝန်က ကျောင်းသူကျောင်းသားတွေ ပညာရှာတတ်အောင် သင်ပေးဖို့ဖြစ်သဖြင့် ပညာရေးစနစ်တစ်ခုရဲ့ အောင်မြင်မှုအဆင့်ကို ပညာရှာတတ်သူ ဘယ့်လောက်မွေးထုတ်နိုင်လဲဆိုတာကြည့်ပြီး ဆုံးဖြတ်ရမှာဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံ ပညာရေးစနစ် တကယ်မြင့်ဖို့ လုပ်ရမှာတွေ အများကြီးရှိနေပါသေးကြောင်း၊ ဒါကြောင့် ပညာရေးကို ကျန်းမာရေးနဲ့ တန်းတူအလေးထား ဆောင်ရွက်နေတာဖြစ်ပါကြောင်း။

ကျောင်းသူကျောင်းသားတွေ ပညာရှာရေးနဲ့ မဝေးသွားဖို့က အရေးကြီးပါကြောင်း၊ နောက်အပတ်မှာ ကျောင်းတွေ covid ကြောင့် ပိတ်ထားရတာက ပြန်ပြီးဖွင့်ဖို့ စပြီးခြေလှမ်းမှာဖြစ်ပါကြောင်း၊ အများသိကြတဲ့အတိုင်း အထက်တန်းကျောင်းများဖွင့်တာနဲ့ ပြန်စမည်ဖြစ်ပါကြောင်း၊ ဒီအစီအစဉ် အဆင်ပြေမှုအပေါ်မူတည်ပြီး အလယ်တန်း၊ မူလတန်းများ ဖွင့်ဖို့ ဆက်လက်စီစဉ်မှာ ဖြစ်ပါကြောင်း။

တားဆီး၊ ကုသဆေး မပေါ်သေးတဲ့ ရောဂါနဲ့ ရင်ဆိုင်နေရချိန်မှာ ခြေတစ်လှမ်း လှမ်းဖို့ရာ တွက်ချက်ရတာတွေက အများကြီးရှိပါကြောင်း၊ ခပ်မှန်မှန်နဲ့ မြန်နိုင်သရွေ့ မြန်မြန်ခရီးရောက်ဖို့ကြိုးစားရတာပါပဲ ဟု ရေးသားထားသည်။

- ❐ ကျန်းမာရေးနဲ့ ပညာရေးအဆင့်အတန်းကောင်းဖို့က နိုင်ငံသူနိုင်ငံသားများအတွက် အခြေခံကျတဲ့ လိုအပ်ချက်များဖြစ်
- ❐ နှစ်ခုစလုံးဟာ တစ်သက်တာအတွက် လိုအပ်ချက်တွေဖြစ်၍ နှစ်ခုစလုံးကို အမြဲဂရုစိုက် ပြုစုပျိုးထောင်ဖို့လို

**အာဇာနည်ခေါင်းဆောင်ကြီး မိုင်းပွန်စော်ဘွားစဝ်စံထွန်း**

အာဇာနည်နေ့အကြို ဆောင်းပါး | စာ - ၆

**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်**

စာ - ၉




မြန်မာ့အလင်း

# အာဇာနည်နေ့အကြို အတွေး

မြန်မာနိုင်ငံသမိုင်းထဲက ရုပ်ဆိုးအကျည်းတန် အဖြစ်ဆုံးဖြစ်ရပ်တစ်ခုသည်ကား အာဏာလောဘဇောတိုက်နေသည့် အကြမ်းဖက်အုပ်စုက အမျိုးသားခေါင်းဆောင်ကြီးများ နိုင်ငံ့အရေးအတွက် အလေးအနက် ဆွေးနွေးတိုင်ပင်နေသည့် အစည်းအဝေးခန်းထဲထိ ဝင်ကာ သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်မှုကြီးပင်တည်း။ လာမည့် ၁၉ ဇူလိုင် ဆိုလျှင် ၇၃ နှစ်ပင် ရှိခဲ့ပြီ။

ထိုလုပ်ကြံမှုကြီးက မြန်မာနိုင်ငံ၏ အနာဂတ်ကို နင့်နင့်နဲနဲ ထိခိုက်နစ်နာသွားစေသော ရလဒ်နှင့် အကြမ်းဖက်အုပ်စုဝင်များ ကြိုးစင်ထက်မှာ ဘဝဆုံးခဲ့ရခြင်းတို့ဖြင့် နိဂုံးချုပ်ခဲ့လေသည်။

အကြမ်းဖက်လုပ်ကြံခဲ့သည့် ဂဠုန်ဦးစောသည် မြန်မာ့နိုင်ငံရေးလောကတွင် အရေးပါသည့် နေရာတစ်နေရာတွင် ရှိခဲ့ဖူးသော နိုင်ငံရေးသမားတစ်ဦးဖြစ်၏။ ထင်ရှားသော နိုင်ငံရေးသမားတစ်ဦး အဖြစ်မှသည် နိုင်ငံရေးအာဏာ လောဘဇောတက်မှုကိုအခြေခံပြီး အာဏာကို လက်နက်ဖြင့် အကြမ်းဖက်ရယူလိုသည့် ကြမ်းတမ်းရိုင်းပျသော သဘောထား၏ ဦးဆောင်မှုနောက်သို့ လိုက်ပါသွားသော မသူတော်တစ်ဦးဘဝသို့ ပြောင်းလဲရောက်ရှိသွားခဲ့သူ ဖြစ်၏။

နိုင်ငံရေးသမားတို့ နိုင်ငံရေးလုပ်ကြသည်ဆိုရာတွင် မိမိနှင့်လူမျိုးတို့၏ အကျိုးအတွက်ငှာ မိမိတို့ယုံကြည်ရာ ဝါဒလမ်းစဉ်တို့ဖြင့် ကြံဆဆောင်ရွက်ရန် ကြိုးပမ်းကြခြင်းဖြစ်၏။ တိုင်းပြည်နှင့်လူမျိုးကို ချစ်မြတ်နိုးမှု၊ စေတနာတို့ကို အရင်းခံခြင်းဖြစ်၏။ မိမိတို့၏ စေတနာအတိုင်း ဆောင်ရွက်လုပ်ကိုင်နိုင်ကြရန် နိုင်ငံရေးအာဏာ လိုအပ်သည်လည်းဖြစ်ရာ နိုင်ငံရေးသမားဟူသည် နိုင်ငံရေးအာဏာကို မျှော်မှန်းလုပ်ကြရသည်သာ ဖြစ်၏။ သို့သော်လည်း အဆိုပါ နိုင်ငံရေးအာဏာကို ပြည်သူလူထုက နိုင်ငံရေးသမားတို့အား လိုလိုလားလားအပ်နှင်းရန်လို၏။ ပြည်သူလူထုက နိုင်ငံရေးသမားတို့ကို အာဏာလွှဲအပ်သည်ဆိုရာတွင်လည်း ရွေးကောက်ပွဲများတွင် မဲပေးရွေးချယ်မှုက အထူးအရေးကြီးလှပါ၏။

ပြည်သူလူထုက လိုလိုလားလား အပ်နှင်းသည့် နိုင်ငံရေးအာဏာဖြင့် တိုင်းပြည်နိုင်ငံထူထောင်ခြင်းကသာ ပြည်သူလူထု၏ ပူးပေါင်း ပါဝင်ခြင်းကို ရရှိမည်ဖြစ်ပေ၏။ သို့မှသာလျှင် နိုင်ငံရေးခေါင်းဆောင်တို့ တိုင်းပြည်ရေးရာများကို စီမံခန့်ခွဲကြရာတွင် ထိရောက်ထက်မြက်စွာ ကိုင်တွယ်အလုပ်လုပ်နိုင်မည်ဖြစ်၏။ ထို့ကြောင့် နိုင်ငံရေးအာဏာရယူရာတွင် အာဏာရရှိရေးထက် အာဏာကို မည်သို့မည်ပုံ ရယူမည်လဲ ဆိုသည်က ပိုမိုအရေးကြီးပေသည်။

ပြည်သူလူထုက အပ်နှံပေးအပ်ခြင်း မဟုတ်ဘဲ နိုင်ငံရေးအာဏာကို ရယူလိုသည်ဆိုခြင်းမှာ အာဏာလောဘဇောတိုက်ခြင်းသာဟု ဆိုရပါမည်။ အာဏာလောဘဇောတိုက်ခြင်းက နိုင်ငံတိုးတက်ထွန်းကားဖို့ကို ဦးမတည်နိုင်ချေ။

အမျိုးသားခေါင်းဆောင်ကြီးများကို လုပ်ကြံသတ်ဖြတ်ရန် လက်မရွံ့ခဲ့ခြင်းကပင် ဂဠုန်ဦးစောတို့ အကြမ်းဖက်အဖွဲ့၏ အာဏာပေါ် အရူးအမူးဖြစ်မှုကို ဖော်ပြနေ၏။ အာဏာကို အရူးအမူးလိုချင်ခဲ့သည့် စေ့ဆော်မှုကြောင့်ပင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ဝန်ကြီးအားလုံးကို လုပ်ကြံရန် စီစဉ်စေခိုင်းခဲ့ခြင်းဖြစ်၏။

ထိုကြမ်းတမ်းရက်စက်သော အတွေးနှင့် လုပ်ဆောင်မှုက နိုင်ငံ၏ အနာဂတ်ကို မည်မျှလောက် နစ်နာဆုံးရှုံးခဲ့စေသည်ဆိုသည်ကို မြန်မာနိုင်ငံသားတို့ ရင်နှင့်ရင်း၍ သိနားလည်ခဲ့ပြီ ဖြစ်ပါသည်။

အမှန်တော့ နိုင်ငံရေးအာဏာဆိုသည်မှာ ပြည်သူလူထုအများစု၏ အားပေးရွေးချယ်နည်းမှလွဲလျှင် တခြားနည်းဖြင့် ရယူဖို့ မစဉ်းစားထိုက်သည့်အရာ ဖြစ်ပေသည်။ လူထုကရွေးချယ်ပေးအပ်ခြင်း မဟုတ်ဘဲ လက်နက်အားကိုးဖြင့် အာဏာရယူလိုခြင်းဆိုသည်က အကြမ်းဖက်မှုသည်သာ။

နိုင်ငံရေးအာဏာကို မည်သည့်အကြောင်းကြောင့်ဖြင့် ရယူလိုသည်ဖြစ်စေ၊ ပြည်သူလူထုက မှန်မှန်ကန်ကန် တရားနည်းလမ်းတကျ ရွေးချယ်တင်မြှောက်ခြင်းကသာ မှန်ကန်သောနည်းလမ်း ဖြစ်ပေလိမ့်မည်။

နိုင်ငံရေးအာဏာကို ရယူထားသူများတွင် ပြည်သူလူထု ထောက်ခံမှုရှိသလို ကန့်ကွက်သူလည်း ရှိမည်သာတည်း။ ထောက်ခံသူများလျှင် အာဏာကို ကိုင်စွဲထားနိုင်မည်ဖြစ်ပြီး ကန့်ကွက်ဆန့်ကျင်သူများလျှင် အာဏာကို စွန့်လွှတ်ကြရမည်သာ။ အာဏာကို ရယူလိုစိတ်ဖြင့် သို့မဟုတ် အာဏာကို ဖက်တွယ်ထားလိုစိတ်ဖြင့် လူထုထောက်ခံမှုကို အားမကိုးဘဲ လက်နက်အင်အားကို အားကိုးခြင်း၊ အကြမ်းဖက်ခြင်းတို့က မည်သို့မျှ ရလဒ်ကောင်းမရနိုင်ဆိုသည်ကို ပြည်သူတို့ ရင်ဖြင့်ရင်း၍ သိနားလည်ခဲ့ကြပြီ။

နိုင်ငံနှင့်လူမျိုးအတွက် တာဝန်အမျိုးမျိုး ထမ်းရွက်အနစ်နာခံရင်း အသက်စွန့်ခဲ့ကြရသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့်တကွ ခေတ်အဆက်ဆက် စွန့်လွှတ်အနစ်နာခံခဲ့ကြသည့် ရဟန်း ရှင်လူ ပြည်သူများကို ကြည်ညိုအလေးအမြတ်ပြုရင်း နိုင်ငံရေး အာဏာကို အကြမ်းဖက်ရယူမှု မှန်သမျှကို ဆန့်ကျင်သွားကြမည်ဟု အဓိဋ္ဌာန်ပြုကြပါစို့။ ။

## တရားမအထူးအယူခံမှု (၈) မှုကို စီရင်ချက်ချမှတ်၊ ရာဇဝတ်အထူးအယူခံမှု (၄) မှုနှင့် တရားမအထူးအယူခံမှု (၁) မှုတို့ကို ရုံးထိုင်ကြားနာ

နေပြည်တော် ဇူလိုင် ၁၃

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးတင့်၊ ဦးစိုးနိုင်တို့ ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု (၈) မှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် ရာဇဝတ် အထူးအယူခံမှု (၄) မှုနှင့် တရားမအထူးအယူခံမှု (၁) မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပညာရေးဝန်ကြီးဌာန

"၂၀၂၀-၂၀၂၁ ပညာသင်နှစ်"

အသိပေးကြေညာချက်

**စစ်ဆေးအကဲဖြတ်ခြင်းအစီအစဉ်များ**

- အထက်တန်းဆင့်သင် သင်ရိုးသစ်(Grade-10) တွင် (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ ပထဝီ၊ သမိုင်း၊ ဘောဂဗေဒ၊ စိတ်ကြိုက်မြန်မာစာ၊ လူမှုရေးသိပ္ပံ၊ သိပ္ပံ၊ ပထဝီ + သမိုင်း) ဘာသာရပ်များကိုသာ ကျောင်းတွင်းစစ် စာမေးပွဲဖြေဆိုရန်နှင့် ကျန်ဘာသာရပ်များကို လုပ်ဆောင်မှုအခြေပြု စစ်ဆေးအကဲဖြတ်ခြင်း(Performance-based Assessment)ဆောင်ရွက်ရန်။
- အထက်တန်းဆင့်သင် သင်ရိုးသစ် (Grade-11) ကို ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ ပထဝီ၊ သမိုင်း၊ ဘောဂဗေဒ၊ စိတ်ကြိုက်မြန်မာစာ၊ လူမှုရေးသိပ္ပံ၊ သိပ္ပံ၊ ပထဝီ + သမိုင်း) ဘာသာရပ်များကိုသာ ကျောင်းတွင်းစစ် စာမေးပွဲဖြေဆိုရန်နှင့် ကျန်ဘာသာရပ်များကို လုပ်ဆောင်မှုအခြေပြု စစ်ဆေးအကဲဖြတ်ခြင်း(Performance-based Assessment) ဆောင်ရွက်ရန်။
- အထက်တန်းဆင့်သင် သင်ရိုးသစ် (Grade-12) ကို ၂၀၂၂-၂၀၂၃ ပညာသင်နှစ်မှစတင်၍ အောက်ပါအတိုင်း သင်ကြားသင်ယူခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်းများ ဆောင်ရွက်မည် ဖြစ်ပါသည်။

| အတန်း | သင်ကြားသင်ယူရမည့် ဘာသာရပ်များ | စစ်ဆေးအကဲဖြတ်ခြင်း | |
|---|---|---|---|
| Grade-12 | STEAMS-1 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ လူမှုရေးသိပ္ပံ (ပထဝီဝင်+ သမိုင်း+ ဘောဂဗေဒ)<br>STEAMS-2 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဘောဂဗေဒ၊ (ပထဝီဝင် + သမိုင်း)<br>STAMS-1 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ၊ သိပ္ပံ(ဓာတုဗေဒ + ရူပဗေဒ + ဇီဝဗေဒ)<br>STAMS-2 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ စိတ်ကြိုက်မြန်မာစာ၊ ဘောဂဗေဒ၊ ပထဝီဝင်+သမိုင်း၊ သိပ္ပံ(ဓာတုဗေဒ + ရူပဗေဒ + ဇီဝဗေဒ) | ဘာသာရပ်အားလုံး အခြေခံပညာအထက်တန်းဆင့် ပြီးမြောက်ခြင်းအတွက် စစ်ဆေးအကဲဖြတ်ခြင်းကို ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကျင်းပရန်။ | တက္ကသိုလ်ဝင်ခွင့်အတွက် စစ်ဆေး အကဲဖြတ်ခြင်းကို ၂၀၂၃ ခုနှစ်၊ မတ်လတွင် ကျင်းပရန်။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း+ ဘောဂဗေဒ)၊(ပထဝီဝင်+ သမိုင်း)၊ သိပ္ပံ(ဓာတုဗေဒ + ရူပဗေဒ + ဇီဝဗေဒ) ဘာသာရပ်များအား ဖြေဆိုရန် မလိုပါ။ |

- အထက်တန်းဆင့်သင် သင်ရိုးသစ် (Grade-12) တွင် စာရိတ္တနှင့် ပြည်သူ့နီတိ၊ ဘဝတွက်တာကျွမ်းကျင်စရာ၊ ကာယပညာ(သို့မဟုတ်) အနုပညာ(ပန်းချီ)(သို့မဟုတ်) အနုပညာ(ဂီတ)၊ ဘာသာရပ်များကို သင်ယူရန်မလိုပါ။
- အထက်တန်းဆင့်သင် သင်ရိုးဟောင်း (Grade-11) တွင် သင်ရိုးဟောင်း (Grade-10) တက်ရောက်စဉ်က သင်ယူခဲ့သော ဘာသာတွဲများအတိုင်း သင်ယူစေပြီး ဆန်းစစ်ချက် (၄)ကြိမ် ဖြေဆိုစေလျက် ၂၀၂၁ ခုနှစ်၊ မတ်လတွင် တွင် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုရမည်။
- ၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် သင်ရိုးဟောင်း Grade-11 တက်ရောက်နေသော ကျောင်းသားများအား အခြေခံပညာအထက်တန်းဆင့် ပြီးမြောက်ကြောင်းလက်မှတ်များကို စံသတ်မှတ်ချက်များအရ အရည်အသွေးအာမခံသော စိစစ်ရေးအဖွဲ့က စိစစ်ပြီး ချီးမြှင့်ပေးအပ်သွားမည်။

## ဓမ္မာစရိယစာမေးပွဲ ပဥ္စမနေ့ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၃

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပပြုလုပ်သော ၂၀၂၀ ပြည့်နှစ် ဓမ္မာစရိယစာမေးပွဲကို ယနေ့တွင် (ပဥ္စမနေ့) နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၇ ဌာနတို့တွင် စာဖြေသံဃာတော်နှင့်သီလရှင်များ စာရင်းသွင်း ၁၂၇၄၉ ပါးအနက် ၁၀၀၄၁ ပါး ဖြေဆိုကြသဖြင့် ၇၈ ဒသမ ၇၆ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## လိုင်လင်းပီ - ရေစွာလမ်းပိုင်း၌ မိုးရာသီခရီးသွားလာရေးအခက်အခဲ ကြုံတွေ့နေရဆဲဖြစ်

လိုင်လင်းပီ ဇူလိုင် ၁၃

လိုင်လင်းပီမြို့မှ ရေစွာမြို့သို့ သွားသည့်လမ်းပိုင်း၌ မိုးရာသီအတွင်း မြေပြိုခြင်း၊ သစ်ပင်လဲကျခြင်းများကို လမ်းဦးစီးဌာနမှ ရှင်းလင်းပေးလျက်ရှိသော်လည်း လမ်းချော်ခြင်း၊ ချောင်းရေကြီးခြင်းများကြောင့် ခရီးသွားပြည်သူများ သွားလာရေးအခက်အခဲများ ကြုံတွေ့နေရဆဲဖြစ်သည်။


"ကျွန်မကတော့ ဂန့်ဂေါကနေ လိုင်လင်းပီကို ပြန်လာခဲ့တာပါ၊ အရှုလမ်းခွဲနားက ရေစွာဘက် တက်တဲ့နေရာဘက်မှာ ဆိုးတာ သုံးနေရာလောက်ရှိတယ်။ ပြီးတော့ အဆင်းဘက်မှာဆို လမ်းသားတွေ တအားကျွံဝင်နေလို့ ဆိုင်ကယ်နဲ့ဆို ခုန်ဆင်းရသလိုကို ဖြစ်နေတာ၊ မိုးရာသီမှာ ဆိုင်ကယ်နဲ့ မဖြစ်မနေ ခရီးသွားကြမယ်ဆိုရင် အကာအကွယ်ဖြစ်စေမယ့်ဟာတွေ ဥပမာ ဆိုင်ကယ်ဦးထုပ်၊ ဘွတ်ဖိနပ်စတာတွေအပြင် အနည်းဆုံးအဖော် လေးယောက်လောက်နဲ့သွားမှ အဆင်ပြေမှာပါ" ဟု မမီးမီးကေ (NGO ဝန်ထမ်း) က ပြောသည်။

ပခုက္ကူမှ လိုင်လင်းပီသို့လာသူ ကားဆရာကိုထက်ကလည်း "ပခုက္ကူကနေ ရေစွာအထိတော့ အဆင်ပြေပါတယ်။ ရေစွာကနေ လိုင်လင်းပီလာမယ်ဆိုရင်တော့ စပေါ်ရွာ မရောက်ခင်မှာ မိုးသာရွာမယ်ဆို ဖောဝီးပါတာနဲ့တောင်တက်ဖို့ ခက်ပါတယ်။ စပေါ်ကျော်ပြီး ကိုးထပ်ကွေ့ မရောက်ခင် ငှက်ပျောတောမှာလည်း တအားချော်တယ်။ ပြီးတော့ ကိုးမိုင်နဲ့ လိုင်လင်းပီကြားမှာဆိုရင် အများဆုံးလမ်းပိုဆိုးပါတယ်။ ကျွန်တော်တို့ ကိုးမိုင်ကနေ မနက်ထွက်လာတာ လိုင်လင်းပီမြို့အဝင်က ကျောက်တောင်တစ်ခုနားမှာ ဘယ်လိုမှတက်မရလို့ ညအိပ်ခဲ့ရတယ်။ နောက်တစ်နေ့မနက်မှ စက်ကြိုးနဲ့ ကားကိုဆွဲပြီး လာခဲ့ရတယ်" ဟု ပြောသည်။



အဆိုပါ လမ်းချော်သည့်နေရာများနှင့် (ဝဲပုံ)ချောင်းရေကြီးသည့်နေရာများအတွက် လမ်းအဖွဲ့မှကျောက်ခင်းလမ်းတည်ဆောက်ခြင်း၊ တံတား အထူးအဖွဲ့မှ တံတားများခင်းပေးခြင်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် လာမည့်ဘတ်ဂျက်နှစ်များတွင် လျာထားပေးလျက်ရှိကြောင်း လမ်းဦးစီးဌာနမှ တာဝန်ရှိသူများက ပြောသည်။ **ကိုလိန်း(ပြန်/ဆက်)**

# လုံ့လဝီရိယ လျှော့လို့မဖြစ်



ခြင်္သေ့မင်းများဟာ တောကောင်ကို လိုက်တဲ့နေရာမှာ ကြီးတာငယ်တာ ပဓာနမထားဘဲနဲ့ ကြီးကြီးငယ်ငယ်လုံ့လစိုက်တဲ့နေရာမှာ အဲဒီအတိုင်းပဲ လုံ့လစိုက်သွားတယ်။ အဲဒီလိုထုံးအတိုင်းပဲ ကျွန်တော်တို့က ပန်းတိုင်ရောက်တဲ့အထိ အောင်မြင်လာတဲ့တိုင်အောင် ကျွန်တော်တို့က ကြိုးစားမှု၊ အားထုတ်မှုကို လျှော့လို့ မဖြစ်နိုင်ဘူး။ လုံ့လဝီရိယကို လျှော့လို့မဖြစ်နိုင်ဘူး။ ဆတက်ထမ်းပိုးသာ ကျွန်တော်တို့လုပ်ဖို့လိုတယ်။

(၁၉၄၇ ခုနှစ်၊ ဇူလိုင် ၁၃ ရက် မြို့တော်ခန်းမတွင် ကျင်းပသော ပြည်သူ့အစည်းအဝေးကြီး၌ ပြောကြားသည့်မိန့်ခွန်း)

## ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၁၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ၂၀၂၀ ပြည့်နှစ်၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**




ရှေးဦးစွာ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီမှ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ တားဆီး၊ ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ အခမ်းအနားကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန် ခွင့်ပြုပြီးဖြစ်သည့်အတွက် ၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက်၊ ဇူလိုင် ၂၉ ရက် (ဗုဒ္ဓဟူးနေ့) တွင် နေပြည်တော်၊ ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားလာသည့် အခြေအနေအရ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီး ၂၅ ပါး၊ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော် ၁၁ ပါး စုစုပေါင်း ၃၆ ပါးတို့ကို ပင့်ဆောင်၍ ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ ၁၀ ခုတို့ကို ဇူလိုင် ၉ ရက်တွင် ဖွဲ့စည်းထားရှိပြီးဖြစ်သည့်အတွက် ဆပ်ကော်မတီအသီးသီးတို့အနေဖြင့် လုပ်ငန်းတာဝန်များ လစ်ဟင်းမှုမရှိရလေအောင် ဆောင်ရွက်သွားကြရန်နှင့် ယခင်နှစ်များက အားနည်းချက်၊ အားသာချက်များကို ပြန်လည်သုံးသပ်ပြီး အခမ်းအနားကြီး အောင်မြင်စွာပြီးမြောက်ရေး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အထူးအားဖြင့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ ညွှန်ကြားချက်များ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များ၊ အကြံပြုချက်များ၊ ဆောင်ရွက်ရမည့် နည်းလမ်းများကို ဆပ်ကော်မတီအသီးသီးက တိကျစွာလိုက်နာဆောင်ရွက်သွားရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် သံဃာတော်များပင့်ဆောင်ရေးနှင့် သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီ၊ ဆွမ်း ဆက်ကပ်ရေးဆပ်ကော်မတီ၊ အခမ်းအနားကျင်းပရေးနှင့် အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီတို့၏ ဥက္ကဋ္ဌ သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က လည်းကောင်း၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၊ လှူဖွယ်ပစ္စည်းများပြင်ဆင်ရေးနှင့် ဆက်ကပ်ရေးဆပ်ကော်မတီတို့၏ ဥက္ကဋ္ဌ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က လည်းကောင်း၊ ဧည့်ခံဖျော်ဖြေရေးဆပ်ကော်မတီ၊ သတင်းမှတ်တမ်း ထုတ်ပြန်ရေး ဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း စိမ်းလန်းစိုပြည်ရေးနှင့် သာသနာရေးဆိုင်ရာ အခင်းအကျင်းပြင်ဆင်ရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများကလည်းကောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေးအတွက် ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ အသီးသီး ဆွေးနွေးတင်ပြကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်တို့က ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

တင်ပြဆွေးနွေးချက်များအပေါ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးပြီး Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ အခမ်းအနားကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

## ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်ဆိုင်ရာ ရည်ညွှန်းစာစောင်များ လွှဲပြောင်းပေးအပ်

**တောင်ကြီး ဇူလိုင် ၁၃**

ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်ဆိုင်ရာ ရည်ညွှန်းစာစောင်များနှင့် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်ရည်ညွှန်းစာစောင်များကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များ၊ တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားသူကြီးများ၊ ရှမ်းပြည်နယ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများမှ ဦးစီးအဖွဲ့ဝင်များ ဖတ်ရှုလေ့လာနိုင်ရန်နှင့် စာကြည့်တိုက်များတွင်ထားရှိလေ့လာနိုင်ရန်အတွက် လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်တရားသူကြီးချုပ် ဦးကြွယ်ကြွယ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ရှမ်းပြည်နယ် ပအိုဝ်းနှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က ကော်မရှင်အနေဖြင့် ၂၀၁၉ ခုနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ် (၇)ခုတို့၌ အုပ်ချုပ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ ဖြောင့်မတ်တည်ကြည်မှုရှိရေး အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ ဖြောင့်မတ်တည်ကြည်မှု လူငယ်စခန်း (၂)ခု ဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ယခု ၂၀၂၀ ပြည့်နှစ် ကိုဗစ်-၁၉ ကာလအတွင်း၌ အလုပ်ရုံဆွေးနွေးပွဲများ မဆောင်ရွက်နိုင်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ဖြောင့်မတ်တည်ကြည်မှုစာစောင်များကို ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးသို့ ဖြန့်ဝေပေးလျက်ရှိပါကြောင်း။

၂၀ ရာစုသည် ဒီမိုကရေစီဝါဒ၊ ဖက်ဆစ်ဝါဒ၊ ကွန်မြူနစ်ဝါဒတို့၏ ဝါဒသဘောတရားရေး အားပြိုင်ခဲ့သော ကာလဖြစ်ပြီး ၂၁ ရာစုတွင်မူ ဒီမိုကရေစီဝါဒအပေါ် အများစု လက်ခံယုံကြည်လာကြပြီးဖြစ်၍ “လုပ်ပိုင်ခွင့်ရှိသူများက အများပြည်သူအကျိုးကို ပုဂ္ဂလိကအကျိုး၊ အဖွဲ့အစည်းအကျိုးထက် မည်မျှအထိကျယ်ပြန့်စွာ ဦးစားပေးဆောင်ရွက်နိုင်သနည်း”ဆိုသည့် အချက်အပေါ် အပြိုင်အဆိုင်လုပ်ပြနေရသည့် ကာလဖြစ်ကြောင်းကို ဖူကူယားမားကဲ့သို့သော ထင်ရှားသည့် ကမ္ဘာ့နိုင်ငံရေးသိပ္ပံပညာရှင်များက အခိုင်အမာပြောဆိုလျက်ရှိကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများအနေဖြင့် မှန်ကန်သောယုံကြည်မှု၊ မှန်ကန်သော တန်ဖိုးထားမှုများဖြင့် ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်များကို လေးစားလိုက်နာလျက် အများပြည်သူအကျိုးစီးပွားအတွက် မိမိတို့နှင့် သက်ဆိုင်ရာနယ်မြေ အလုပ်ဌာနများ၌ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကိစ္စများကို ရဲရင့်တည်ကြည်စွာ ပြောဆိုလုပ်ကိုင်သွားနိုင်ရန်အတွက် ဤရည်ညွှန်းစာစောင်များ လွှဲပြောင်းပေးအပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပါမောက္ခဆရာကြီး ဒေါက်တာ အောင်ထွန်းသက် ရှင်းလင်းဖော်ပြထားသော “အဂတိလိုက်စားမှုနှင့်အတူ ယုံကြည်မှုများ ယိုယွင်းပျက်စီးလာခြင်း Video Clip”အား ပြသသည်။

ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌက ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်တရားသူကြီးချုပ် ဦးကြွယ်ကြွယ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်၊ ပအိုဝ်းနှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များထံသို့ ရည်ညွှန်းစာစောင် (၁၉၉)စုံ တို့ကို လွှဲပြောင်းပေးအပ်သည်။ **(ဝဲပုံ)**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလ၌ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိရာ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုတို့ဖြင့် နိုင်ငံတော်ဘဏ္ဍာငွေများ မဆုံးရှုံးစေရေး၊ အဂတိကင်းစင်သော လူ့အဖွဲ့အစည်းဖြစ်စေရေးတို့ကို နိုင်ငံတော်အစိုးရက နိုင်ငံ့ဝန်ထမ်းများ၊ လုပ်သားပြည်သူများနှင့်အတူ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတော် သမ္မတကြီးကလည်း ၂၀၁၈ ခုနှစ် မတ် ၃၀ ရက်နေ့တွင် “အဂတိလိုက်စားမှုများကို ပိုမိုတိုက်ဖျက်ရန်နှင့် အရေးယူဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ ပြတ်သားစွာဆောင်ရွက်ရန်” မှာကြားခဲ့ပါကြောင်း၊ ထို့ကြောင့် “အဂတိလိုက်စားမှု ဆန့်ကျင်ဖို့၊ ညီညွတ်ကြပါစို့” ဆိုသည့် ကုလသမဂ္ဂ၏ ဆောင်ပုဒ်အတိုင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနှင့်လည်း အဂတိလိုက်စားမှု လျော့နည်းပပျောက်စေရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ရည်ညွှန်းစာစောင်များအား ဖြန့်ဝေပေးခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

● *ကျောဖုံးမှ*

လုပ်ငန်းတာဝန်များကို အချိန်မီဖြင့် အောင်မြင်စွာပြီးမြောက်နိုင်ရေး အားလုံးက ဝိုင်းဝန်းပူးပေါင်းပါဝင်ရန် လိုအပ်ပါကြောင်း။

(၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသည် COVID – 19 ကူးစက်ရောဂါ ဖြစ်ပွားနေသည့်အချိန်တွင် ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် ပြည်ထောင်စု အစိုးရအဖွဲ့အပါအဝင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းပြီး လွှတ်တော်ကိုယ်စားလှယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှုခံယူနိုင်ရေး၊ သွားလာနေထိုင်စားသောက်ရေးတို့ကို ရောဂါကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ တတ်စွမ်းသမျှ ဆောင်ရွက်ထားရှိပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ တစ်ဦးချင်းအနေဖြင့်သိရှိပြီး ပူးပေါင်းဆောင်ရွက်ပေးစေလိုသည့် အကြောင်းအရာများကိုလည်း ပန်ကြားစာဖြင့် ကြိုတင်ဖြန့်ဝေအသိပေးထားပြီး ဖြစ်ပါကြောင်း။

တတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် အထွေထွေရွေးကောက်ပွဲကျင်းပရေးဆိုင်ရာ ထုတ်ပြန်ချက်များကို အားလုံးသိရှိပြီး ဖြစ်ပါကြောင်း၊ ထုတ်ပြန်ချက်များအရ တတိယသက်တမ်းအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းခြင်းနှင့် စိစစ်ခြင်းဆောင်ရွက်မည့်ရက်ကာလများသည် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပမည့်ကာလအတွင်း ပါဝင်နေပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းရန် သတ်မှတ်ကာလတွင် လွှတ်တော်အစည်းအဝေးများ ဆက်လက်ကျင်းပနေမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်း စိစစ်မည့်ကာလအတွက် ၂၀၂၀ပြည့်နှစ် ဩဂုတ် ၈ ရက်မှ ၁၈ ရက်အထိ ကာလကို လွှတ်တော်အစည်းအဝေးများ ခေတ္တရပ်နားပေးထားရန် လျာထားပါကြောင်း၊ တတိယသက်တမ်းအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ကြမည့် ပုဂ္ဂိုလ်များအနေဖြင့် လိုအပ်သည်များကို ပြင်ဆင်ထားနိုင်ရန်နှင့် လွှတ်တော်ကိုယ်စားလှယ်အားလုံးလည်း သိရှိနိုင်ရန် ကြိုတင်ပြောကြားထားခြင်း ဖြစ်ပါကြောင်း။

ဒုတိယအကြိမ် လွှတ်တော်များ၏ ကျန်ရှိသည့် သက်တမ်းကာလအတွင်း နိုင်ငံတော်နှင့် ပြည်သူများအကျိုးစီးပွားအတွက် လုပ်ငန်းတာဝန်များ ဆက်လက်ထမ်းဆောင်ကြရာတွင် ကိုယ်စားလှယ်များ၏ အမြော်အမြင်ရှိမှုနှင့် ကြိုးစားအားထုတ်မှုများကို မှတ်ကျောက်တင်ခံနိုင်ကြပါစေ၊ ပိုမိုကောင်းမွန်သည့် အနာဂတ်အတွက် နမူနာကောင်းများ လက်ဆင့်ကမ်းပေးနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းရင်း ကြိုဆိုနှုတ်ခွန်းဆက်သလိုက်ပါကြောင်း ပြောကြားသည်။

## ဖားကန့်မြို့နယ် လူသေဆုံး၊ ပျောက်ဆုံး ထိခိုက်ဒဏ်ရာ ရသူများအတွက် တစ်မိနစ်ခန့်မတ်တတ်ရပ်ငြိမ်သက်မေတ္တာပို့

ထို့နောက် ကချင်ပြည်နယ် ဖားကန့်မဲဆန္ဒနယ်မှ ဦးတင်စိုးက၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂ ရက်က ဖြစ်ပွားခဲ့သည့် ဖားကန့်မြို့နယ် ဆိတ်မူကျေးရွာအုပ်စု ဝေခါကျေးရွာ တောင်ကမ်းပါးယံပြိုကျမှုဖြစ်စဉ်တွင် လူသေဆုံး၊ ပျောက်ဆုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိသူများအတွက် ဝမ်းနည်းကြောင်းအဆိုကို တင်သွင်း၍ ကချင်ပြည်နယ် မိုးကောင်းမဲဆန္ဒနယ်မှ ဦးဝင်းနိုင်က ယင်းအဆိုကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးပါရန် ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်ကသဘောတူသဖြင့် ယင်းအဆိုကို အတည်ပြုကြောင်း ကြေညာသည်။

ယင်းဖြစ်စဉ်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအားလုံးသည် တစ်မိနစ်ခန့် မတ်တတ်ရပ်၍ ငြိမ်သက်ပြီး မေတ္တာပို့သကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၏ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၁/၂၀၂၀) ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဆိုင်ရာ အမိန့်နှင့် စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၂ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၃၂ တို့တွင် နိုင်ငံတော်သမ္မတသို့ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်နှင့်အညီ အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်ပြုခြင်းနှင့် စပ်လျဉ်းသည့် ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်ကို ထုတ်ပြန်ခြင်း၊ ယင်းအမိန့်ကို ရက်ပေါင်း ၆၀ အတွင်း ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်မှသာ ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်ကို ဆောလျင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မည်ဖြစ်၍ ယင်းအမိန့်ကိုထုတ်ပြန်ရခြင်း ဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတရုံး၏ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ် ၁/၂၀၂၀ “ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဆိုင်ရာအမိန့်” အရ ပေးအပ်ထားသည့် အခွန်သက်သာခွင့်များတွင် ၂၀၁၉-၂၀၂၀ ဝင်ငွေနှစ်အတွင်း ထပ်တိုးပေးချေရသည့် လုပ်ခ၊ လစာ စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းကို ပြန်အမ်းငွေရပိုင်ခွင့်မရှိသည့် အခွန်ခုနှိမ်ခွင့်အဖြစ် ခံစားခွင့်၊ ၂၀၁၉ - ၂၀၂၀ ဝင်ငွေနှစ်အတွင်း ထပ်တိုးပေးချေခဲ့ရသည့် လုပ်ခ၊ လစာစုစုပေါင်းပေးချေမှု၏ ၁၂၅ ရာခိုင်နှုန်းနှင့်ညီမျှသည့် ပမာဏကို အသုံးစရိတ်အဖြစ် ဝင်ငွေမှနုတ်ပယ်ခွင့်၊ ၂၀၁၉ - ၂၀၂၀ ဝင်ငွေနှစ်အတွင်း သတ်မှတ်မတည်အပိုင်ပစ္စည်းများ၊ ထပ်တိုးရင်းနှီးမြှုပ်နှံမှုအတွက် တိုးချဲ့သုံးစွဲခဲ့သည့် မတည်ပစ္စည်းတန်ဖိုး စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းကို ပြန်အမ်းငွေရပိုင်ခွင့် မရှိသည့် အခွန်ခုနှိမ်ခွင့်အဖြစ် ခံစားခွင့်၊ ၂၀၁၉-၂၀၂၀ ဝင်ငွေနှစ်အတွက်ရရှိမည့် ထပ်တိုးသတ်မှတ် မတည်အပိုင်ပစ္စည်း တန်ဖိုးလျော့စရိတ်၏ ၁၂၅ ရာခိုင်နှုန်းနှင့်ညီမျှသော ပမာဏကို တစ်ကြိမ်တည်း တိုးမြှင့်ခံစားခွင့်တို့ဖြစ်ပါကြောင်း။



ကချင်ပြည်နယ် ဖားကန့် မဲဆန္ဒနယ်မှ ဦးတင်စိုး



ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း

အဆိုပါ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေဆိုင်ရာအမိန့်ဖြင့် ခံစားခွင့်ပြုလိုက်သည့် အခွန်ဆိုင်ရာသက်သာခွင့်များနှင့်စပ်လျဉ်း၍ ကျင့်သုံးရမည့် လုပ်ထုံးလုပ်နည်းများကိုလည်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ COVID-19 Economic Relief Plan အရ COVID-19 ကြောင့် ပုဂ္ဂလိကကဏ္ဍအပေါ် သက်ရောက်မှုများလျော့နည်းစေရန် အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်ပြုခြင်းနှင့်စပ်လျဉ်းသည့် နိုင်ငံတော်သမ္မတရုံး၏ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် ၁/၂၀၂၀ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဆိုင်ရာအမိန့်အပေါ် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်နာယကက ယင်းအမိန့်နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁၆ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ဆွေးနွေးရန် လျာထားပါကြောင်း ကြေညာသည်။

## COVID-19 ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်မှု သက်သာရေး စီမံချက်နှင့်စပ်လျဉ်း၍ ရှင်းလင်း

ထို့နောက် COVID-19 ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (COVID-19 Economic Relief Plan – CERP) နှင့်စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က မြန်မာနိုင်ငံအနေဖြင့် COVID-19 ၏ ထိခိုက်မှုဒဏ်သက်သာစေရန်အတွက် COVID-19 စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (COVID-19 Economic Relief Plan- CERP) ကို အချိန်မီထုတ်ပြန်ခဲ့ပါကြောင်း။

CERP တွင်ပါသည့် လုပ်ငန်းစီမံချက်များသည် ရေတိုလုပ်ငန်းစီမံချက်များဖြစ်ပြီး တစ်ခုချင်းသည် အသေးစိတ်လုပ်ငန်းစဉ်များ ဖြစ်ပါကြောင်း၊ CERP တွင်ပါသည့် လုပ်ငန်းစီမံချက်တစ်ခုချင်းသည် အသေးစိတ်လုပ်ငန်းစဉ်များဖြစ်သည့်အတွက် အကောင်အထည်ဖော်ရန် ရှင်းလင်းပြတ်သားသည့် လမ်းညွှန်ချက်များဖြစ်ပါကြောင်း၊ ထူးခြားသည့်အချက်သည် လုပ်ငန်းစဉ်တစ်ခုချင်းစီအတွက် တာဝန်ခံဝန်ကြီးဌာနများကို ဖော်ပြထားပြီး စောင့်ကြည့်စစ်ဆေးမှုအခန်းကဏ္ဍတွင်လည်း အနည်းဆုံးဆောင်ရွက်ရန် အချိန်ဇယားများကိုလည်း ဖော်ပြထားပါကြောင်း။

ထို့ပြင် ၎င်းလုပ်ငန်းစီမံချက်များသည် ကျယ်ပြန့်သည့် မေခရိုစီးပွားရေးကဏ္ဍတစ်ခုတည်းကို ဦးတည်ခြင်းမဟုတ်ဘဲ ပိုမိုအသေးစိတ်ကျသည့် ပုဂ္ဂလိကလုပ်ငန်းများ၊ အိမ်ထောင်စုများ၊ အလုပ်သမား၊ တောင်သူ စသည့်အသေးစိတ်အုပ်စုများကို တိုက်ရိုက်အကျိုးရှိစေရန် ဦးတည်ထားပါကြောင်း၊ ထို့အတူ GDP ၏ အစိတ်အပိုင်းများဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုတိုးတက်ရန်၊ အိမ်ထောင်စု စားသုံးမှုများ ပိုမိုမြင့်တက်စေရန်၊ ထိရောက်သည့် နေရာများတွင် နိုင်ငံတော် အသုံးစရိတ် တိုးမြှင့်သုံးစွဲနိုင်ရန် စသည့်အချက်များကိုလည်း ဦးတည်ထားပါကြောင်း။

CERP လုပ်ငန်းစဉ်များတွင် သုံးစွဲရန်ငွေကြေးပမာဏသတ်မှတ်ပါရှိသည့် လုပ်ငန်းစဉ် ၃ ခုခန့်သာရှိပြီး ကျန်ရှိသောလုပ်ငန်းစဉ်အားလုံးသည် ငွေကြေးပမာဏ အတိအကျသတ်မှတ်ထားမှုမရှိဘဲ ငွေကြေးပမာဏရနိုင်သလောက်နှင့် အဆင့်ဆင့်ဆောင်ရွက်နိုင်မည့် လုပ်ငန်းများဖြစ်ပါကြောင်း၊ CERP တွင် ပါရှိသည့် လုပ်ငန်းစဉ်များတွင် ငွေကြေးသုံးစွဲရမည့် လုပ်ငန်းစဉ်များအပြင် နိုင်ငံတော်ဝင်ငွေလျော့ကျမည့် လုပ်ငန်းစဉ်များဖြစ်သော အခွန်အခများ လျှော့ချခြင်း၊ လျှော်ပေးခြင်း၊ ရွှေ့ဆိုင်းခြင်း စသည့်လုပ်ငန်းစဉ်များလည်းပါရှိပါကြောင်း။

CERP လုပ်ငန်းစီမံချက်များသည် COVID-19 ကာလအတွင်းရှိ စီးပွားရေးထိခိုက်မှုကို သက်သာစေရန် ရေတိုလုပ်ငန်းစီမံချက်များဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏ ရေရှည်စီမံချက်ဖြစ်သော ရေရှည်တည်တံ့ခိုင်မြဲပြီးဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) နှင့် ချိတ်ဆက်ရန် လိုပါကြောင်း၊ သို့ဖြစ်ပါ၍ CERP နှင့် MSDP တို့၏ ချိတ်ဆက်မှု ပိုမိုအားကောင်းစေရန် လိုအပ်လျှင် စီးပွားရေးနာလန်ထူရေးစီမံချက် (Economic Recovery Plan)ကို ရေးဆွဲချိတ်ဆက်ရန် စီစဉ်ထားပါကြောင်း ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်နာယက က ယင်းစီမံချက်နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁၇ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ဆွေးနွေးရန်လျာထားပါကြောင်း ကြေညာသည်။

ယင်းနောက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ(မူကြမ်း) တွင် အခန်း (၃)ခန်း၊ ပုဒ်မ (၁၄) ခု၊ ပူးတွဲဇယား (၇)ခု ပါဝင်ပါကြောင်း၊ အခန်း(၁)သည် အမည်၊ စတင်အာဏာ တည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်များဖြစ်ပါကြောင်း၊ အခန်း(၂)တွင် စီမံကိန်းရည်မှန်းချက်များကို ဖော်ပြထားပါကြောင်း၊ အခန်း(၃) အထွေထွေဖော်ပြချက်တွင် စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိပေါင်းစပ်ဖွဲ့စည်းအကောင်အထည်ဖော်ရန်၊ အကောင်အထည်ဖော်ရန် လိုအပ်သည့် လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို ကဏ္ဍအလိုက်၊ ဒေသအလိုက် အသေးစိတ်ရေးဆွဲ ဆောင်ရွက်နိုင်ရန် ဖော်ပြထားပါကြောင်း။

ထို့ပြင် စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့ အစည်းများအနေဖြင့် စီမံကိန်းများကို လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများကို ဆက်လက် အကောင်အထည်ဖော်ရန်နှင့် အကျိုးစီးပွားဖြစ်ထွန်းမှု မရှိသည့် စီမံကိန်းများကို ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းများ ဆောင်ရွက်ရန် ဖော်ပြထားပါကြောင်း။

ပူးတွဲဇယား (၇)ခုဖြင့် ကဏ္ဍကြီးများ၊ ကဏ္ဍအလိုက်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်များကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ပုံမှန်ဈေးနှုန်းနှင့် နှစ်အလိုက်ဈေးနှုန်းများအရ ခွဲခြားပြီး ပိုင်ဆိုင်မှုအခန်းအလိုက် ရင်းနှီးမြှုပ်နှံမှု လျာထားချက်များကို ထည့်သွင်းဖော်ပြထားပါကြောင်း။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ(မူကြမ်း)နှင့်အတူ နောက်ဆက်တွဲ (၄)ခုပါရှိပါကြောင်း၊ နောက်ဆက်တွဲ(၁)တွင် ဗဟိုအဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၏ လုပ်ငန်းစဉ်များကို မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း မဟာဗျူဟာ၊ လုပ်ငန်းစဉ်များနှင့် ချိတ်ဆက်ပြီးတင်ပြထားပါကြောင်း။

နောက်ဆက်တွဲ(၂)တွင် နိုင်ငံပိုင်အခန်းကဏ္ဍကဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများ နှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်များတွင် ဗျူဟာမြောက်စီမံကိန်းများကို ထည့်သွင်းထားပါကြောင်း၊ နောက်ဆက်တွဲ (၃)တွင် ကဏ္ဍအလိုက် ရည်မှန်းချက်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရည်မှန်းချက်များ ပါရှိပါကြောင်း၊ နောက်ဆက်တွဲ (၄)တွင် ပြည်ထောင်စုဝန်ကြီးဌာနများက အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများဖြစ်ပါကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ(မူကြမ်း)ကို ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးအတည်ပြုပေးနိုင်ပါရန် တင်သွင်းပါကြောင်း ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်နာယကက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေ၊ နည်းဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

## လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော အမျိုးသားစာကြည့်တိုက် ဥပဒေကြမ်းကော်မတီ၏ သဘောထားမှတ်ချက်အားဖတ်ကြား

ထို့နောက် ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ညဏစိုးက လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော အမျိုးသားစာကြည့်တိုက် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ဖတ်ကြားတင်ပြရာ ပြည်ထောင်စုလွှတ်တော်နာယက က ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်များနှင့် တိုက်ရိုက်သက်ဆိုင်သည့် ပြင်ဆင်ချက်အဆိုတင်သွင်း ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်းကြေညာသည်။

ထို့နောက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းတွင် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ငွေကျပ် ၁၁၉ ဒသမ ၀၂၃ ထရီလီယံနှင့် ၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ရာ ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လ)တွင် ငွေကျပ် ၇၄ ဒသမ ၅၀၃ ထရီလီယံရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၆၂ ဒသမ ၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါကြောင်း၊ ပထမ (၆)လပတ်တွင် ပုံမှန်ဈေးနှုန်းအရ ၆ ရာခိုင်နှုန်းတိုးတက်မှုရရှိခဲ့သော်လည်း ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းမှစတင်၍ ကြုံတွေ့ခဲ့ရသည့် ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (COVID- 19) ကြောင့် ကမ္ဘာတစ်ဝန်း ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးတို့အပေါ် ထိခိုက်မှုများဖြစ်ပေါ်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ရှောင်လွှဲ၍မရနိုင်ဘဲ ရောဂါမပြန့်ပွားရေးနှင့် ရောဂါကြောင့် လူမှုရေး၊ စီးပွားရေး၊ ထိခိုက်များကို အသက်သာဆုံးဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ရပါကြောင်း၊ သို့ဖြစ်ရာ ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်ကုန်တွင် စီးပွားရေးတိုးတက်မှုနှုန်း ၄ ဒသမ ၃ ရာခိုင်နှုန်းသာ ရရှိနိုင်မည်ဟု ခန့်မှန်းထားပါကြောင်း။

၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် တစ်မျိုးသားလုံး၏ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)ကို နှစ်အလိုက်ဈေးနှုန်းအရ ငွေကျပ် ၁၂၅ ဒသမ ၈၀၃ ထရီလီယံရရှိရန် ခန့်မှန်းထားပြီး ဂျီဒီပီတိုးတက်မှုနှုန်းကို ၆ ရာခိုင်နှုန်းရရှိနိုင်မည်ဟု မျှော်မှန်းထားပါကြောင်း၊ ကဏ္ဍအလိုက် ရည်မှန်းချက်အနေဖြင့် လယ်ယာကဏ္ဍကြီးတွင် ၂ ဒသမ ၆ ရခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးတွင် ၆ ဒသမ ၅ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၇ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်ဖြစ်ပေါ်ရန် ရည်မှန်းထားပါကြောင်း။

*စာမျက်နှာ ၇ သို့*

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၃**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကတိသစ္စာမပြုရသေးသည့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးအေးရွှေက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ရှေ့မှောက်၌ ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ယခုအစည်းအဝေးကာလအတွင်းတွင် ၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာရေးနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်း စသည့် ဥပဒေကြမ်းတို့ကို ကန့်သတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရမည့် တာဝန်များလည်း ရှိနေပါကြောင်း၊ ပြည်သူ့လွှတ်တော်တွင် ဆောင်ရွက်ရန်ရှိသည့် ဥပဒေကြမ်းများ၊ အဆိုနှင့် မေးခွန်းများကို ယခင်ပုံမှန်အစည်းအဝေးများအတိုင်း မျှမျှတတထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

## ကိုယ်စားလှယ်များအနေဖြင့် ပေါ့ဆမှုမရှိဘဲ ကပ်ရောဂါကာကွယ်ရေးနည်းလမ်းများအတိုင်း လိုက်နာဆောင်ရွက်သွားကြရန်နှင့် ယခု အစည်းအဝေးကာလကို အောင်မြင်စွာ ကျင်းပနိုင်ရေး ပူးပေါင်းဆောင်ရွက်

ယနေ့အချိန်အထိ မိမိတို့နိုင်ငံအနေဖြင့် COVID-19 ကပ်ရောဂါကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်ထားနိုင်ဆဲကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊



ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသက်ထွန်း

သို့သော်လည်း ကိုယ်စားလှယ်များအနေဖြင့် ပေါ့ဆမှုမရှိဘဲ ကပ်ရောဂါကာကွယ်ရေးနည်းလမ်းများအတိုင်း လိုက်နာဆောင်ရွက်သွားကြရန်နှင့် ယခု အစည်းအဝေးကာလကို အောင်မြင်စွာကျင်းပနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပါကြောင်း ပြောကြားသည်။

## ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၉ တွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူတစ်ဦးသည် တစ်သီးပုဂ္ဂလအဖြစ်ဖြင့်ဖြစ်စေ၊ နိုင်ငံရေးပါတီတစ်ခုခုကို ကိုယ်စားပြု၍ဖြစ်စေ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထား

ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်၏ နိုင်ငံရေးပါတီတစ်ခုခုကို ကိုယ်စားပြုသည့် ပါတီဝင်တစ်ဦးသည် သက်ဆိုင်ရာပါတီ၏ စည်းမျဉ်းများနှင့်အညီ ပါတီဝင်ဖြစ်ခြင်း၊ နုတ်ထွက်ခြင်း၊ ထုတ်ပယ်ခြင်း၊ ပါတီဝင်အဖြစ်မှ ရပ်စဲခြင်းတို့ကို လိုက်နာရသည်ကို သိရှိပါသလား၊ ပါတီတစ်ခုခုကို ကိုယ်စားပြုသည့် ပါတီဝင်တစ်ဦးသည် အခြားပါတီဝင်အဖြစ်ဖြင့် ကိုယ်စားပြုပြီး ရွေးကောက်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်လျှင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၁ ပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်သည် မဟုတ်ပါလားဆိုသည်ကို သိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသက်ထွန်းက ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၉ တွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူ တစ်ဦးသည် တစ်သီးပုဂ္ဂလအဖြစ်ဖြင့်ဖြစ်စေ၊ နိုင်ငံရေးပါတီတစ်ခုခုကို ကိုယ်စားပြု၍ဖြစ်စေ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၁ ပါ ပြဋ္ဌာန်းချက်အရ ပုဂ္ဂိုလ်တစ်ဦးသည် တစ်ချိန်တည်းတွင် ပါတီတစ်ခု၌သာ ပါဝင်ဆောင်ရွက်ခွင့်ရှိသည့်အတွက် ပါတီတစ်ခုမှ နုတ်ထွက်ခွင့်မရရှိသော ပုဂ္ဂိုလ်တစ်ဦးသည် အခြားနိုင်ငံရေးပါတီတစ်ခုကို ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်မည်ဆိုပါက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၁ ပါ ပြဋ္ဌာန်းချက်နှင့် ငြိစွန်းပါကြောင်း၊ သို့ရာတွင် ယင်းသို့ ပါတီမှနုတ်ထွက်ခွင့်မရသည့် အခြေအနေတွင် ၎င်း၏ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် တစ်သီးပုဂ္ဂလအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ပါက နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၁ ပါ ပြဋ္ဌာန်းချက်နှင့်ဆန့်ကျင်သည်ဟု ဆိုနိုင်မည်မဟုတ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်

ကန်ပက်လက် မဲဆန္ဒနယ်မှ ဦးညွန့်ဝင်း၏ အထွေထွေရွေးကောက်ပွဲကျင်းပသည့်နေ့ရက်တွင် တစ်နိုင်ငံလုံးမှ မဲရုံအသီးသီးရှိ မဲရလဒ်များအား ရွေးကောက်ပွဲ နေ့ရက်၏ ညနေ ၄ နာရီမတိုင်မီ ဖွင့်ဖောက်ရေတွက်ခြင်းမပြုလုပ်ရန်နှင့် မဲရလဒ်များ ပေါက်ကြားခြင်းမရှိစေရန် ညွှန်ကြားချက်၊ စည်းကမ်းချက်များ ထုတ်ပြန်ကြေညာပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသက်ထွန်းက သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၂ (က) တွင် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံများကို နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ထားရမည်ဖြစ်ပါကြောင်း၊ သို့ရာတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးပြီးပါက မဲရုံများကို ညနေ ၄ နာရီထက်စော၍ ပိတ်နိုင်သည်ဟူ၍ လည်းကောင်း၊ ယင်းဥပဒေ ပုဒ်မ ၄၂(ခ) တွင် မဲရုံများကို ညနေ ၄ နာရီတိတိအချိန်တွင် ပိတ်သည့်အခါ မဲရုံမပိတ်မီ ထိုမဲရုံပရိဝုဏ်အတွင်း၌ ဆန္ဒမဲပေးရန်ရောက်ရှိနေသူများအနက် ဆန္ဒမဲမပေးရသေးသူများရှိပါက ယင်းတို့ကို စာရင်းကောက်ယူ၍ ထိုစာရင်းတွင် ပါသူများကိုသာလျှင် ဆန္ဒမဲပေးချိန်ကျော်လွန်ပြီး ဖြစ်စေကာမူ ဆန္ဒမဲပေးခွင့်ပြုရမည်ဟူ၍လည်းကောင်း၊ ယင်းဥပဒေပုဒ်မ ၄၈(ခ) တွင် သက်ဆိုင်ရာမဲရုံအလိုက် ဆန္ဒမဲပေးခြင်းပြီးပြတ်လျှင် ပြီးပြတ်ချင်း မဲရုံမှူးကိုယ်တိုင်ဖြစ်စေ၊ ယင်းက တာဝန်ပေးအပ်သော မဲရုံအဖွဲ့ဝင်ကဖြစ်စေ မဲရုံတွင်ပင် မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အများပြည်သူတို့၏ ရှေ့မှောက်၌ ဆန္ဒမဲလက်မှတ်များကို ရေတွက်ရမည်ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားပါကြောင်း။

## ရွေးကောက်ပွဲကာလနီးကပ်ချိန်တွင် လိုအပ်သော ညွှန်ကြားချက်များကို ဥပဒေနှင့်အညီ ထုတ်ပြန်သွားမည်ဖြစ်

ထို့ကြောင့် ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ အထက်ဖော်ပြပါ ပြဋ္ဌာန်းဥပဒေများအရ ထုတ်ပြန်ကြေညာပေးရန် အစီအစဉ်မရှိပါကြောင်းနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် မဲရုံအဖွဲ့များ ကို သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်နိုင်စေရေးအတွက် သင်တန်းများဖွင့်လှစ်ပို့ချခြင်း၊ ရွေးကောက်ပွဲကာလ နီးကပ်ချိန်တွင် လိုအပ်သော ညွှန်ကြားချက်များကို ဥပဒေနှင့်အညီ ထုတ်ပြန်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

မိုးမိတ် မဲဆန္ဒနယ်မှ ဦးတိုးသောင်၏ မိုးမိတ်မြို့နယ်တွင် MPT ဖုန်းလိုင်းများ ကောင်းမွန်စွာ ဆက်သွယ်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦးက ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နယ်အတွင်းရှိ မိုဘိုင်းဆက်သွယ်ရေးစခန်းများ၏ အဝေးဆက်သွယ်မှုစနစ်အတွက် လက်ရှိအသုံးပြုနေသော မိုးကုတ်-မိုးမိတ် မိုက္ကရို ဆက်ကြောင်းသည် နည်းပညာပိုင်းဆိုင်ရာအရ အများဆုံးရရှိနိုင်သည့် Bandwidth Capacity ကို အပြည့်အသုံးပြုထားပြီးဖြစ်ပါကြောင်း၊ ယင်း Capacity အသုံးပြုပြီး မိုဘိုင်းစခန်းပေါင်း ၂၀ ကို ဆက်သွယ်ချိတ်ဆက်ထားရသည့်အတွက် မိုဘိုင်းတယ်လီဖုန်း သုံးစွဲသူများအနေဖြင့် အဆင်မပြေမှုများ ကြုံတွေ့နေရခြင်းဖြစ်ပါကြောင်း။

သို့ပါ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် မိုးမိတ်မြို့နယ်အတွင်း ဆက်သွယ်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ပြောဆိုဆက်သွယ်နိုင်စေရန် မိုဘိုင်းစခန်းများ၏ အဝေးဆက်သွယ်မှုစနစ်အတွက် လက်ရှိချိတ်ဆက်အသုံးပြုနေသည့် မိုက္ကရိုဝေ့ဗ်ဆက်ကြောင်းအစား ဖိုင်ဘာဆက်ကြောင်းဖြင့် ပြောင်းလဲချိတ်ဆက် အသုံးပြုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ၂၀၂၁ ခုနှစ် မတ်လကုန်ခန့်တွင် ပြီးစီးနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ရမ်းဗြဲ မဲဆန္ဒနယ်မှ ဦးကျော်ရွှေ၏ ရမ်းဗြဲမြို့နယ်၊ ကန်တော့ပြင်ကျေးရွာနှင့် သာစည်ပြင်ကျေးရွာကြားရှိ တန့်လန်းတောင်ပေါ်တွင် ဆက်သွယ်ရေးတာဝါတိုင်တစ်ခု တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသာဦးက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ကန်တော့ပြင်ကျေးရွာအနီး ၁ ဒသမ ၂၄ မိုင်ခန့်အကွာရှိ ကုန်ဘောင်ကျေးရွာတွင် GSM စခန်းတစ်ခုကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ဆက်သွယ်ရေးအော်ပရေတာများအနေဖြင့် တန့်လန်းတောင်ပေါ်တွင် ဆက်သွယ်ရေးတာဝါတိုင်တစ်ခု တည်ဆောက်ပေးနိုင်ရန်မှာ ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်နှင့် ပြန်လည်ရရှိနိုင်မည့် ဝင်ငွေအခြေအနေအရ ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း။

သို့ရာတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းရှိ အခြေခံဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျနေသည့် နယ်မြေဒေသများ၌ အခြေခံဆက်သွယ်ရေးအဆောက်အအုံများ တိုးချဲ့တည်ဆောက်နိုင်ရန်နှင့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုကျယ်ပြန့်ကောင်းမွန်စေနိုင်မည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရန်အတွက် ဆက်သွယ်ရေးအော်ပရေတာများက အချိုးကျထည့်ဝင်ထားသည့် အခြေခံဆက်သွယ်ရေးလိုအပ်ချက်ဖြည့်ဆည်းခြင်းဆိုင်ရာ ရန်ပုံငွေ၏ သတ်မှတ်စည်းမျဉ်းစည်းကမ်းများအရ ဘဏ္ဍာရေးနှစ်အလိုက် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ပေါက်တော မဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ၏ ပေါက်တောမြို့နယ်၊ ပင်လယ်ကမ်းစပ်ဒေသအချို့တွင် တယ်လီဖုန်းဆက်သွယ်ရေး ကောင်းမွန်လာအောင် မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသာဦးက ဆက်သွယ်ရေးအော်ပရေတာများအနေဖြင့် လွှတ်တော်



ဒုတိယဝန်ကြီး ဦးသာဦး



မိုးမိတ် မဲဆန္ဒနယ်မှ ဦးတိုးသောင်

ကိုယ်စားလှယ်၏ မေးမြန်းချက်ပါ ပေါက်တောမြို့နယ်အတွင်း ပင်လယ်ကမ်းစပ်ရှိ ကျေးရွာအုပ်စု (၆)အုပ်စုတို့အနက်မှ ကျောက်စုကျေးရွာအုပ်စု၊ မြောက်ပြင်ကျေးရွာအုပ်စုနှင့် ပြိုင်းတောင်ကျေးရွာအုပ်စုတို့တွင် GSM စခန်းများကို တည်ဆောက်ထားပြီးဖြစ်သော်လည်း ဗျိုင်းသစ်ကျေးရွာအုပ်စု၊ ဖားဒူကျေးရွာအုပ်စုနှင့် ဂြင်းချောင်းကျေးရွာအုပ်စု အစရှိသည့် ကျေးရွာအုပ်စု (၃)အုပ်စုတို့တွင် မိုဘိုင်းဆက်သွယ်ရေးစခန်းများ တည်ဆောက်ပေးရန် လောလောဆယ် အစီအစဉ်မရှိသေးသည်ကို သိရှိရပါကြောင်း။

သို့ရာတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းရှိ အခြေခံဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျနေသည့် နယ်မြေဒေသများ၌ အခြေခံဆက်သွယ်ရေးအဆောက်အအုံများ တိုးချဲ့တည်ဆောက်နိုင်ရန်နှင့် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုကျယ်ပြန့်ကောင်းမွန်စေနိုင်မည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရန်အတွက် ဆက်သွယ်ရေးအော်ပရေတာများက အချိုးကျထည့်ဝင်ထားသည့် အခြေခံဆက်သွယ်ရေးလိုအပ်ချက်ဖြည့်ဆည်းခြင်းဆိုင်ရာ ရန်ပုံငွေ၏ သတ်မှတ်စည်းမျဉ်းစည်းကမ်းများအရ ဘဏ္ဍာရေးနှစ်အလိုက် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပြီး ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာဝေဖြိုးအောင်က အစီရင်ခံစာ ဖတ်ကြားတင်သွင်းသည်။

## အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာ

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ဇူလိုင် ၁၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# အာဇာနည်ခေါင်းဆောင်ကြီး မိုင်းပွန်စော်ဘွားစဝ်စံထွန်း

**၁၉၀၇ ခုနှစ် မေလ ၃၁ ရက် သောကြာနေ့တွင် ရှမ်းပြည်တောင်ပိုင်း မိုင်းပွန်မြို့၌ ဖွားသည်။ အဖမိုင်းပွန်စော်ဘွားကြီး စဝ်ခွန်ထီး၊ အမိမြောက်နန်းဆောင် မဟာဒေဝီ နန်းစိန်ဥဖြစ်သည်။ ငယ်မည်မှာ စဝ်သာထွန်းဖြစ်သည်။ ဖခင်ဖြစ်သူ စော်ဘွားကြီး စဝ်ခွန်ထီးမှာ အသက် ၇ နှစ် အရွယ်ကပင် မင်းတုန်းမင်း၏ မွေးစားသားအဖြစ် နန်းတွင်း၌ ကြီးပြင်းခဲ့၍ သီပေါမင်း ပါတော်မူချိန်တွင် လင်းပင်မင်းသား၏ ဦးဆောင်မှုကိုခံယူကာ ဗြိတိသျှတို့အား လက်နက်ကိုင် တော်လှန်ခဲ့သူဖြစ်သည်။ သတ္တိ ဗျတ္တိ အမြော်အမြင်နှင့်ပြည့်စုံ၍ လင်းပင်အုပ်စု၏ ဦးနှောက်နှင့် ဓားဟုတင်စားခံရသည်။**

၅ နှစ်အရွယ်တွင် တရားမစာရေးကြီး ဦးစံဖေထံမှ မြန်မာစာပေနှင့် အင်္ဂလိပ်စာ သင်ယူသည်။ ၇ နှစ်တွင် တောင်ကြီး ရှမ်းစော်ဘွားသားများ အထက်တန်းကျောင်း (အထက ၂၊ တောင်ကြီး)၌ ပညာဆက်လက်သင်ရာ ၁၀ တန်းအောင်သည်။ ထို့နောက် မိတ္ထီလာမြို့ စက်ရှင်တရားသူကြီး ဦးကျောက်တိုင်ရုံး၌ ၆ လ အလုပ်သင်၊ ထို့နောက် မန္တလေး ရဲအုပ်သင်တန်းကျောင်း၌ ၆ လ သင်တန်းတက်သည်။

ရဲအုပ်သင်တန်းဆင်းပြီး ဗန်းမော်တွင် အလုပ်သင် ရဲဝန်ထောက်အဖြစ် ခေတ္တဆောင်ရွက်သည်။ ထို့နောက် တောင်ကြီးမြို့ ရှမ်းပြည်မင်းကြီးရုံး၌ တာဝန်ထမ်းဆောင်သည်။ ၁၉၂၈ ခုနှစ် ဇွန်လ ၂၇ ရက် ဗုဒ္ဓဟူးနေ့တွင် အခမ်းအနားဖြင့် "စော်ဘွား" အရိုက်အရာ ဆက်ခံ၍ မိုင်းပွန်စော်ဘွားအမည် တွင်ခဲ့သည်။

၁၉၃၂ ခုနှစ် နိုဝင်ဘာလ ၁၁ ရက် သောကြာနေ့တွင် မိုးမိတ်စော်ဘွားကြီး စဝ်ခင်မောင် (စီအိုင်အီး၊ ကေအက်စ်အမ်)၊ မဟာဒေဝီ စောနန်းအိမ်တို့၏ သမီးတော် စဝ်ခင်သောင်းနှင့် လက်ထပ်သည်။ ယောက်ဖတော် မိုးမိတ်စော်ဘွား စဝ်ခွန်ချိုမှာ လွတ်လပ်ရေးရပြီးနောက် ရှမ်းပြည်နယ် ဥက္ကဋ္ဌ၊ ထို့နောက် နိုင်ငံခြားရေးဝန်ကြီးအဖြစ် ထင်ရှားသည်။

မိုင်းပွန်စော်ဘွားကြီး၏ ဥပဓိရုပ်မှာ မျက်နှာဝိုင်း၊ နဖူးကျယ်၊ မျက်လုံးပြူးကာ နားရွက်ကား၍ ကြီးသည်။ အသားမှာ အနီရောင်သန်းသည်။ အရပ် ၅ပေ ၆ လက်မ ရှိသည်။ လူမှုဆက်ဆံရေးပြေပြစ်သည်။ အောက်လက်ငယ်သားများ၏ ချစ်ခင် လေးစားမှုခံရသည်။ ဘာသာရေးကိုင်းရှိုင်း၍ ကွမ်း၊ ဆေး၊ အရက်သေစာ ရှောင်ကြဉ်သည်။ ငယ်စဉ်က ကျန်းမာရေးလိုက်စား၍ တင်းနစ်၊ ခရစ်ကက်၊ ဟော်ကီ၊ ဘောလုံးကစားသည်။ ဂိုးနှင့် ရှေ့တန်းဘယ်ဝင်းကစားသမားအဖြစ် ထင်ရှားသည်။ ဂီတကိုလည်း ချစ်မြတ်နိုး၍ လေ့လာလိုက်စားသည်။ ပတ္တလား၊ လက်ဆွဲဘာဂျာ၊ ဘင်ဂျို၊ မယ်ဒလင်တို့ကို ကျွမ်းကျွမ်းကျင်ကျင် တီးခတ်နိုင်သည်။ မြန်မာသီချင်းကြီး သီချင်းခံများရသည်။ စက်မှုလယ်ယာ၊ စိုက်ပျိုးမွေးမြူရေးဝါသနာပါ၍ ဓာတ်သတ္တုတူးဖော်ရေး၊ သမဝါယမလုပ်ငန်းများကိုလည်း စိတ်အားထက်သန်သည်။ ကိုယ်ပိုင်စာကြည့်ခန်းငယ်တွင် အင်္ဂလိပ်– မြန်မာ စာအုပ်များထား၍ လေ့လာသည်။ နဂါးနီ ထုတ်နိုင်ငံရေးစာပေများကိုလည်း ဖတ်ရှုသည်။



မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်းနှင့် မိသားစုဝင်များ၏ မှတ်တမ်းဓာတ်ပုံ။

မိုင်းပွန်စော်ဘွားကြီးသည် အခြားစော်ဘွားကြီးများကဲ့သို့ ဟော်နန်းတွင် ဇနီးအများမထား၊ မဟာဒေဝီတစ်ဦးသာထားသည်။ မဟာဒေဝီစဝ်ခင်သောင်းနှင့် သားနှစ်ဦး (စဝ်ဆေဟုမ်၊ စဝ်ကိုင်ဖ)၊ သမီးနှစ်ဦး (စဝ်သုနန္ဒာ၊ စဝ်မြင့်ကြည်)တို့ ထွန်းကားသည်။ မဟာဒေဝီမှာ ၁၉၄၅ ခုနှစ် ဂျပန်အပြေးတွင် မိုင်းပွန်တောတွင်း၌ ကွယ်လွန်ခဲ့သည်။ မဟာဒေဝီကွယ်လွန်ပြီး မိုင်းပွန်စော်ဘွားကြီးသည် ဒုတိယ မဟာဒေဝီ မထားဘဲ သားသမီးလေးယောက်ကိုသာ ဂရုတစိုက်စောင့်ရှောက်ခဲ့သည်။ မဟာဒေဝီ၏အသုဘအခမ်းအနားတွင် နယ်ရှင်စော်ဘွားများ စုဝေးမိရာမှ စစ်အပြီး နိုင်ငံရေး အပြောင်းအလဲတွင် ရှမ်းပြည်နှင့် နယ်ရှင်စော်ဘွားများ၏ အနာဂတ်အတွက် နည်းလမ်းရှာရန် မိုင်းပွန်စော်ဘွားကြီးအား တာဝန်ပေးအပ်ခဲ့သည်။

မိုင်းပွန်စော်ဘွားကြီး၏ ကြိုးပမ်းမှုဖြင့် ၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်တွင် ရှမ်းပြည် မိုင်းကိုင်မြို့၌ နယ်ရှင်စော်ဘွားများ စုဝေး၍ အစည်းအဝေး ကျင်းပသည်။ ထိုမိုင်းကိုင်အစည်းအဝေးတွင် "စဝ်ဖလုံကောင်စီ" ကို ဖွဲ့စည်းသည်။ စဝ်ဖလုံကောင်စီဝင်များအနက် ညောင်ရွှေစဝ်ဖလုံစဝ်ရွှေသိုက် (ရှမ်း)၊ သထုံစဝ်ဖလုံခွန်ကြည် (ပအိုဝ်း)၊ သာမိုင်းခမ်းစဝ်ဖလုံစဝ်ထွန်းအေး(ဓနု)၊ တောင်ပိုင်စဝ်ဖလုံခွန်ပန်းစိန်(ပလောင်)၊ မိုးမိတ်စဝ်ဖလုံစဝ်ခွန်ချို(ရှမ်း)၊ မြောက်သိန္နီစဝ်ဖလုံစဝ်ဟုန်ဖ (ရှမ်း)တို့နှင့်အတူ မိုင်းပွန်စဝ်ဖလုံစဝ်စံထွန်း (ရှမ်း)သည် အလုပ်အမှုဆောင် အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံရသည်။

စဝ်ဖလုံကောင်စီက ကြီးမှူး၍ ၁၉၄၆ ခုနှစ် မတ်လ ၂၀ ရက်မှ ၂၈ ရက်အထိ ရှမ်းပြည်တောင်ပိုင်း ပင်လုံမြို့တွင် ဒုတိယအကြိမ် အစည်းအဝေးနှင့် ဟောပြောပွဲ၊ ပြပွဲ၊ ဆွေးနွေးပွဲများ ကျင်းပရာ ရှမ်းပြည် လူငယ်ခေါင်းဆောင် ကိုတင်ဧ၊ ကိုထွန်းမြင့်၊ ကိုခွန်ထီးတို့ ဦးဆောင်မှုဖြင့် ရှမ်းပဒေသရာဇ် စော်ဘွားများနှင့် ရှမ်းပြည်လူထုပူးပေါင်းခဲ့သည်။ ရှမ်းစော်ဘွားများအနက် မိုင်းပွန်စော်ဘွားသည် ရှမ်းလူငယ်ခေါင်းဆောင်များနှင့် အရင်းနှီးဆုံးဖြစ်လာသည်။ ဤအစည်းအဝေးကို ဖဆပလအဖွဲ့ချုပ်မှ ဗိုလ်ချုပ်အောင်ဆန်းကိုယ်စား သခင်နု၊ ဦးဘဂျမ်း၊ မန်းဘခိုင်။ အခြား နိုင်ငံရေးအဖွဲ့အစည်းများမှ နန်းရင်းဝန်ဟောင်း ဦးစော၊ မိတ္ထီလာဦးဘရင်နှင့် ကချင်ခေါင်းဆောင်အချို့ တက်ရောက်ရာ ပထမပင်လုံ အစည်းအဝေးဟု ခေါ်တွင်ခဲ့သည်။ ဤအစည်းအဝေးတွင် မိုင်းပွန်စော်ဘွားစဝ်စံထွန်းသည် ခေတ်မီစက်မှုလယ်ယာစိုက်ပျိုးရေးအကြောင်း ဟောပြောသည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလတွင် ရှမ်းပြည်တောင်ပိုင်း ပင်လုံမြို့၌ ပြည်မနှင့် တောင်တန်းဒေသများ သွေးစည်းညီညွတ်ရေးအတွက် ပင်လုံညီလာခံ ကျင်းပခဲ့သည်။ ညီလာခံကို ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ဖဆပလ ကိုယ်စားလှယ်များ၊ ရှမ်းစော်ဘွားများ၊ ကချင်ဒူဝါများ၊ ချင်းခေါင်းဆောင်များနှင့် တောင်တန်းဒေသလူထုခေါင်းဆောင်များ တက်ရောက်ခဲ့သည်။ ကရင်တိုင်းရင်းသားခေါင်းဆောင်အချို့လည်း လေ့လာသူအဖြစ်ရောက်ရှိလာသည်။ ဗြိတိသျှအစိုးရဘက်မှ ဒိုမီနီယံဆိုင်ရာအတွင်းဝန် ဘော့တွမ်မလေ(A.G Bottomeley)၊ မြန်မာနိုင်ငံနယ်ခြားဒေသဆိုင်ရာမင်းကြီး မစ္စတာ စတီဗင်ဆင် (Mr.Steven–son)နှင့် အရာရှိကြီးငယ်များ တက်ရောက်သည်။ ဖေဖော်ဝါရီလ ၁၂ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တောင်တန်းဒေသခေါင်းဆောင် ၂၃ ဦးတို့ အခက်အခဲအမျိုးမျိုးကို ကျော်လွှား၍ တညီတညွတ်တည်း ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ရာ မိုင်းပွန်စော်ဘွား စဝ်စံထွန်းသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ပင်လုံစာချုပ်ချုပ်ဆိုခဲ့သော ဖေဖော်ဝါရီလ ၁၂ ရက် နေ့လယ် ၂ နာရီခွဲတွင် "တောင်တန်းသားများ စည်းလုံးညီညွတ်ရေးဦးစီးအဖွဲ့"က တောင်တန်းဒေသဝန်ကြီးအဖြစ် မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းကို ရွေးချယ်ခဲ့ရာ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ကြားဖြတ်အစိုးရအဖွဲ့ဝင် ဖြစ်လာသည်။

၁၉၄၇ ခုနှစ် မေလ ၁၁ ရက်မှ ၁၆ ရက်အထိ ကျင်းပသော ရှမ်းပြည်လွှတ်တော်အစည်းအဝေးတွင် မိုင်းပွန်စော်ဘွားကြီးသည် တိုင်းပြုပြည်ပြုလွှတ်တော်၏ ရှမ်းပြည်ကိုယ်စားလှယ်တစ်ဦးအဖြစ် ရွေးချယ်ခံရကာ တိုင်းပြုပြည်ပြုလွှတ်တော်၏ ပြည်ထောင်စုနှင့် ပြည်နယ်ဆိုင်ရာဆပ်ကော်မတီဝင်၊ လူနည်းစုဆိုင်ရာ ဆပ်ကော်မတီဝင်၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကော်မတီဝင်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် စနေနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အတွင်းဝန်များရုံး ဝန်ကြီးများအစည်းအဝေးကျင်းပနေစဉ် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် အခြားဝန်ကြီးများနှင့်အတူ လုပ်ကြံခံခဲ့ရသည်။ နောက်တစ်နေ့ ဇူလိုင်လ ၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ခဲ့သည်။

“မိုင်းပွန်စော်ဘွားကြီး၏ ဥပဓိရုပ်မှာ မျက်နှာဝိုင်း၊ နဖူးကျယ်၊ မျက်လုံးပြူးကာ နားရွက်ကား၍ ကြီးသည်။ အသားမှာ အနီရောင်သန်းသည်။ အရပ် ၅ပေ ၆ လက်မ ရှိသည်။ လူမှုဆက်ဆံရေးပြေပြစ်သည်။ အောက်လက်ငယ်သားများ၏ ချစ်ခင် လေးစားမှုခံရသည်။ ဘာသာရေးကိုင်းရှိုင်း၍ ကွမ်း၊ ဆေး၊ အရက်သေစာ ရှောင်ကြဉ်သည်။ ငယ်စဉ်က ကျန်းမာရေးလိုက်စား၍ တင်းနစ်၊ ခရစ်ကက်၊ ဟော်ကီ၊ ဘောလုံးကစားသည်။ ဂိုးနှင့် ရှေ့တန်းဘယ်ဝင်းကစားသမားအဖြစ် ထင်ရှားသည်”



## မိုင်းပွန်စော်ဘွားစဝ်စံထွန်း (၁၉၀၇– ၁၉၄၇)

ကိုလိုနီခေတ် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု နောက်ဆုံးအဆင့် တောင်တန်းနှင့် ပြည်မပူးပေါင်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုတည်ထောင်ရေးတို့အတွက် အရေးပါလှသော သမိုင်းဝင် “ပင်လုံစာချုပ်”ကို လက်မှတ်ရေးထိုးသူများတွင် တစ်ဦးအပါအဝင် ဖြစ်သည်။ ပင်လုံစာချုပ်ချုပ်ဆိုအပြီး ပထမဆုံးသော တောင်တန်းဒေသဝန်ကြီးအဖြစ် ရွေးချယ်ခံရသည်။ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ကြားဖြတ် ယာယီအမျိုးသားအစိုးရအဖွဲ့တွင် တောင်တန်းဒေသရေးရာဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေစဉ် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် ရန်ကုန်မြို့ အတွင်းဝန်များရုံး၌ ဝန်ကြီးများ အစည်းအဝေး ပြုလုပ်နေစဉ် မသမာသူလူတစ်စု၏ လုပ်ကြံမှုဖြင့် ဗိုလ်ချုပ်နှင့်အတူ ကျဆုံးခဲ့ရသည်။ လူသတ်သမား၏ သေနတ်ဒဏ်ရာဖြင့် ဇူလိုင်လ ၂၀ ရက်နေ့ မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်ခဲ့ပါသည်။ လုပ်ကြံမှုမတိုင်မီ ဇူလိုင်လ ၁၈ ရက် ညတွင် ရန်ကုန်မြို့ ရွှေတောင်ကြားရပ် လောင်းဝစ္စလမ်း မြန်မာ့အသံ ညွှန်ကြားရေးဝန် ဦးခင်ဇော်(K)ထံ ခေတ္တပြောင်းရွှေ့နေသော ပြန်ကြားရေး၌ာနဝန်ကြီး ဒီးဒုတ်ဦးဘချိုထံ လာရောက်လည်ပတ်ရင်း မြန်မာ့အသံ ဝန်ထမ်း ဦးဖေသော်၏ဇနီး ရှမ်းအမျိုးသမီး ဒေါ်လှထယ်အား မိုင်းပွန်စော်ဘွားကြီးက "ငါတော့ ဝန်ကြီးလုပ်ပြီး သေနတ်နဲ့ အပစ်ခံရတာထက် ကိုယ့်သတ္တုတွင်းမှာပဲ သတ္တုတူးသမား လုပ်နေချင်တော့တယ်" ဟု နောက်ဆုံး ပြောခဲ့ပါသည်။

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၃**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ရှေ့မှောက်၌ ကတိသစ္စာမပြုရသေးသော တပ်မတော်သားအမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် လွှတ်တော်အစည်းအဝေးများကို ရပ်နားထားစဉ်ကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ မဲဆန္ဒနယ်မြေအသီးသီး တွင် မဲဆန္ဒရှင်ပြည်သူများနှင့်တွေ့ဆုံပြီး လွှတ်တော်အတွေ့အကြုံများ ရှင်းလင်းခြင်း၊ ပြည်သူများ၏ လိုအပ်ချက်နှင့် အခက်အခဲများကို သိရှိနိုင်ရေးအတွက် ကွင်းဆင်းလေ့လာခြင်းနှင့်အတူ ဒေသဖွံ့ဖြိုးရေးအတွက် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခဲ့ကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ယခု(၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်းတွင်လည်း လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာစွာဖြင့် နိုင်ငံတော်နှင့် ပြည်သူအကျိုးအတွက် သယ်ပိုး ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ အပ်ပါကြောင်း ပြောကြားသည်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း



ဒုတိယဝန်ကြီး ဦးအောင်ထူး



ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၀)မှ ဦးလားလ်မင်းထန်

ယင်းနောက် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦး ၏ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပနိုင်ငံများမှ တင်သွင်းလာသော သကြား သွင်းကုန်ပမာဏ များပြားလာသည့်အခါ ပြည်တွင်းသကြား ထုတ်လုပ်သူများ နှင့် ကြံစိုက်တောင်သူများအပေါ် ထိခိုက်နစ်နာ ဆုံးရှုံးနေရခြင်းများအား လျော့နည်းသက်သာစေရန် မည်ကဲ့သို့ စီမံဆောင်ရွက်မည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြည်တွင်းစက်မှုလုပ်ငန်းများတွင် လိုအပ်သည့် သန့်စင်သကြားများကို အကန့်အသတ်ဖြင့်သာ စိစစ်တင်သွင်းခွင့်ပြုခြင်း၊ ကြံ နှင့် ကြံထွက်ပစ္စည်းများကို ပြည်ပသို့ လွတ်လပ်စွာတင်ပို့ခွင့်ပြုခြင်း၊ တရားမဝင် သကြားတင်သွင်းမှုများကို တားဆီးဆောင်ရွက်ခြင်းနှင့် ကြံစိုက်ပျိုးသည်မှ ဈေးကွက်သို့ရောက်သည်အထိ ဟန်ချက်ညီညီဆောင်ရွက်နိုင်ရန် ကာလတို၊ ကာလ လတ်နှင့် ရေရှည်မူဝါဒများ ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက် ခြင်း စသည့်နည်းလမ်းများဖြင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်၏ ချင်းပြည်နယ် မတူပီမြို့နယ် ဆဘောင်းတယ်ကျေးရွာတွင် နယ်စပ်ဈေး ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအောင်ထူးက လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသည့် ဆဘောင်းတယ်ကျေးရွာတွင် နယ်စပ် ဈေးဖွင့်လှစ်ရန်ကိစ္စနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံဘက်သို့ညှိနှိုင်း အကြောင်း ကြားထားဆဲဖြစ်ပါကြောင်း၊ နှစ်နိုင်ငံ နယ်စပ်ဈေးများ စီမံခန့်ခွဲမှုနည်းလမ်း ကို သဘောတူလက်မှတ်ရေးထိုးပြီးပါက စစ်ကိုင်းတိုင်းဒေသကြီး၊ ပန်ဆောင် တွင် နယ်စပ်ဈေးတစ်ခုကို ကနဦးစတင်ဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက် လျက်ရှိပါကြောင်းနှင့် ပန်ဆောင်တွင် နယ်စပ်ဈေးဖွင့်လှစ်ခြင်းဖြင့် ဒေသခံ ပြည်သူများအကျိုးရရှိမှုအပေါ်အခြေခံ၍ အခြားနေရာများတွင် နယ်စပ်ဈေး များ ဆက်လက်ဖွင့်လှစ်သွားနိုင်ရေး အိန္ဒိယနိုင်ငံဘက်နှင့် ဆက်လက်ညှိနှိုင်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ တစ်ဖက်တွင်လည်း မတူပီမြို့နယ် ဆဘောင်းတယ်ကျေးရွာတွင် နယ်စပ်ဈေးဖွင့်လှစ်နိုင်ရေးအတွက် မကြာမီ ပေါ်ပေါက်လာမည့် နယ်စပ်ဈေးများစီမံခန့်ခွဲမှုနည်းလမ်းနှင့်အညီ အခြေခံ အဆောက်အဦများကို ချင်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကြိုတင်စီမံထားရှိ ရန် လိုအပ်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရေးနှင့် စပ်လျဉ်း၍ဖြေကြား

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်၏ ဧရာဝတီ တိုင်းဒေသကြီး ရေကြည်မြို့နယ် ကွင်းသုံးဆင့်ကျေးရွာအုပ်စု ကွင်းသုံးဆင့် ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှိ ပျက်စီးယိုယွင်းနေသော အန္တရာယ်ရှိ ကျောင်းဆောင်အား ဖျက်သိမ်း၍ ကျောင်းဆောင်သစ် ဆောက်လုပ် ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ကွင်းသုံးဆင့်ကျေးရွာ အခြေခံပညာအထက် တန်းကျောင်းရှိ အန္တရာယ်ဆောင်ဖျက်သိမ်းခွင့်အတွက် လုပ်ထုံးလုပ်နည်းနှင့် အညီ ခွင့်ပြုဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊ ၎င်းကျောင်းဆောင်အစား ပေ (၁၀၀ x ၃၀) RCC နှစ်ထပ်ဆောင်တစ်ဆောင် ဆောက်လုပ်ရန်အတွက် လိုအပ်သောရန်ပုံငွေကို လာမည့် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်၏ ငွေလုံးငွေရင်း (တည်ဆောက်ရေး) ရန်ပုံငွေခေါင်းစဉ်အောက်တွင် စိစစ်လျာထားပြီး ဖြစ်ပါ ကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် ၏ ကျောက်တော်မြို့နယ် အတွင်း ခွဆုံအခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ မတင်မှိုင်ချောင်း အခြေခံ ပညာမူလတန်း (လွန်)ကျောင်းနှင့် ကောက်ကျိုက် အခြေခံပညာမူလတန်း ကျောင်းတို့တွင်ကျောင်းဆောင်သစ် တစ်ဆောင်စီကို ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေး နှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက မတင်မှိုင်ချောင်း အခြေခံပညာမူလတန်းလွန် ကျောင်းတွင် ပေ(၁၂၀ x ၃၀) RCC တစ်ထပ်ဆောင်တစ်ဆောင် ဆောက်လုပ်ပေး ရန်အတွက် လိုအပ်သောရန်ပုံငွေကို လာမည့် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး)ရန်ပုံငွေခေါင်းစဉ်အောက်တွင် လျာထား ဆောင်ရွက်ပြီးဖြစ်ပါကြောင်းနှင့် ခွဆုံအခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ကောက်ကျိုက် အခြေခံပညာမူလတန်းကျောင်းတို့တွင် ပေ(၁၂၀ x ၃၀) RCC တစ်ထပ်ဆောင်တစ်ဆောင်စီကို ၂၀၂၁ – ၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ထပ်မံခွဲဝေ လျာထားပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုင်သီဟ၏ မွန်ပြည်နယ် ရေးမြို့နယ် ကော့ဒွတ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ပေ(၁၂၀ x ၃၀ x ၂၀) RC နှစ်ထပ်ကျောင်းဆောင်အသစ်တစ်ဆောင် ဆောက်လုပ် ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း က လွှတ်တော်ကိုယ်စားလှယ်တင်ပြသည့် ရေးမြို့နယ် ကော့ဒွတ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ပေ(၁၂၀ x ၃၀) RCC နှစ်ထပ်ဆောင် ဆောက်လုပ်ပေးရန်အတွက် လွှတ်တော်ကိုယ်စားလှယ်၏ မြို့နယ်၌ ယခုနှစ် ဦးစားပေးတွင် မပါဝင်ပါကြောင်း၊ သို့သော် ၂၀၂၁ – ၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ဘဏ္ဍာငွေလျာထားဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## ပညာသင်ထောက်ပံ့ကြေးများပေးအပ်ခြင်းမေးခွန်းအား ရှင်းလင်းဖြေကြား

အလားတူ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ် ၏ ပညာသင်ထောက်ပံ့ကြေးများကို အခြေခံပညာရေးကဏ္ဍ၊ နည်းပညာ နှင့် သက်မွေးပညာရေးကဏ္ဍ၊ အဆင့်မြင့်ပညာရေးကဏ္ဍတို့တွင် မည်သို့ လျှောက်ထားရွေးချယ်ပြီး မည်မျှပေးသည်ကို သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း ၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော ကျန်းမာရေးမှူးကောင်စီ ဥပဒေကြမ်းကို ပြည်သူ့ လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြ၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြလက်မှတ်ရေးထိုးပြီး အမျိုးသား လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ဇူလိုင် ၁၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

---

*စာမျက်နှာ ၄ မှ*

ငွေရေးကြေးရေးကဏ္ဍတွင် ဈေးနှုန်းများတည်ငြိမ်ရေးကို ထိန်းသိမ်းရန် နှင့် မြန်မာကျပ်ငွေတန်ဖိုး ပိုမိုတည်တံ့ခိုင်မာစေရန်၊ ငွေကြေးဖောင်းပွမှုနှုန်း ကို ထိန်းသိမ်းနိုင်ရန် ပြည်သူများလိုအပ်နေသည့် ကုန်စည်များထုတ်လုပ်မှု၊ စားသုံးမှု၊ ကုန်စည်စီးဆင်းမှု စသည့်နယ်ပယ်အသီးသီးမှ ပူးပေါင်းဆောင်ရွက် ရန် မျှော်မှန်းထားပါကြောင်း။

ဘဏ္ဍာရေးကဏ္ဍတွင် အခွန်အကောက်ရငွေများ တိုးတက်ရရှိစေရန်၊ အစိုးရအသုံးစရိတ်များကို ပိုမိုထိရောက်စွာစီမံခန့်ခွဲရန်၊ ပြည်သူကိုတိုက်ရိုက် အကျိုးပြု လုပ်ငန်းများဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုကာကွယ် စောင့်ရှောက်ရေးအသုံးစရိတ်များပိုမို တိုးမြှင့်ပေးရန်၊ ဖွံ့ဖြိုးမှုအတွက် လိုအပ် သော အခြေခံအဆောက်အအုံများဖြစ်သည့် လမ်း၊ တံတား၊ ဆောက်လုပ်ရေး နှင့် စီးပွားရေးအခြေခံ အဆောက်အအုံများအတွက် အသုံးစရိတ်များမြှင့်တင် ပေးရန်၊ ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ COVID –19 ကြောင့် ထိခိုက်ခဲ့သည့် ကဏ္ဍ များအတွက် ပြန်လည်ထူထောင်ရေးဆိုင်ရာအသုံးစရိတ်များကို ဆက်လက် သုံးစွဲပေးရန် မျှော်မှန်းထားပါကြောင်း။

ယခုနှစ်အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲရာတွင် ယခင်နှစ် များကဲ့သို့ နှစ်လတ်ဘဏ္ဍာရေးမူဘောင်ကိုအခြေခံ၍ ရေးဆွဲထားပါကြောင်း၊ COVID–19 ကပ်ရောဂါကြောင့် ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံ၏ စီးပွားရေး ထိခိုက်မှုရှိပြီး ပုံမှန်ရနေသည့် အခွန်အခများလျော့နည်းနိုင်ခြင်း၊ ကမ္ဘာ့ရေနံ ဈေးနှုန်းကျဆင်းမှုကြောင့် သဘာဝဓာတ်ငွေ့ရောင်းရငွေများ လျော့နည်းနိုင် ခြင်း စသည်တို့ကြောင့် အစိုးရ၏ ရငွေများလျော့နည်းနိုင်သည့် အခြေအနေနှင့် တစ်ဖက်တွင်လည်း အသုံးစရိတ်များကို အစိုးရက ဦးဆောင်သုံးစွဲပေးမှသာ နိုင်ငံတော်၏ ဂျီဒီပီတိုးတက်မှုအပေါ် ထိခိုက်မှုကို ကာကွယ်ထိန်းချုပ်နိုင်မည့် အခြေအနေတို့ကိုတွက်ဆ၍ ပြည်ထောင်စုအစိုးရအဖွဲ့သည် ယခုနှစ်တွင်လည်း ယခင်နှစ်နည်းတူ လိုငွေနှင့် ဂျီဒီပီအချိုးကို ၅ ရာခိုင်နှုန်းထက် ကျော်လွန် ရေးဆွဲတင်ပြထားသည်ကို တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်နာယက က ယင်းဥပဒေကြမ်းများနှင့်စပ်လျဉ်း ၍ ၂၀၂၀– ၂၀၂၁ ခု ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့တွင်ပါရှိသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေ များကို စိစစ်နိုင်ရန်အတွက် စိစစ်ရေးပူးပေါင်းအဖွဲ့ ၂၀ ကို ဖွဲ့စည်းပေးထား ပြီးဖြစ်ပါကြောင်း၊ စိစစ်ရေးပူးပေါင်းအဖွဲ့အနေဖြင့် စိစစ်တွေ့ရှိချက်များကို သတ်မှတ်ရက်အမီ ပေးပို့နိုင်ရေး အလေးထားဆောင်ရွက်ကြရန်နှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတို့ကလည်း တင်ပြပါ အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့အတွက် လေ့လာ တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာများကို ဩဂုတ်လ ၇ ရက် မတိုင်မီ လွှတ်တော်သို့တင်သွင်းနိုင်ရေး ညှိနှိုင်းဆောင်ရွက်ကြရန် မှာကြားလို ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ညာဏစိုးက လွှတ်တော်နှစ်ရပ်သဘောကွဲလွဲ သော တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထား မှတ်ချက် အစီရင်ခံစာကို ဖတ်ကြားတင်ပြရာ ပြည်ထောင်စုလွှတ်တော်နာယက က ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် အချက်များနှင့် တိုက်ရိုက်သက်ဆိုင်သည့် ပြင်ဆင်ချက်အဆိုတင်သွင်း ဆွေးနွေး လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေမူကြမ်းအပေါ် ဆွေးနွေးနိုင်ရေးတင်ပြ

ဆက်လက်၍ ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်း နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်အကောက်ရငွေများ ပြည့်ဝစွာကောက်ခံရရှိရေး၊ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရေး၊ အခွန် ဥပဒေများကို ပိုမိုလေးစားလိုက်နာလာစေရေးတို့အတွက် ယခုနှစ်အခွန် အကောက် ဥပဒေမူကြမ်းကို ပြုစုတင်ပြထားကြောင်း၊ လွှတ်တော်ရေးရာ ကော်မတီများ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဥပဒေကြမ်းအပေါ် အကြံပြု ချက်များကိုလည်း ကြိုဆိုလျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ၂၀၂၀ပြည့်နှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေမူကြမ်းအပေါ် လွှတ်တော်မှဆွေးနွေး သုံးသပ်၍ အတည်ပြုပေးနိုင်ပါရန် ဖွဲ့စည်းပုံအခြေခံဥပဒေအညီ လွှတ်တော်သို့ တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်နာယက က ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်း အဝေး ဒုတိယနေ့ကို ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁၆ ရက် နံနက်ပိုင်းတွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း– မော်စီ၊ ဟန်လင်းနိုင်၊ ဓာတ်ပုံ– ကျော်ဇင်ထိုက်**

*၂၀၁၇ ခုနှစ် ဇူလိုင်လတွင် ဗန်းမော်စာပေတိုက်မှ ထုတ်ဝေသော ဆရာ ဝမ်းအိုဝမ်းကျော်ဝင်းမောင်၏ မြန်မာ့အာဇာနည်ခေါင်းဆောင် ဆရာကြီး ဦးရာဇတ် စာအုပ်မှ အခန်း (၁၀) ပါ ပါဠိနှင့် အင်္ဂလိပ်စာ စွယ်စုံတော်သည့် ဆရာကြီး ကို ဆရာဝမ်းအိုဝမ်းကျော်ဝင်းမောင်၏ မိသားစုထံမှ ခွင့်ပြုချက်ဖြင့် ပြန်လည်ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။*

# ပါဠိနှင့် အင်္ဂလိပ်စာ စွယ်စုံတော်သည့် ဆရာကြီး

ဝမ်းအိုဝမ်းကျော်ဝင်းမောင်

*ယမန်နေ့မှ အဆက်*

နဝမမြောက် ဂျီ-စီ-ဘီ-အေ နိုင်ငံရေးကွန်ဖရင့်မှာ ဆရာကြီးရဲ့ အင်္ဂလိပ်စာ အရေးအသားကောင်းပုံကို ဗဟိုအမျိုးသား အထက်တန်းကျောင်း ဆရာဟောင်း ဦးထွန်းမောင်က မန္တလေးဗဟိုရိစည်သတင်းစာတွင် အောက်ပါအတိုင်း ရေးသားဖော်ပြထားပါတယ်။

နဝမမြောက် ဂျီစီဘီအေကွန်ဖရင့် (တစ်မျိုးသားလုံး မြန်မာပြည် စည်းရုံးညီညွတ်သည့် အချိန် ၁၂၈၂ ခုနှစ်၊ မန္တလေးမြို့တွင် ကျင်းပပြုလုပ်ရန် စိုင်းပြင်းသည့်အခါ နဝမမြောက် ဂျီစီဘီအေ၏ ဧည့်ခံကော်မတီ ဥက္ကဋ္ဌ ဒီပဲရင်း ဝန်ထောက်မင်း ဦးမြ၏ နှုတ်ခွန်းဆက် မိန့်ခွန်းစကားများကို ဦးဘဦး၊ ဦးဘဖေ၊ ရွှေဘို ဦးမောင်မောင်ကလေး၊ သူဌေးတန်း ဦးဘတင် (ဦးထွန်းရှိန်၏ညီ)၊ ဦးသူတော် (သမဝါယမ)နှင့် ဆရာကြီး ရာဇတ်ခေါ် ဘာဘူကြီးတို့ ခေါင်းချင်းရိုက် တိုင်ပင်ကြပြီး မြန်မာဘာသာဖြင့်လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း စာချောရေးသားစီကုံးရန် ဆရာကြီးအား တာဝန်ပေးလိုက်၏။ ထိုစဉ်အခါ အစိုးရမှာ ဧည့်ခံကော်မတီဥက္ကဋ္ဌ မိန့်ခွန်းစကားများကို ကြားသိရသောအခါမှစ၍ အင်္ဂလန်ပြည် အစိုးရ ကက်ဘိနက်အဖွဲ့ကပင် ကြက်သီးမွေးညင်း ထွက်တော့၏။ အဲဒီအချိန်က ပေါ်လာသော စကားတစ်လုံးသည်ကား အင်္ဂလိပ်လူမျိုးများကို မြန်မာများက ခေးပြဟု စတင်ခေါ်ကြလေ၏။

မြန်မာပြည် ဒိုင်အာခီအုပ်ချုပ်ရေးအစိုးရလက်ထက် မန္တလေးအမတ် (ဗဟိုအမျိုးသားအထက်တန်းကျောင်း ဆရာဟောင်း) ဦးဘဖေသည် လွှတ်တော် အစည်းအဝေးတွင် နိုင်ငံခြားသို့ ပညာတော်သင် တစ်နှစ်လျှင် ၆ ယောက်မှ ၁၂ ယောက်ထိ စေလွှတ်ရန် အစိုးရအား တိုက်တွန်းကြောင်း အဆိုတစ်ရပ်ကို ဆရာကြီး ရာဇတ်အား၊ အင်္ဂလိပ်လို ပြင်ဆင်ပေးရန်ပြော၍ ဆရာကြီးက ၎င်းအဆိုနှင့်ပတ်သက်၍ အထောက်အထားအချက်အလက်ပြည့်စုံစွာဖြင့် တန်ဆာဆင်ပေးသော အဆိုလွှာကို ရေးသားပေး၏။ လွှတ်တော်အစည်းအဝေးတွင် အမတ် ဦးဘဖေက ထိုအဆိုကို ဖတ်ပြတင်သွင်းရာ ရန်ကုန်မြို့ထုတ် အင်္ဂလိပ်သတင်းစာ အစောင်စောင်တို့က ဦးဘဖေ၏ အဆိုလွှာကို ချီးကျူးထောပနာ သြဘာပေးကြကြောင်း ဖတ်ရှုရလေသည်။

အရေးကြီးသောစာများ အကြောင်းအရာများ မကြာခဏကိစ္စများ ပေါ်ပေါက်တိုင်း၊ အင်္ဂလိပ်ဘာသာဖြင့် ရေးပေးရသူကား၊ သူတစ်ပါး၏ အလုပ်လျှောက်လွှာမှစ၍ နိုင်ငံတော်ကိစ္စ အင်္ဂလိပ်ပါလီမန်ထံ ခေတ်ပညာတတ်၊ ခေတ်ပညာရှိ စာဆိုတော် ဆရာကြီး ဦးရာဇတ်ပင် (နေရှင်နယ်ကန့်လန့်ကာ နောက်မှနေလျက် ရေးရရှာ၏) ဖြစ်တော့သည်။

အင်္ဂလိပ်စစ်တပ်တွေ မန္တလေးကို သိမ်းပြီးတဲ့နောက် မန္တလေးကို စစ်အုပ်ချုပ်ရေး (C.A.S. (B)) အစိုးရအုပ်ချုပ်ထားတယ်၊ စစ်အုပ်ချုပ်ရေးမှူးက ကာနယ်တစ်ယောက် ဖြစ်တယ်၊ စစ်မဖြစ်ခင်က ဒီကာနယ်ကြီးဟာ အရေးပိုင် (အိုင်စီအက်စ်) တစ်ယောက်ပဲ၊ စစ်ဖြစ်လာတော့ စစ်ရာထူးယူပြီး စစ်အုပ်ချုပ်ရေး ရာထူးရကာ နယ်ရာထူးအဆင့်နဲ့ တာဝန်ယူလာခဲ့ရသူတဲ့။




စစ်အုပ်ချုပ်ရေးအတွင်းမှာပဲ ဆရာကြီးက ခေါင်းဆောင်ပြီး ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ကို ဖွဲ့ထားချိန်ဖြစ်တယ်၊ အိုင်စီအက်စ်တစ်ယောက်ဖြစ်ပြီး ဆက်ဆံရေးဟာ ပြေပြစ်မှု မရှိဘူး၊ ဆက်ဆံရေး ကြမ်းတမ်းတယ်ဆိုပြီး ဆရာကြီးက အထက်ကို စာရေးတင်တယ်၊ ဆရာကြီးရေးတဲ့ စာထဲမှာပါတဲ့ စာကြောင်းတစ်ကြောင်းက "The Crown and the pip got the better of I.C.S." ဆိုပြီး ဖော်ပြတယ်၊ စစ်ရာထူး ပခုံးပေါ်က သရဖူနဲ့ ကြယ်ပွင့်တွေဟာ အလွန်သိမ်မွေ့တဲ့ အိုင်စီအက်စ် တစ်ယောက်ပေါ် လွှမ်းမိုးနိုင်ခဲ့တဲ့အတွက် အိုင်စီအက်စ်တစ်ယောက်ရဲ့ ဆက်ဆံရေးဟာ စစ်သားတစ်ယောက်လို ကြမ်းတမ်းခက်ထရော်တယ်လို့ ရေးသားဖော်ပြလိုက်ပါသတဲ့။

အဲဒီလို ယဉ်ယဉ်လေး တွယ်ထည့်လိုက်ပြီး မကြာခင်ပဲ ကာနယ်ကြီးဟာ မန္တလေးက ပြောင်းရွှေ့သွားရပါတယ်၊ သူပြောင်းခါနီးမှာ မြို့ပေါ်ရှိ ဂုဏ်သရေရှိ လူကြီးလူကောင်းတွေကို ဖိတ်ပြီး နှုတ်ဆက်ပွဲ ကျင်းပတယ်၊ အင်္ဂလိပ်ကာနယ်ကြီးက ဆရာကြီးကို ဒီပါတီပွဲမှာ ဆက်ဆက်တက်ရောက်ဖို့ ဖိတ်ပေးပါလို့ ဆိုင်ရာကို အမိန့်ပေးတယ်၊ ဆရာကြီးလဲ ဖိတ်ကြားချက်အရ ပါတီပွဲသွားတက်ပါတယ်၊ ကာနယ်ကြီးက ကျေးဇူးတင်စကား ပြောရင်းက ဆရာကြီးရဲ့ ရေးသားချက်ကို ဟောဒီလို ပြန်လည်ရှင်းပြသွားပါသတဲ့။

"ကျွန်ုပ်ဟာ အသွင်သဏ္ဍာန်မှာကတော့ စစ်သားတစ်ယောက်ပဲ။ ဒါပေမယ့် အတွင်းစိတ်မှာကတော့ အိုင်စီအက်စ်တစ်ယောက်ရဲ့ နူးညံ့သိမ်မွေ့တဲ့ စိတ်ထားအပြည့်ရှိပါတယ်၊ အဲဒါကြောင့် ကျုပ်အပေါ် အမြင်မှန်မှန်နဲ့ မြင်နိုင်ပါစေလို့ ပန်ကြားအပ်ပါတယ်" ဒီစကားတွေရဲ့ အဓိပ္ပာယ်ကို ဆရာကြီးနဲ့ ကာနယ်ကြီးတို့ နှစ်ဦးပဲ နားလည်ကြပါသတဲ့။

ဆရာကြီးရဲ့ ကလောင်ဟာ ဒီလောက်ထက်တယ်ဆိုတဲ့အကြောင်းကို မန္တလေး တယ်လီဖုန်းဆက်သွယ်ရေး အင်ဂျင်နီယာ ဦးသာဒွန်းက သူသိရှိချက် အဖြစ်မှန်အတိုင်း ကျမ်းပြုသူကို ပြောပြခဲ့ပါတယ်။ ဒါကြောင့် တစ်ဆင့်ဖောက်သည်ချလိုက်ခြင်း ဖြစ်ပါတယ်။

ဆရာကြီးဟာ အင်္ဂလိပ်စာတတ်၊ အင်္ဂလိပ်တစ်ယောက်နဲ့ တန်းတူရည်တူ အင်္ဂလိပ်စာ တတ်မြောက်တာဟာ သိမ်မဆန်းဘူးလို့ ပြောတယ်တဲ့၊ သူပြောတာက "အင်္ဂလိပ်စာတတ်ချင်ရင် အင်္ဂလိပ်စာ များများဖတ်ရမယ်" တဲ့၊ အဲဒါ အပြောအတိုင်းလဲ သူဟာ ပိုက်ဆံရှိရင် အင်္ဂလိပ်စာအုပ်ဟောင်းတွေပဲ ဝယ်ဝယ်ဖတ်သတဲ့၊ သူ့ကျောင်းမှာရှိတဲ့ စာကြည့်တိုက်က စာအုပ်တွေဆိုရင်လဲ သူမဖတ်ဖူးတာ မရှိဘူး။

စာသင်ချိန် ကျောင်းလုပ်ငန်းချိန်မှလွဲရင် စာကြည့်တိုက်ရှိ စာအုပ်တွေ သူချည်းပဲ ဖတ်နေတယ်၊ စာဖတ်လောဘကြီးသူတဲ့၊ (Oxford Dictonary) ကြေသူ ဖြစ်ပါသေးသတဲ့။

ကျောင်းစာကြည့်တိုက်က စာအုပ်ငှားဖတ်တဲ့ ကျောင်းသားတွေ ဆိုရင်လဲ တစ်ခါတစ်ခါ သူက ခေါ်တွေ့ပြီး၊ သူတို့စာကြည့်တိုက်က ငှားရမ်းဖတ်တဲ့ စာအုပ်ကို တကယ်ဖတ်မဖတ် မေးခွန်းထုတ်မေးပြီး စစ်ဆေးလေ့ရှိတယ်။

စာအုပ်ကို အမြဲဖတ်တယ်၊ လမ်းလျှောက်ရင်လဲ စာအုပ်နဲ့ ဆေးပေ့ါလိပ်ဟာ သူ့ရဲ့ ကိုယ်အင်္ဂါ အစိတ်အပိုင်းပဲ ဖြစ်နေတယ်။ အမြဲတမ်း စာဖတ်တော့လဲ ဒီလိုစာတော်လာတာ မဆန်းဘူးလို့ ဆိုရခြင်းပါ။

နွေရာသီကျောင်းပိတ်ချိန် မန္တလေး ဗဟိုအမျိုးသားအထက်တန်းကျောင်းမှာ ၁၉၃၇ ခုနှစ် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ ဒုတိယအကြိမ်မြောက် ညီလာခံသဘင်ကြီး ကျင်းပတယ်။ ကိုအောင်ဆန်း (ဗိုလ်ချုပ်အောင်ဆန်း)၊ ကိုလှရွှေ အမ်ဘီဘီအက်စ် (ဗိုလ်လက်ျာညီ)၊ စစ်ကိုင်းကိုညွန့် (သံအမတ်ဟောင်း)၊ ဦးထွန်းအုံ (ရန်ကုန် မြူနီစပါယ်မင်းကြီးဟောင်း) ဗိုလ်ခင်မောင်ကလေး၊ ကိုသိန်းအောင် (အမ်အေဒေါ်အုံးရဲ့မောင်) ရာရှစ် အစရှိတဲ့ ခေါင်းဆောင်များလဲ အစုံအညီ တက်ရောက်ကြပါတယ်၊ ဒီညီလာခံမှ အိန္ဒိယခေါင်းဆောင် နေရူးနဲ့ အင်ဒီယာဂန္ဒီတို့ သားအဖလည်း တက်ရောက်တယ်၊ ညီလာခံမှာ ကိုအောင်ဆန်းက အင်္ဂလိပ်လို မိန့်ခွန်းပြောဖို့ ဖြစ်တယ်၊ သူ့ မိန့်ခွန်းကို အင်္ဂလိပ်လိုရေးပြီး ဆရာကြီး ဦးရာဇတ်ကို တည်းဖြတ်ဖို့ ပေးတယ်။ ဆရာကြီးက တည်းဖြတ်ပေးရင်း ဆရာဦးထွန်းမောင်ကို "ဒီကောင်နေရာ ကျမယ်၊ အင်္ဂလိပ်စာ အရေးအသားလဲ ကောင်းတယ်၊ အယူအဆလဲ ကောင်းတယ်၊ ကြီးပွားဦးမှာပဲတဲ့" လို့ ကိုအောင်ဆန်းနဲ့ ပတ်သက်ပြီး ပြောပြလိုက်သတဲ့။ (ဒီတုန်းက ဆရာကြီးက ကျောင်းဆရာကြီး၊ ဗိုလ်ချုပ်အောင်ဆန်းက ကောလိပ်ကျောင်းသားပဲ၊ ကျောင်းဆရာဆိုတာက တပည့်တပန်းတွေကို "ဒီကောင် ဟိုကောင်"အဲဒီလို ခေါ်လေ့ခေါ်ထရှိလို့ ဦးထွန်းမောင်က ကျမ်းပြုသူကို ပြောပြလို့ သူ့အခေါ်အတိုင်းရေးသား ဖော်ပြချက်ကို ခွင့်လွှတ်ကြပါရန် **(ကျမ်းပြုသူ)**

ဒီလိုအင်္ဂလိပ်စာကို အင်္ဂလိပ်စာတတ်-အင်္ဂလိပ်တစ်ယောက်ထက်တော့ သူ့ပညာမသာတောင် တန်းတူလိုက်နေကြောင်း၊ ပြီးခဲ့တဲ့ ဆောင်းပါးများနဲ့ အဖြစ်အပျက်တွေက အကောင်းဆုံး သက်သေခံခဲ့ပါတယ်။

ဒီအထဲ အရပ်ထဲက ရုံးကနားနဲ့ ပတ်သက်တာပဲ ဖြစ်ဖြစ်၊ နိုင်ငံရေး၊ လူမှုရေးကိစ္စတွေနဲ့ ပတ်သက်လို့ပဲဖြစ်ဖြစ်၊ ဆရာကြီးထံ လာရောက်အကူအညီတောင်းကြပါတယ်၊ ဆရာကြီးကလဲ သူ့ပညာကို အခကြေးငွေနဲ့ တန်ရာတန်ဖိုးရမှ လုပ်မယ်လို့ နှုတ်ကလဲ ရေလာမြောင်းပေး မပြော၊ ဟန်အမူအရာကလဲ မပြောဘဲ ချက်ချင်း ကောက်ကာငင်ကာ လုပ်ပေးလေ့ရှိတယ်။

အစိုးရဝန်ထမ်းတွေ ပြည်သူ့ဝန်ထမ်းတွေကို ပြည်သူ့ငွေနဲ့ ပြည်သူ့ကိုယ်စား အစိုးရက ဝန်ထမ်းတွေကို လခကြီးငယ်ပေးပြီး ခန့်ထားပါတယ်၊ ဒါကို ဝန်ထမ်းတွေက သဘောမပေါက်ကြဘူး၊ ဟိုဖိုင် ဆွဲယူလှန်လှော

*စာမျက်နှာ ၁၀ သို့*

**"ဆရာကြီးဟာ အင်္ဂလိပ်စာတတ်၊ အင်္ဂလိပ်တစ်ယောက်နဲ့ တန်းတူရည်တူ အင်္ဂလိပ်စာ တတ်မြောက်တာဟာ သိမ်မဆန်းဘူးလို့ ပြောတယ်တဲ့၊ သူပြောတာက "အင်္ဂလိပ်စာတတ်ချင်ရင် အင်္ဂလိပ်စာ များများဖတ်ရမယ်" တဲ့၊ အဲဒါ အပြောအတိုင်းလဲ သူဟာ ပိုက်ဆံရှိရင် အင်္ဂလိပ်စာအုပ်ဟောင်းတွေပဲ ဝယ်ဝယ်ဖတ်သတဲ့၊ သူ့ကျောင်းမှာရှိတဲ့ စာကြည့်တိုက်က စာအုပ်တွေဆိုရင်လဲ သူမဖတ်ဖူးတာ မရှိဘူး"**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
သတင်းထုတ်ပြန်ချက်အမှတ်၊ ၂၇ / ၂၀၂၀
၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၉ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၃ ရက်)

## “တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း”

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** သို့ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည် -

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်း ဒေသကြီး၊ ပင်လည်ဘူးမြို့နယ်၊ နောင်မူးကျေးရွာနေ မောင်ညိုသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၇-၂၀၂၀ ရက်နေ့တွင် ပင်လည်ဘူးမြို့နယ်၊ နောင်မူးကျေးရွာနေ မောင်ညို (၄၁)နှစ်၊ (ဘ) ဦးသာရင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီး ရမိသဖြင့် မမစ(ပင်လည်ဘူး) မယ(ပ)၁၀၄/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂ | တနင်္သာရီတိုင်း ဒေသကြီး၊ ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်အတွင်း မူးယစ်ဆေးဝါး သုံးစွဲ / ဖြန့်ဖြူးရောင်းချသူပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၂၃)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား (၂၃) ဦး၊ မ (၄) ဦး၊ ပေါင်း (၂၇) ဦးတို့အား စိတ်ကြွဆေးပြားများ၊ စိတ်ကြွဆေးပြားအကြေမှုန့်များ၊ ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၇-၇-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်နေ ဇော်ဌေး (ခ) ရှီဘိုင် (၃၈) နှစ်၊ (ဘ) ဦးအောင်မြင့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ICE များ၊ ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကော့သောင်း) မယ(ပ) ၁၃၉/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အဘစ် - ခလယ် တံခွန်တိုင် ကျေးရွာသွား လမ်းပေါ်၌ မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးရောင်းချသူ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု (၁၅) မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား (၂၇) ဦးတို့အား ဘိန်းစာရွက်များ၊ စိတ်ကြွဆေးပြားများနှင့်အတူဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၉-၇-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ မုဒုံမြို့နယ်၊ အဘစ်ကျေးရွာအနီး အဘစ်-ခလယ်တံခွန်တိုင်သွား ကားလမ်းပေါ်၌ ၎င်းကျေးရွာနေ စည်သူစိုး (၂၃) နှစ်၊ (ဘ) ဦးမြင့်ဌေးနှင့် ထက်လင်းစိုး (၂၂) နှစ်၊ (ဘ) ဦးထွန်းသိန်းတို့ စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ကမာဝက်) မယ(ပ)၃၉/ ၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | ရန်ကုန်တိုင်း ဒေသကြီး၊ ဆိပ်ကြီးခနောင်တို မြို့နယ်၊ ခနောင်တို အရှေ့ရပ်ကွက်နေ ကိုဝတုတ် သည် မူးယစ်ဆေးဝါးများ သုံးစွဲ / ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၅-၇-၂၀၂၀ ရက်နေ့တွင် ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ခနောင်တိုအရှေ့ရပ်ကွက်၊ ဈေးလမ်း၌ ၎င်းရပ်ကွက်နေ ကျော်ဝေဇင် (ခ) ဝတုတ် (၂၅) နှစ်၊ (ဘ)ဦးအေးသောင်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဆိပ်ကြီးခနောင်တို) မယ(ပ)၇/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၄) ရပ်ကွက်နေ ဘဲဥ (ခ) မုန်လာဥ သည် မူးယစ်ဆေးဝါးများ သုံးစွဲ / ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်း ပေးပို့ခြင်း။ | ၅-၇-၂၀၂၀ ရက်နေ့တွင် မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၄) ရပ်ကွက်နေ မျိုးဝင်းထွဋ် (ခ) ဘဲဥ (ခ) မုန်လာဥ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ (၄) ရပ်ကွက်နေ မင်းမင်းထွန်း (၃၀) နှစ်၊ (ဘ)ဦးအောင်စိန်နှင့် (၂) ရပ်ကွက်နေ နေမိုးသူ (၂၈) နှစ်၊ (ဘ) ဦးမောင်မောင်မြင့်တို့ (၃) ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့် အတူဖမ်းဆီးရမိသဖြင့် နမစ(ရွှေပေါက်ကံ) မယ(ပ)၁၁/ ၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၆ | ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကမ်းနားအနောက် ရပ်ကွက်နေ မမွှေးမွှေး သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၅-၇-၂၀၂၀ ရက်နေ့တွင် အင်းစိန်မြို့နယ်၊ ကမ်းနားအနောက်ရပ်ကွက်နေ မွှေးမွှေး (ခ) မွှေးမွှေးကြည် (၃၅) နှစ်၊ (ဘ) ဦးတင်ရွှေ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ICE များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အင်းစိန်) မယ(ပ)၁၂၀/၂၀၂၀၊ မူး/ စိတ် ပုဒ်မ ၁၉(က)/၂၀(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | ရန် ကုန် တိုင်း ဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးမြရပ်ကွက်နေ မချစ်မိုးဆွေ သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၆-၇-၂၀၂၀ ရက်နေ့တွင် ကြည့်မြင်တိုင်မြို့နယ်၊ ဦးမြရပ်ကွက်နေ မချစ်မိုးဆွေ (ခ) ဂေါ်ဖီထုပ် (၂၂) နှစ်၊ (ဘ) ဦးအောင်လင်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်းနေ သဲဝေ (၃၄) နှစ်၊ (ဘ) ဦးဟန်ထွန်း၊ လှဝင်းထွန်း (၃၁) နှစ်၊ (ဘ) ဦးထွန်းလှတို့ (၃) ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(စက်ဆန်း) မယ(ပ)၁၆/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၈ | ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကမ်းနားအနောက် ရပ်ကွက်၌ မူးယစ်ဆေးဝါး သုံးစွဲ / ဖြန့်ဖြူးရောင်းချသူ ပေါများလျက်ရှိကြောင်း သတင်း ပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု (၂) မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား (၆) ဦးတို့အား စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများ၊ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၇-၇-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ အင်းစိန်မြို့နယ်၊ ကမ်းနားအနောက်ရပ်ကွက်၊ ခနသိဒ္ဓိလမ်းပေါ်၌ မြို့သစ်ဈေးအောက်ပိုင်းရပ်ကွက်နေ မြတ်မင်းနိုင် (ခ) နားပါး (၂၁) နှစ်၊ (ဘ) ဦးမောင်မောင်အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (အင်းစိန်) မယ (ပ)၁၂၂/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က) ဖြင့် လည်းကောင်း၊ အလားတူ ၎င်းရပ်ကွက်၊ သဒ္ဒါသုခလမ်းထောင့်၌ ၎င်းရပ်ကွက်နေ နေလင်း (ခ) ဖိုးရှဲ (၄၁) နှစ်၊ (ဘ) ဦးပိန်အား WY စာတန်းပါ စိတ်ကြွဆေးပြားများ ICE များ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အင်းစိန်)မယ(ပ) ၁၂၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉ (က)/ ၂၀(က) ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ ၎င်းရပ်ကွက်၊ ခနသိဒ္ဓိလမ်းပေါ်၌ ၎င်းရပ်ကွက်နေ စည်သူအောင် (ခ) မျောက်ကြီး (၃၀) နှစ်၊ (ဘ) ဦးဌေးရီအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (အင်းစိန်) မယ(ပ)၁၂၄/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၀ (က) ဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကမ်းနားအနောက် ရပ်ကွက်နေ ရွှေမန်း သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၇-၂၀၂၀ ရက်နေ့တွင် အင်းစိန်မြို့နယ်၊ ကမ်းနားအနောက်ရပ်ကွက်နေ ရွှေမန်း (ခ) ခင်လှိုင် (၆၄) နှစ်၊ (ဘ) ဦးသန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူနေ ဝင်းထက်ကျော် (၂၅) နှစ်၊ (ဘ) ဦးစန်းညွှန့်နှင့် မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်နေ ရဲနိုင်ထွန်း (၃၃) နှစ်၊ (ဘ) ဦးစောထွန်းထွန်းလင်းတို့ (၃) ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အင်းစိန်) မယ(ပ) ၁၂၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၀ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၄၆) ရပ်ကွက်နေ ကိုနိုင်ကြီး သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၇-၂၀၂၀ ရက်နေ့တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ မာဃလမ်း၊ အမှတ် (၁၀၆၅) နေ ကိုနိုင်ကြီး (ခ) ကိုကိုနိုင် (ခ) ကိုနိုင် (၅၅) နှစ်၊ (ဘ) ဦးတင်ရွှေ၏ နေအိမ်အားဝင်ရောက်ရှာဖွေရာ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒဂုံမြောက်) မယ(ပ)၂၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၁ | ရန်ကုန်တိုင်း ဒေသကြီး၊ သာကေတမြို့နယ်၊ လေးတောင်ရပ်ကွက်နေ မျိုးသီဟသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၇-၂၀၂၀ ရက်နေ့တွင် သာကေတမြို့နယ်၊ လေးတောင်ရပ်ကွက်နေ မျိုးသီဟ (၁၇) နှစ်၊ (ဘ) ဦးအောင်ထွေး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (သာကေတ) မယ(ပ)၃၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၂ | ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ဖယ်ခုံမြို့၊ အနောက်ရပ်ကွက်နေ မောင်ယိုးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၅-၇-၂၀၂၀ ရက်နေ့တွင် ဖယ်ခုံမြို့၊ အနောက်ရပ်ကွက်နေ မောင်ယိုး (၄၇) နှစ်၊ (ဘ) ဦးထား၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖယ်ခုံ)မယ(ပ) ၂၀/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၃ | ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ လဲချားကျေးရွာနေ ကျော်စိုးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၇-၂၀၂၀ ရက်နေ့တွင် ရပ်စောက်မြို့နယ်၊ လဲချားကျေးရွာနေ ကျော်စိုး (၄၂) နှစ်၊ (ဘ) ဦးဘဆောင်၏ လယ်တဲအား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ရပ်စောက်) မယ(ပ) ၄၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၁၁-၇-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၁၂၄၆) မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံ ကျား (၁၆၁၀) ဦး၊ မ (၃၁၂) ဦး၊ ပေါင်း (၁၉၂၂) ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ (၉၅၆၉.၆၁၁၄) ဂရမ်၊ ICE (၁၄၃၂.၄၂) ဂရမ်၊ ဘိန်း (၄၃၆၅၄.၂၂၈၈၆) ဂရမ်၊ အဆင့်နိမ့်ဘိန်း (၁၃၆၇.၉၆) ဂရမ်၊ ဘိန်းစာမှုန့် (၅၃၃၆၃.၇၆) ဂရမ်၊ ဘိန်းစာရွက် (၁၅၀၉၇.၃၂) ဂရမ်၊ ဘိန်းစာရည် (၂.၅) လီတာ၊ စိတ်ကြွဆေးပြား (၆၄၉၇၅၇) ပြား၊ ဆေးခြောက် (၁၃၁၄၉.၂၃) ဂရမ်၊ ဘိန်းရည် (၀.၁) လီတာ၊ ဘိန်းဆီခဲ (၆၃၀.၂၈) ဂရမ်၊ ဘိန်းစေ့ (၆၀) ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့် (၆၀.၁၅) ဂရမ်၊ Ecstasy အကြေ (၀.၀၀၁) ဂရမ်၊ လက်နက်မျိုးစုံ (၂၆) လက်၊ ကျည်မျိုးစုံ (၆၀၉) တောင့်၊ လက်ပစ်ဗုံး (၁) လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည် -

**ဆက်သွယ်ရန် -**

အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇-၃၉၀၂၀၀
ဖက်စ်ဖုန်းနံပါတ် - ၀၆၇-၃၉၀၂၃၃
အီးမေးလ်လိပ်စာ - antinarcotics@presidentoffice.gov.mm

# ၂၀၂၀-၂၀၂၁ ပညာသင်နှစ် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေးသီတင်းပတ်အခမ်းအနား ကျင်းပ




**နေပြည်တော် ဇူလိုင် ၁၃**

၂၀၂၀-၂၀၂၁ ပညာသင်နှစ် ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေးသီတင်းပတ်အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲက နေပြည်တော် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့် မိဘ၊ ကျောင်းအုပ်၊ ဆရာ၊ ကျောင်းသားများ လိုက်နာရမည့် စည်းကမ်းချက်များကို တိကျစွာလိုက်နာ၍ ကျောင်းနေအရွယ်ကလေးငယ်အားလုံး ပညာသင်ယူမှု မဆုံးရှုံးရေးအတွက် ကျန်းမာရေးနှင့်ညီညွတ်သော လုံခြုံဘေးကင်းသည့် အရည်အသွေး အကောင်းဆုံးရရှိစေရန် စီစဉ်ထားရှိပါကြောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကိုဗစ်-၁၉ ကာကွယ်ရေးနည်းပညာပံ့ပိုးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အာဆီယံဒေသတွင်းဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံတွင်လည်း ဩဂုတ် ၂၄ ရက်တွင် ကျောင်းများပြန်လည်ဖွင့်လှစ်ရန် စီစဉ်နေကြပြီဖြစ်ပါကြောင်း၊ ကျန်သော နိုင်ငံများတွင် ကျောင်းများအားလုံး ပြန်လည်ဖွင့်လှစ်နေကြပြီဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် သင်ယူမှုမဆုံးရှုံးရေး မည်သည့်ခွဲခြားမှုမျှမရှိရေး၊ တစ်ဦးတစ်ယောက်မျှမကျန်ရှိရေး၊ ကျောင်းထွက်သူမရှိရေး အဓိကထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိတွေ့မှုလျှော့ချ၍ လူအုပ်စုမဖြစ်ပေါ်စေရေး တစ်ဦးနှင့်တစ်ဦး (၆)ပေစီခြား၍ စီစဉ်ဆောင်ရွက်ရသဖြင့် မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသား စုစုပေါင်းဦးရေနှင့် စာသင်ခန်း စာသင်ခုံ ဆရာဦးရေတို့အရ စာသင်ခန်းတစ်ခန်းတွင် (၂၀) ဦး အတွက်သာ ခုံစီထားပါကြောင်း။

ကျောင်းများအနေဖြင့် ပုံမှန်ဖွင့်သည့် ကျောင်းများ၊ တစ်ပတ်ခြားကျောင်းများ၊ တစ်ပတ်ခြား နှစ်သုတ်တက်ကျောင်းများ၊ တစ်ပတ်ခြား နှစ်သုတ် သုံးရက်တက်ကျောင်းများဖြင့် စီစဉ်ထားရှိပါကြောင်း၊ သင်ယူတတ်မြောက်မှုအရည်အသွေး ကောင်းမွန်စေရေးတွက် ၂၁ ရာစုနှင့် လိုက်လျောညီထွေရှိသော သင်ရိုးညွှန်းတမ်း၊ သင်ကြားသင်ယူမှုနည်းလမ်းများ၊ ကျန်းမာရေးအသိပညာပေး သင်တန်းများကိုလည်း အွန်လိုင်းသင်တန်းများ၊ ကာလတို အရည်အသွေးမြှင့် မွမ်းမံသင်တန်းများဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ ကျောင်းသုံးဖတ်စာအုပ်များ၊ ဗလာစာအုပ်များကို အချိန်မီပုံနှိပ်ဖြန့်ဝေနိုင်ရေး စီမံကြီးကြပ်ပေးခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန ပြန်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပုံနှိပ်လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရေးအတွက် ပြန်လည်အသုံးပြု၍ရသည့် အဝတ်ဖြင့်ပြုလုပ်ထားသော မတ်စ်ခ် (၂) ခု၊ မျက်နှာကာ (၁) ခုစီအား ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများ အားလုံးသို့ အခမဲ့ဖြန့်ဝေပေးရန် စီစဉ်ထားရှိပါကြောင်း၊ အသက်ကြီးသူများ ကျောင်းပို့၊ ကျောင်းကြို မပြုလုပ်ရန် မေတ္တာရပ်ခံထားပါကြောင်း၊ ကျောင်းပို့ကြိုသူတစ်ဦးသာခွင့်ပြု၍ နေရပ်လိပ်စာ၊ တယ်လီဖုန်းမှတ်တမ်း ထားရှိမည်ဖြစ်ပါသဖြင့် ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးပါကြောင်း။

ကျောင်းသို့လာစဉ်/ ကျောင်းပို့ကြိုကားများ/ စာသင်ခန်းတွင်း/ မုန့်စားဆင်းချိန်/ ကျောင်းမှ အိမ်သို့ပြန်စဉ် လိုက်နာရန်စည်းကမ်းများကို လိုက်နာဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊ ကျောင်းသို့ရောက်ရှိပါက (၆) ပေစီခြား၍ ကိုယ်ပူချိန်တိုင်းမည်ဖြစ်ပါကြောင်း၊ ကိုယ်ပူချိန်မြင့်မားပါက ခေတ္တခဏ အနားယူစေပြီး ကိုယ်ပူချိန် ထပ်မံတိုင်းမည်ဖြစ်ပါကြောင်း၊ ကိုယ်ပူချိန်မြင့်မားနေပါက ဆေးရုံသို့ ဆက်သွယ်၍ ဆေးကုသမှုခံယူစေမည်ဖြစ်ပါကြောင်း၊ ဖျားနာချောင်းဆိုးရှိသော ဆရာ၊ ကျောင်းသား၊ ဝန်ထမ်းများ ရှိလာပါကလည်း ခွင့်တိုင်ကြားပြီး ဆေးကုသမှု ခံယူရမည်ဖြစ်ပါကြောင်း၊ ၆ ပေစီခြား တန်းစီ၍ ရေနှင့်ဆပ်ပြာ သို့မဟုတ် လက်ဆေးဂျယ်တို့ဖြင့် စနစ်တကျ လက်ဆေးရန်၊ (၆)ပေစီခြား တန်းစီ၍ စာသင်ခန်းအတွင်း သို့ဝင်ရန်၊ (၆) ပေစီခြား တန်းစီ၍ သန့်စင်ခန်းများ အသုံးပြုရန်လည်း စီစဉ်ထားရှိပါကြောင်း၊ ကျောင်းအုပ်၊ ဆရာ ဆရာမများကလည်း ကျောင်းဖွံ့ဖြိုးရေးရန်ပုံငွေများ၊ ပညာသင်ထောက်ပံ့ကြေးများအတွက်လည်း လက်စွဲစာအုပ်များနှင့်အညီ အကျိုးရှိထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် မိဘများ၊ ရပ်ရွာတာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုပါကြောင်း။

ကျောင်းလုံခြုံရေးအတွက်လည်း ကျောင်းအုပ်၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပူးပေါင်း၍ တာဝန်ရှိသူများ၊ မိဘအုပ်ထိန်းသူ ပြည်သူများအားလုံးတို့က ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ အရည်အသွေးရှိသော သင်ယူတတ်မြောက်မှုရှိစေရေးအတွက် ဆရာ ဆရာမများက အဓိကဖြစ်ပါသဖြင့် စေတနာ၊ မေတ္တာ၊ ကရုဏာဖြင့် ကျောင်းသားကျောင်းသူများ၏ ကျန်းမာရေး၊ လုံခြုံဘေးကင်းရေး၊ သင်ယူတတ်မြောက်မှု အရည်အသွေးကောင်းမွန်ရေးတို့အတွက် ကိုယ်စွမ်း ဉာဏ်စွမ်းအကောင်းဆုံးဖြင့် ဆောင်ရွက်ပေးစေလိုပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီးများ၊ အုပ်ချုပ်ရေးမှူးများ၊ ကျန်းမာရေးတာဝန်ရှိသူများ၊ လူဝင်မှုကြီးကြပ်ရေး တာဝန်ရှိသူများ၊ ပြည်သူ့ရဲများ၊ လူမှုဝန်ထမ်းမှ တာဝန်ရှိသူများ၊ မိဘဆရာအသင်းများ၊ ကျောင်းသားဟောင်းများ၊ မိဘအုပ်ထိန်းသူများ၊ ပြည်သူများနှင့် ကျောင်းအုပ်၊ ဆရာ ဆရာမများ၊ တာဝန်ရှိသူများအားလုံး ညီညီညွတ်ညွတ်ဖြင့် နိုင်ငံ့အနာဂတ်ရတနာများဖြစ်သည့် ကျောင်းသားကျောင်းသူများအားလုံးတို့ကို လူသားကောင်းများ၊ ပူးပေါင်းဆောင်ရွက်တတ်သူများ၊ တာဝန်ယူ တာဝန်ခံ ဆောင်ရွက်တတ်သူများ၊ ဆန်းသစ်တီထွင် ဖန်တီးနိုင်စွမ်းရှိသူများဖြစ်လာစေရန် ပူးပေါင်းဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံပါကြောင်း စသည်ဖြင့် အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အခမဲ့ဗလာစာအုပ်နှင့် ပုံနှိပ်စာအုပ်များကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဒက္ခိဏသီရိမြို့နယ်သို့ လည်းကောင်း **(အပေါ်ပုံ)**၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ဇမ္ဗူသီရိမြို့နယ်သို့ လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ပျဉ်းမနားမြို့နယ်သို့ လည်းကောင်း၊ နေပြည်တော်ကောင်စီ ကောင်စီဝင် ဦးတင်ထွန်းက လယ်ဝေးမြို့နယ်သို့ လည်းကောင်း၊ မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မြင့်က ဥတ္တရသီရိမြို့နယ်သို့ လည်းကောင်း၊ ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်ဝင်းက ဇေယျာသီရိမြို့နယ်သို့ လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦးက တပ်ကုန်းမြို့နယ်သို့ လည်းကောင်း ပေးအပ်ရာ သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးများက လက်ခံရယူကြသည်။

ယင်းနောက် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ကျောင်းများသို့ ဘေစင်နှင့်နှာခေါင်းစည်းများ ပေးအပ်လှူဒါန်းသည့် အလှူရှင်အား အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ရာ အလှူရှင် ကျောက်စိမ်းတည်းခိုခန်းပိုင်ရှင် ဦးခင်တိုးက လက်ခံရယူသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များ စာသင်ခန်းအလိုက် ကျောင်းအပ်လက်ခံနေမှုများနှင့် ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးကြောင်း သိရသည်။

သတင်းစဉ်

---

*စာမျက်နှာ ၈ မှ*

သလိုလို၊ ဟိုဖိုင်ဒီဘက်စားပွဲထောင့် ရွှေ့၊ ဒီဘက်ဖိုင်ကို ဟိုဘက်စားပွဲ ရွှေ့လိုရွှေ့၊ ထပြီး ဗီရိုဖွင့်ပြီး လှန်လှော ရှာလိုရှာနဲ့ သူတို့ကိုယ်သူတို့ အလုပ်များအောင် လုပ်ပြနေတယ်၊ ဒီအတွင်းမှာ ပြည်သူက သူ့လုပ်ငန်း အောင်မြင်ရင် ပြီးရောဆိုပြီး ငွေစကလေးများ တဲ့တိုးစကားနဲ့ လာဘ်အဖြစ်၊ ခပ်ယဉ်ယဉ်ဆိုရင် ဆုကြေးအဖြစ် ချပေးမလားလို့ မျှော်လင့်ချက်နဲ့ အလုပ်များအောင် လုပ်နေတယ်၊ ဘယ်လိုမှ လာဘ်ပေးတာ မမြင်ရင် မနက်ဖြန်၊ နောက် မနက်ဖြန်၊ ဖြစ်နိုင်ရင် ပသီပုံပြင်လို တစ်ထောင့် တစ်ညနဲ့ ရက်ရွှေ့လိုက်ချင်မှာပဲ။

သူတို့ရဲ့ နည်းဗျူဟာကို ရိပ်မိလို့ သူတို့သည်းခြေကြိုက် ငွေစလေးများကို လာဘ်အဖြစ် ဆက်သလိုက်ရင်တော့ အပြုံးပေါင်း တစ်ထောင်မျက်နှာနဲ့ အလုပ်ကို ချက်ချင်းပဲ ဆောင်ရွက်ပေးလိုက်တတ်ကြတယ်။

ဝန်ထမ်းဆိုပေမယ့်လဲ ဝန်ထမ်းစိတ်ရှိသူကား အလွန်နည်းလှပါတယ်။

ဆရာကြီးကမူ သူ့အသက်သွေးချွေးနဲ့ ကိုယ်ခန္ဓာတစ်ခုလုံးကို ပြည်သူ့အတွက် လှူဒါန်းထားပြီးတဲ့ လူမို့လားမသိ၊ ပြည်သူ့တာဝန်ကို အသပြာငွေတစ်စမှ မယူဘဲ တစ်ထိုင်တည်း လုပ်ကိုင်ပေးလိုက်တာချည်းပါပဲတဲ့။

တစ်ခါတစ်ခါ မဲ့ပြုံးကလေးနဲ့ ဆရာဦးထွန်းမောင်ကို "ကိုထွန်းမောင်ရေ ကျုပ်ကတော့ လျှောက်လွှာစာရေး ဖြစ်မှန်းမသိ ဖြစ်နေပြီကော"လို့ ပြောပါသေးတယ်ဆိုပဲ။

လူမှုဝန်ထမ်းစိတ်အပြည့်နဲ့ ပြည်သူ့တာဝန် ကြီးငယ်မရွေး ဆောင်ရွက်ပေးတတ်လို့နဲ့ တူပါတယ်၊ ပြည်သူချစ်သော ဆရာကြီးအဖြစ်သို့ သူ့အား ပြည်သူတွေရဲ့ နှလုံးသည်းပွတ်ထဲမှာ ကမ္ပည်းထိုးထားကြပေသကိုး။

* * * * *

ဤဆောင်းပါးကို အောက်ပါပုဂ္ဂိုလ်များ၏ ပြောပြချက်များမှ ကောက်နုတ်ပေါင်းစပ် ရေးသားဖော်ပြခြင်း ဖြစ်ပါတယ်။

(ကျမ်းပြုသူ)

| | |
|---|---|
| ပုဂ္ဂိုလ်များ | = ဆရာဦးထွန်းမောင်၊ ဗဟိုအမျိုးသားကျောင်းဆရာဟောင်း။ |
| | = ဦးချစ်ဆွေ၊ အပါးတော်မြဲ၊ မန္တလေး။ |
| | = ဦးဘကြူး၊ ဆရာကြီး ဦးရာဇတ်ရဲ့ ညီ၊ မန္တလေး။ |
| | = ဆရာဗိုလ်ခင်မောင်ကလေး၊ ဖဆပလဝန်ကြီးဟောင်း၊ ရန်ကုန်။ |
| | = ဒေါက်တာခင်မောင်ညွန့် (အမ်အေ၊ပီအိပ်ချ်ဒီ) သမိုင်းဌာနမှူး (သမိုင်းဌာန) ပညာရေးတက္ကသိုလ်၊ ရန်ကုန်။ |
| | = ဦးသာဒွန်း တယ်လီဖုန်းဆက်သွယ်ရေး အင်ဂျင်နီယာ၊ မန္တလေး |

---

## အမြုပ်မီးသတ်ယာဉ်၊ စက်လှေပေးအပ်ပွဲနှင့် သင်တန်းဖွင့်ပွဲသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

**မော်လမြိုင် ဇူလိုင် ၁၃**

မွန်ပြည်နယ် မီးသတ်ဦးစီးဌာန၌ ယနေ့ နံနက်က အမြုပ်မီးသတ်ယာဉ်၊ စက်လှေပေးအပ်ပွဲနှင့် အရေးပေါ်မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း (၁/၂၀၂၀) ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဝယ်ယူထားသော အမြုပ်မီးသတ်ယာဉ်နှင့် စက်လှေများကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးပြီး အမြုပ်မီးသတ်ယာဉ်၊ စက်လှေနှင့် ဆိုင်သော စာရွက်စာတမ်းများကို မြို့နယ်မီးသတ်ဦးစီးဌာန တာဝန်ခံများထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ မော်လမြိုင်မြို့နယ် အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများတွင် တာဝန်ထမ်းဆောင်နေသော သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ အား ထောက်ပံ့ငွေနှင့် ယူနီဖောင်းများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အရေးပေါ်မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း (၁/၂၀၂၀)ကို ဖွင့်လှစ်ပေးခဲ့သည်။ သင်တန်းကာလမှာ ဇူလိုင် ၁၃ ရက်မှ ၂၄ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသား ၅၀ ဖြင့် စာတွေ့ လက်တွေ့ သင်ကြားပေးမည်ဖြစ်သည်။

**စမ်းစမ်းနွယ် (ပြည်နယ် ပြန်/ဆက်)**

# တောင်ကြီးမြို့ပေါ် ရပ်ကွက်များရှိ အခြေခံပြည်သူများအား စားနပ်ရိက္ခာများ ဒုတိယအကြိမ် ဆက်လက်ထောက်ပံ့

**တောင်ကြီး ဇူလိုင် ၁၃**

ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေး ကော်မတီအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့် ကာလအတွင်း အခြေခံပြည်သူများအား ထောက်ပံ့ပေးနိုင်ရန် စီမံဆောင်ရွက်ထားသည့် ရိက္ခာ၊ ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများကို မေ ၂၁ ရက်မှ စတင်ထောက်ပံ့လျက်ရှိရာ ယနေ့ နံနက် ၈ နာရီက တောင်ကြီးမြို့ရှိ ရပ်ကွက် (၂) ရပ်ကွက်မှ အခြေခံပြည်သူလူထုများအား ဒုတိယအကြိမ် လက်ဝယ်အရောက် ဖြန့်ဝေလှူဒါန်းပေးအပ်ကြောင်း သိရသည်။

ယင်းသို့ ဖြန့်ဝေလှူဒါန်းရာသို့ ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ ကော်မတီဝင်များ၊ ပရဟိတအဖွဲ့ဝင်များက တောင်ကြီးမြို့ စိန်ပန်းရပ်ကွက်နှင့် ရွှေတောင်ရပ်ကွက် နှစ်ခုရှိ အခြေခံပြည်သူအိမ်ထောင်စု ၁၁၈၀ တို့အား ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများပါဝင်သည့် ရိက္ခာထုပ်ပေါင်း ၁၆၇၈ ထုပ်ကို ဖြန့်ဝေပေးခဲ့သည်။ **(ယာပုံ)**

ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီအနေဖြင့် တောင်ကြီးမြို့ပေါ် ရပ်ကွက်များရှိ အခြေခံပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများ ပါဝင်သည့် စားနပ်ရိက္ခာထုပ်များ ဒုတိယအကြိမ် ဆက်လက်ဖြန့်ဝေသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ယင်းကော်မတီမှ သိရသည်။

**စိုးညွန့်ရွှေ (ပြည်နယ်ပြန်/ဆက်)**



# ပြည်တွင်းဘောလုံးပြိုင်ပွဲများ ပြန်လည်ကျင်းပရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ လာရောက်စစ်ဆေး

**ရန်ကုန် ဇူလိုင် ၁၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများသည် ပြည်တွင်း ဘောလုံးပြိုင်ပွဲများ ပြန်လည်ကျင်းပရန် ပြင်ဆင်ဆောင်ရွက်ထားမှုများအား ယနေ့ မွန်းလွဲပိုင်းက လာရောက်စစ်ဆေးခဲ့သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် MNL ပြိုင်ပွဲအပါအဝင် ပြည်တွင်းဘောလုံးပြိုင်ပွဲများ ပြန်လည်ကျင်းပရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနထံ တင်ပြခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ပြင်ဆင်ထားမှုများအား လာရောက်စစ်ဆေးခဲ့ခြင်း ဖြစ်သည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများသည် ရှေးဦးစွာ မြန်မာနေရှင်နယ်လိဂ်ကလပ် ရန်ကုန်ယူနိုက်တက်အသင်း၏ YUSC ကွင်းသို့ သွားရောက်စစ်ဆေးခဲ့ပြီး ကျန်းမာရေးနှင့်အညီ ပြင်ဆင်ထားမှုများ၊ ဆောင်ရွက်ထားမှုများ၊ ပြိုင်ပွဲကျင်းပမည့်ကွင်း၊ အဝတ်လဲခန်း၊ Gym ခန်းမ၊ ထမင်းစားခန်း၊ ကစားသမားများ အိပ်ဆောင်တို့ကို သွားရောက်စစ်ဆေးခဲ့သည်။ ပြင်ဆင်ဆောင်ရွက်ထားမှုများအား ရန်ကုန်ယူနိုက်တက်အသင်း အမှုဆောင်အရာရှိချုပ် ဦးရာဇာထွေးက ရှင်းလင်းတင်ပြပြီး မြန်မာနေရှင်နယ်လိဂ် အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။



ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ သုဝဏ္ဏဘောလုံးကွင်းအတွင်း စစ်ဆေးနေစဉ်။

ယင်းနောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများသည် သုဝဏ္ဏဘောလုံးကွင်းသို့ သွားရောက်စစ်ဆေးရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်း၊ မြန်မာနေရှင်နယ်လိဂ် အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်တို့က ရှင်းလင်းတင်ပြသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများသည် သုဝဏ္ဏဘောလုံးကွင်းအတွင်း ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်နှင့်အညီ ပြင်ဆင်ထားမှုများ၊ အဝတ်လဲခန်း၊ Gym ခန်းမနှင့် ဘောလုံးကွင်းအတွင်း ပြင်ဆင် ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်)သို့ သွားရောက်စစ်ဆေးခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းနှင့် တာဝန်ရှိသူများက ကျောင်းပြန်ဖွင့်နိုင်ရေး ပြင်ဆင်ထားမှုများ၊ ကျန်းမာရေးနှင့်အညီ ပြင်ဆင်ထားမှုများအား ရှင်းလင်းပြသကြသည်။

"ကျွန်တော်တို့ရဲ့ ပြင်ဆင်မှုအပိုင်းကိုတော့ အားရကျေနပ်မှုရှိတယ်လို့ သိရပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တာဝန်ရှိသူတွေက ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်တွေအပြင် ရောဂါကူးစက်မှုမရှိဖို့ ဆောင်ရွက်သင့်တာတွေကို လမ်းညွှန်ပါတယ်။ ပိုပြီးတော့ ကျန်းမာရေးနဲ့ညီညွတ်ဖို့အပြင် ရောဂါအန္တရာယ်ကင်းရှင်းဖို့ အသင်းတိုင်းနဲ့ ဒိုင်လူကြီးတွေကို ကျန်းမာရေးစစ်ဆေးဖို့ ညွှန်ကြားပါတယ်။ ကျွန်တော်တို့ဘက်ကလည်း ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်တွေအတိုင်း အမြန်ဆုံးကျင်းပနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ပြိုင်ပွဲကျင်းပခွင့် ရ မရ ဒီရက်ပိုင်းအတွင်း သိရနိုင်မယ်လို့ ယုံကြည်ပါတယ်" ဟု မြန်မာနေရှင်နယ်လိဂ် အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်က ပြောကြားသည်။

**ညီမြတ်သော်တာ**
**ဓာတ်ပုံ - ဖိုးသော်ဇင်**

◆ *ကျောဖုံးမှ*

နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ငါးပွဲတွင်လည်း တစ်ပွဲသာလျှင် သရေကျထားပြီး ကျန်လေးပွဲ အနိုင်ရရှိထားသည်အထိ ခြေစွမ်းထက်မြက်နေသည်။ လိဒ်စ်အသင်း၏ လာမည့်ပွဲစဉ်အဖြစ် ဘန်စလေအသင်းနှင့် ဇူလိုင် ၁၆ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

ချန်ပီယံရှစ်အမှတ်ပေးဇယား၏ အဆင့် (၂) နေရာတွင် ဝက်စ်ဘရွန်းအသင်းက ၄၃ ပွဲကစားပြီး ရမှတ် ၈၁ မှတ်ဖြင့် ရပ်တည်နေသည်။ ဝက်စ်ဘရွန်းအသင်းသည်လည်း ပြီးခဲ့သည့်နှစ်တွင် ပရီမီယာလိဂ်သို့ တန်းတက်ခွင့်ရရှိရန် နီးစပ်ခဲ့ဖူးပြီး ပြိုင်ဘက်အသင်းကို ရှုံးနိမ့်ခဲ့သောကြောင့် ချန်ပီယံရှစ်တွင် ကျန်ရှိနေခြင်းဖြစ်သည်။ သို့သော်လည်း ဝက်စ်ဘရွန်းအသင်းအနေဖြင့် ယခုနှစ်တွင် ခုနစ်မှတ်ရရုံဖြင့် ပရီမီယာလိဂ်သို့ တိုက်ရိုက်တန်းတက်ခွင့်ရရှိမည့် အခွင့်အရေးရှိနေသည်။ ဝက်စ်ဘရွန်းအသင်းသည် ဖူလ်ဟမ်၊ ဟက်ဒါဖီးလ်နှင့် ကျူပီအာအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရန် ကျန်ရှိနေသေးသည်။ ထို့ကြောင့် ဝက်စ်ဘရွန်းအသင်းအနေဖြင့် ကျန်ရှိနေသေးသည့် ပွဲစဉ်များကို အနိုင်ယူပြီး ပရီမီယာလိဂ်သို့ တိုက်ရိုက်တန်းတက်ခွင့်ရရှိသွားမလား ပလေးအော့ဖ်ကစားပြီး ပြီးခဲ့သည့်နှစ်နည်းတူ ချန်ပီယံရှစ်တွင် ကျန်ရှိနေမလား စိတ်ဝင်စားဖွယ်ရာပင်။

လက်ရှိပရီမီယာလိဂ်မှ ချန်ပီယံရှစ်သို့ တန်းဆင်းရမည့်အသင်းတစ်သင်းပေါ်ထွက်လာခဲ့ပြီ ဖြစ်သည်။ ထိုအသင်းမှာ ပြီးခဲ့သည့်နှစ် ချန်ပီယံရှစ်တွင် အမှတ်ပေးဖလားကို ဆွတ်ခူးပြီး တန်းတက်ခွင့်ရရှိခဲ့သည့် နော့ဝှစ်အသင်းပင်ဖြစ်သည်။ နော့ဝှစ်အသင်းသည် ပရီမီယာလိဂ် ပွဲစဉ် (၃၅) ပွဲ ကစားပြီးချိန်တွင် ရမှတ် ၂၁ မှတ်သာ စုဆောင်းထားနိုင်သည့်အတွက် ယခုလို ချန်ပီယံရှစ်သို့ ဆောလျင်စွာ တန်းဆင်းခဲ့ရခြင်းဖြစ်သည်။

ချန်ပီယံရှစ်အမှတ်ပေးပြိုင်ပွဲမှ အဆင့် (၁) နှင့် (၂) ရရှိသောအသင်းသည် ပရီမီယာလိဂ်သို့ တိုက်ရိုက်တန်းတက်ခွင့်ရရှိမည်ဖြစ်ကာ အဆင့် (၃)၊ (၄)၊ (၅)၊ (၆) ရရှိသော အသင်းများအနေဖြင့် ရှုံးထွက်ကစားပြီး အနိုင်ရရှိသည့်အသင်းသာ ပရီမီယာလိဂ်သို့ တန်းတက်ခွင့်ရှိနေသည့်အတွက် မည်သည့်အသင်းက ပရီမီယာလိဂ်သို့ တန်းတက်ခွင့်ရရှိမလဲ ကျန်ရှိနေသေးသည့် ပွဲစဉ် သုံးပွဲက ဆုံးဖြတ်ပေးသွားတော့မည် ဖြစ်သည်။

**အောင်ဇော်**

# သထုံမြို့နယ်တွင် ကျေးရွာလည်ပတ်ရန်ပုံငွေစီမံချက် မိတ်ဆက်ရှင်းလင်းခြင်းနှင့် စီမံကိန်းကော်မတီဖွဲ့စည်းခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၃**

မွန်ပြည်နယ် သထုံမြို့နယ် ရေဝေရွာကြီးကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော Cash For Work စီမံချက်၊ ကျေးရွာလည်ပတ်ရန်ပုံငွေစီမံချက် (Village Revolving Fund Project - VRFP) များ မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း အခမ်းအနားကို ယမန်နေ့က ကျင်းပသည်။



အခမ်းအနားတွင် ကိုဗစ်ကာလ စီးပွားရေးကုစားမှု အစီအစဉ်အရ ကျေးလက်ဒေသနေ မိသားစုများ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်အတွက် ဆောင်ရွက်သည့် အဆိုပါ စီမံကိန်းများနှင့် ပတ်သက်၍ မြို့နယ်ကျေးလက်ဦးစီးမှူးက မိတ်ဆက်ရှင်းလင်း ပြောကြားသည်။ ထို့နောက် စီမံကိန်းကျေးရွာ တာဝန်ခံက ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ကျေးရွာသူ ကျေးရွာသားများ၏ တာဝန်ဝတ္တရားများနှင့် စီမံကိန်းဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မိုးဝင်း (ကျေးလက်)**



# အာဖဂန်နစ္စတန်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့ဝင်အင်အား ၈၆၀၀ အထိ လျှော့ချ

**ကဘူးလ် ဇူလိုင် ၁၃**

အာဖဂန်နစ္စတန်ရှိ အမေရိကန်တပ်ဖွဲ့ဝင်အင်အားကို ၈၆၀၀ အထိ လျှော့ချလိုက်ပြီဟု အမေရိကန်တပ်ဖွဲ့က ပြောသည်။

အာဖဂန်နစ္စတန်ရှိ အတိုက်အခံ အုပ်စုကြီးဖြစ်သည့် တာလီဘန်နှင့် အမေရိကန်တို့ကြား သဘောတူညီမှု အရ အမေရိကန် တပ်ဖွဲ့ဝင်အင်အားကို လျှော့ချသွားမည်ဖြစ်သည်။

အမေရိကန်နှင့် တာလီဘန်တို့သည် ဖေဖော်ဝါရီလ အတွင်းက ငြိမ်းချမ်းရေးသဘောတူညီမှု ပြုလုပ်ခဲ့ပြီး ယင်းသဘောတူညီမှုမှာ အမေရိကန်တို့ အာဖဂန်နစ္စတန် နိုင်ငံတွင် စစ်ရေးအရ ပါဝင်စဉ်မှစတင်ကာ ပထမဆုံး အကြိမ် ရယူနိုင်ခဲ့သည့် သဘောတူညီမှုလည်း ဖြစ်သည်။

၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် အကြမ်းဖက် တိုက်ခိုက်မှု ခံရပြီးနောက် အမေရိကန်တို့သည် အာဖဂန် နစ္စတန်တွင် စစ်ရေးအရပါဝင်လာခဲ့သည်။

တာလီဘန်နှင့်အမေရိကန်တို့၏သဘောတူစာချုပ်အရ ဇူလိုင် ၁၃ ရက်တွင် အမေရိကန်တပ်ဖွဲ့ဝင် အင်အား ၁၃၀၀၀ မှ ၈၆၀၀ အထိ လျှော့ချသွားရန် သဘောတူထားသည်။ ယင်းသို့ တပ်ဖွဲ့ဝင်အင်အား လျှော့ချခြင်းသည် အမေရိကန် သမ္မတ ထရမ့်၏ မဲဆွယ်စည်းရုံးမှု ကတိများ ထဲမှ တစ်ခုဖြစ်သည်။

အာဖဂန်နစ္စတန်ရှိ အမေရိကန် ပြောရေးဆိုခွင့်ရှိသူက တပ်ဖွဲ့ အင်အားလျှော့ချခြင်းလုပ်ငန်း ပြီးစီးသွားပြီဟု အင်န်အိတ်ချ်ကေသို့ ပြောသည်။

ငြိမ်းချမ်းရေးသဘောတူညီမှုအရ ကျန်ရှိနေသေးသည့် အမေရိကန် တပ်ဖွဲ့ဝင်များသည် ၁၄လအတွင်း အာဖဂန် မြေမှ ထွက်ခွာသွားရမည်ဖြစ်သည်။

သို့သော်လည်း တာလီဘန်များသည် အာဖဂန်လုံခြုံ ရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်မှုများပြုလုပ်နေသည့် အတွက် ငြိမ်းချမ်းရေးမှာ အစစ်အမှန် အကောင်အထည် ဖော်နိုင်ခြင်း ရှိ မရှိ ပြောနိုင်ရန် မသေချာပေ။

ဇွန်လနှောင်းပိုင်းမှ စတင်ကာ မြောက်ပိုင်းဘက်ဂ် လန်ပြည်နယ်တွင် တိုက်ပွဲများပြင်းထန်ခဲ့ပြီး လုံခြုံရေး တပ်ဖွဲ့ဝင်များ အပါအဝင် လူပေါင်း ၂၈၀ အထိ သေဆုံး ခဲ့ရကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**



အာဖဂန်နစ္စတန်နိုင်ငံ ရာဘတ်စခန်းတွင် လွန်ခဲ့သောနှစ်က တာဝန်ထမ်းဆောင်ခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်များ ကိုတွေ့ရစဉ်။

## အိုကီနာဝါရှိ အမေရိကန်စစ်အခြေစိုက်စခန်းတွင် ကိုဗစ် - ၁၉ ထပ်မံကူးစက်သူ ၃၂ ဦးတွေ့ရှိ

**တိုကျို ဇူလိုင် ၁၃**

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း အိုကီနာဝါရှိ အမေရိကန်စစ်အခြေစိုက် စခန်းတွင် ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ ၃၂ ဦး ထပ်မံတွေ့ရှိခဲ့သည်ဟု အိုကီနာဝါ ခရိုင်အစိုးရက ဇူလိုင် ၁၃ ရက်တွင် ပြောကြားသည်။

အမေရိကန် လေတပ်စစ်အခြေစိုက်စခန်း ဖူတန်မာအတွင်း ကူးစက်မှု အခြေအနေများကို အိုကီနာဝါအစိုးရထံ အစောပိုင်းက သတင်းပေးပို့ခဲ့ပြီး ဖြစ်သည်။ ကျွန်းများပေါ်ရှိ စစ်အခြေစိုက်စခန်းများတွင် ကူးစက်ခံရသူ စုစုပေါင်းမှာ ၉၈ ဦး အထိ ရောက်ရှိလာပြီဖြစ်သည်။ အမေရိကန်စစ်အခြေစိုက် စခန်းများဖြစ်သည့် ဖူတန်မာနှင့် ဟန်ဆန်စခန်းများအပါအဝင် အခြားသော အခြေစိုက်စခန်းများတွင် အသွားအလာပိတ်ဆို့ကန့်သတ်မှုများ ပြုလုပ်ထား ရန် အိုကီနာဝါအစိုးရက ပြောကြားသည်။ သတင်းအချက်အလက်များ မျှဝေသွားပြီး တုံ့ပြန်မှုများပြုလုပ်သွားမည်ဟု ဂျပန်အစိုးရအဖွဲ့ ဝန်ကြီး ယိုရှိ ဒိုက်ဆူဂါက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ **ကျိုဒိုနယူး**

## မနီလာရှိလူပေါင်း ၂၅၀၀၀၀ကို ပိတ်ဆို့မှုအသစ်ပြုလုပ်

**မနီလာ ဇူလိုင် ၁၃**

မနီလာမြို့ရှိ လူပေါင်း ၂၅၀၀၀၀မှာ အသွားအလာပိတ်ဆို့မှုများ အောက်တွင် ပြန်လည်နေထိုင်ရမည်ဖြစ်သည်ဟု အာဏာပိုင်များက ဇူလိုင် ၁၃ ရက်တွင် ပြောကြားခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ် - ၁၉ ကူးစက်ခံရမှုများ ပြန်လည်မြင့်တက်လာသည့်အတွက် ယခုလိုဆုံးဖြတ်ချက်ချလိုက်ရခြင်း ဖြစ်သည်။ မနီလာမြို့ရှိ အဆင်းရဲဆုံးနေရာတစ်ခုဖြစ်သည့် နာဗိုတက်စ်တွင် လူပေါင်း ၉၃၁ ဦး ကိုဗစ် - ၁၉ ကူးစက်ခံထားရပြီး ၅၉ ဦး သေဆုံးခဲ့ရသည်ဟု အစိုးရ၏အချက်အလက်များအရ သိရသည်။ ပြီးခဲ့သည့်နှစ်ပတ်တာအတွင်း ကူးစက်မှုမြင့်တက်ခဲ့သည့်အတွက် အခုလိုအသွားအလာ ပိတ်ဆို့ကန့်သတ် မှုများပြုလုပ်လိုက်ရခြင်းဖြစ်ကြောင်း ယင်းနေရာတွင် နေထိုင်ကြသူများမှာ လူအချင်းချင်း ခပ်ခွာခွာနေထိုင်ရန် စည်းကမ်းကိုလိုက်နာခြင်းမရှိကြောင်း နာဗိုတက်စ် မြို့တော်ဝန် တိုဘိုင် တီအန်ကိုက ပြောသည်။ **အေအက်ဖ်ပီ**

## ဆန်ဒီယာဂိုရှိ အမေရိကန်ရေတပ်သင်္ဘော မီးလောင်မှုကြောင့် ၂၁ ဦးဒဏ်ရာရ

**လော့စ်အိန်ဂျလိစ် ဇူလိုင် ၁၃**

ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဒီယာဂိုမြို့ရှိ အမေရိကန်ရေတပ် စစ်အခြေစိုက်စခန်းမှ သင်္ဘောပေါ်တွင် ဇူလိုင် ၁၂ ရက်က မီးလောင်မှုကြောင့် သင်္ဘောသား ၁၇ ဦးနှင့် အရပ်သား လေးဦး အပါအဝင် လူပေါင်း ၂၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အာဏာပိုင်များက ပြောသည်။

ယူအက်စ်အက်စ် ဘွန်ဟုမ်းရစ်ချက်ပေါ်တွင် မီးလောင်ခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာရရှိသူများမှာ အသက်အန္တရာယ်မစိုးရိမ်ရဘဲ ဒေသတွင်း ဆေးရုံပေါ်တွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း အမေရိကန် ပစိဖိတ်ရေတပ်စုမှ သတင်းထုတ်ပြန်သည်။

သင်္ဘော အမှုထမ်းအားလုံး သင်္ဘောပေါ်မှ ထွက်ခွာခဲ့ကြပြီး လူဦးရေ အရေအတွက်ကို စာရင်းပြုစုထားကြောင်း အခြားသင်္ဘောများကိုလည်း မီးသတ်ရာတွင် အကူအညီပေးကြရန် ညွှန်ကြားထားကြောင်း သတင်းထုတ်ပြန်ထားသည်။

မီးစတင် လောင်စဉ်က သင်္ဘောပေါ်တွင် သင်္ဘောသား ၁၆၀ ဝန်းကျင်ရှိပြီး ဇူလိုင် ၁၂ ရက် နံနက် ၈ နာရီ ခွဲခန့်တွင် မီးစတင်လောင်ခဲ့ခြင်း ဖြစ်သည်။



ယူအက်စ်အက်စ်ဘွန်ဟုမ်းရစ်ချက် မီးလောင်နေသည်ကို တွေ့ရစဉ်။

အဆိုပါ မီးလောင်မှုကို အဆင့်သုံး အဖြစ်သတ်မှတ်ထားပြီး ဒေသတွင်းနှင့် စစ်အခြေစိုက်စခန်းမှ သင်္ဘောများကိုအသုံးပြုကာ မီးသတ်သမားများက မီးငြိမ်းသတ်နိုင်ရေး ကြိုးပမ်းခဲ့ကြသည်။

ယူအက်စ်အက်စ် ဘွန်ဟုမ်းရစ်ချက် သင်္ဘောသည် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ လုပ်ဆောင်နေချိန်ဖြစ်ပြီး သင်္ဘောသား ၁၀၀၀ ကို တင်ဆောင်နိုင်သည့် ပမာဏရှိကြောင်း အမေရိကန် ရေတပ်ကပြောသည်။

မီးငြိမ်းသတ်နိုင်ရေး ရေတပ်နှင့်အတူ စုစုစည်းစည်းဖြင့် ကူညီပေးခဲ့သည်ဟု ဆန်ဒီယာဂို မီးသတ်ကယ်ဆယ်ရေးဌာနက ပြောသည်။

မီးလောင်ရသည့်အကြောင်းကိုမူ မသိရသေးပေ။ မီးလောင်မှုမြင်ကွင်းကို မြင်တွေ့လိုက်ရသူ အချို့ကမူ ပေါက်ကွဲသံကြားမိကြောင်း ဒေသတွင်း သတင်းဌာနများသို့ ပြောကြားခဲ့ကြသည်။ **ဆင်ဟွာ**



ဆိုးမြို့တော်ဝန်၏ ဈာပနပွဲကို တက်ရောက်လာကြသူများအား တွေ့ရစဉ်။

## သေဆုံးသွားသည့် ဆိုးလ်မြို့တော်ဝန် ဈာပနပွဲကျင်းပ

**ဆိုးလ် ဇူလိုင် ၁၃**

တောင်ကိုရီးယား ဆိုးလ်မြို့တော်ဝန် ပတ်ခ်ဝန်ဆွန်၏အလောင်းကို ဇူလိုင် ၁၃ ရက်က မြှုပ်နှံခဲ့ကြောင်း သိရသည်။ ၎င်းသည် လွန်ခဲ့သည့်သီတင်းပတ်အတွင်းက သေဆုံးသွားခဲ့ခြင်းဖြစ်ပြီး ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်မှုဟု ယူဆဖွယ်ရှိသည်။ အတွင်းရေးမှူးဟောင်းက ပတ်ခ်ဝန်ဆွန်ကို လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုဖြင့် တိုင်ကြားခဲ့ပြီးနောက် မကြာမီတွင် ပတ်ခ်ဝန်ဆွန်၏ အလောင်းကို တွေ့ရှိခဲ့ခြင်း ဖြစ်သည်။ ပတ်ခ်၏ ဈာပနပွဲကို ကိုဗစ်-၁၉ ထိန်းချုပ် ကန့်သတ်မှုများကြောင့် လူပေါင်း ၁၀၀ သာ တက်ရောက်ခွင့် ပြုခဲ့ကြောင်း သိရသည်။

ဈာပနပွဲကို အွန်လိုင်းဖြင့် ကျင်းပခဲ့ကြောင်း သိရသည်။ ပတ်ခ်၏ သမီးဖြစ်သူက မိသားစုကိုယ်စား စကားပြောခဲ့ပြီး ဖခင်ဖြစ်သူမှာ ခရီးရှည်ထွက်သွားပြီး ပြန်မလာနိုင်တော့ကြောင်း ပြည်သူများ စိတ်ကူးခဲ့ရသည့်အတိုင်း ဆိုးလ်မြို့ကို ပျော်ရွှင်ဖွယ်ရာနှင့် လုံခြုံစိတ်ချရသည့် နေရာတစ်ခုအဖြစ် ဖန်တီးရန်တောင်းဆိုကြောင်း ပြောကြားခဲ့သည်။

လွန်ခဲ့သည့် သီတင်းပတ်အတွင်းက ပတ်ခ်၏အလောင်းကို ဆိုးလ်မြို့ မြောက်ပိုင်းတောအုပ်အတွင်း တွေ့ရှိခဲ့ပြီး ရာဇဝတ်မှုကျူးလွန်ခံထားရသည့် လက္ခဏာမျိုး မတွေ့ရှိရကြောင်း ရဲများက ပြောသည်။ ၎င်း၏ ရုံးခန်းအတွင်း တွေ့ရှိခဲ့သည့်စာအရ တောင်းပန် စကားပြောခဲ့ပြီး ဘဝတစ်လျှောက်လုံး မျှဝေခံစားပေးခဲ့သူများကို ကျေးဇူးတင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ပတ်ခ်၏ အတွင်းရေးမှူးအဖြစ် လုပ်ကိုင်ခဲ့သူ အမျိုးသမီးတစ်ဦးက ပတ်ခ်နှင့်ပတ်သက်ပြီး တိုင်ချက်ဖွင့်ထားသည်မှာ မှန်သော်လည်း အသေးစိတ် အချက်အလက်များကိုမူ ရဲများက မဖော်ပြခဲ့ပေ။

ပတ်ခ် သေဆုံးမှုနှင့် ပတ်သက်ပြီး အောက်မေ့ဖွယ် အခမ်းအနားတစ်ရပ် ကျင်းပရန် သင့် မသင့် အငြင်းအခုံဖြစ်ခဲ့ကြသော်လည်း ထောင်နှင့်ချီသော မြို့သားများသည် လေးစားမှုကို ထုတ်ဖော်ပြသသောအားဖြင့် အထိမ်းအမှတ်ပွဲသို့ လာရောက်ခဲ့ကြသည်။ **အင်န်အိတ်ချ်ကေ**

# နိုဗယ်ကိုရိုနာဗိုင်းရပ်စ် မပြန့်ပွားခင်ကတည်းက ဗိုင်းရပ်စ်တည်ရှိနေခြင်းမှာ ဖြစ်နိုင်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဒေသဆိုင်ရာအရာရှိပြော

ဂျီနီဗာ ဇူလိုင် ၁၃

နိုဗယ်ကိုရိုနာဗိုင်းရပ်စ်သည် ရောဂါကူးစက်မှု မပြန့်ပွားခင်ကတည်းက ငုပ်လျှိုးသည့်အနေအထားနှင့် ရှိနေသည်မှာ ဖြစ်နိုင်ကြောင်း ရုရှားနိုင်ငံဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ကိုယ်စားလှယ် မလီတာ ဗီဂျနိုဗစ်က ပြောကြားသည်။

ဗိုင်းရပ်စ်စတင်ပေါက်ဖွားမှုကို အဖြေရှာရန် တရုတ်နိုင်ငံမှ သိပ္ပံပညာရှင်များနှင့်အတူတကွ ပူးပေါင်းဆောင်ရွက်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အဖွဲ့တစ်ဖွဲ့တည်ထောင်ထားကြောင်း မကြာသေးမီက ပြုလုပ်ခဲ့သည့် အင်တာဗျူးတွင် မလီတာ ဗီဂျနိုဗစ်က ပြောကြားခဲ့သည်။ ယင်းဗိုင်းရပ်စ်မှာ တိရစ္ဆာန်များတွင် ရှိနှင့်ပြီး ဖြစ်ပြီး လူတွေဆီသို့ ကူးစက်သွားကြောင်း မည်သည့်အချိန်နှင့် မည်သည့်နေရာတွင် လူကိုပြောင်းလဲ ကူးစက်သွားသလဲ ဆိုသည့်အချက်ကိုမူ ဖြေကြားရန် ခက်ခဲသည်ဟု ၎င်းကဆက်လက်ပြောကြားသည်။

နိုဗယ်ကိုရိုနာဗိုင်းရပ်စ်မှာ တရုတ်နိုင်ငံတွင် စတင်ဖြစ်ပွားသည့်အချိန်ထက် ယင်းဗိုင်းရပ်စ်မှာ ကမ္ဘာ့နေရာအနှံ့တွင်တည်ရှိနေပြီး အချိန်မရွေး၊ အချိန်အခါမရွေး ပေါ်ပေါက်လာနိုင်ကြောင်း အောက်စဖို့ဒ် ဆေးပညာဆိုင်ရာ အချက်အလက်စင်တာမှ တွဲဖက်နည်းပြတစ်ဦးဖြစ်သူ တွမ်ဂျက်ဖာဆင်က ယခုလအစောပိုင်းတွင် ပြောသည်။

စပိန်ရောဂါဗေဒပညာရှင်များကလည်း ဘာစီလိုနာရှိ စွန့်ပစ်ရေနမူနာထဲတွင် ၂၀၁၉ ခုနှစ် မတ်လကတည်းက နိုဗယ်ကိုရိုနာဗိုင်းရပ်စ် သဲလွန်စကို ခြေရာခံတွေ့ရှိခဲ့ကြရာ တရုတ်နိုင်ငံတွင် ကိုဗစ် - ၁၉ စတင်ဖြစ်ပွားချိန်ထက် ခြောက်လစောပြီး တွေ့ရှိခဲ့ခြင်းလည်းဖြစ်သည်။ တူရင်နှင့် မီလန်တို့ရှိ မိလ္လာအညစ်အကြေးများတွင်လည်း ဒီဇင်ဘာ ၁၈ ရက်ကတည်းက နိုဗယ်ကိုရိုနာဗိုင်းရပ်စ် သဲလွန်စများတွေ့ရှိခဲ့သည်ဟု အီတလီနိုင်ငံ အပြည်ပြည်ဆိုင်ရာကျန်းမာရေးအင်စတီကျုမှ သိရသည်။

အီတလီတွင် ပထမဆုံး ကိုဗစ် - ၁၉ လူနာမတွေ့ခင်ကတည်းက ယင်းသို့ သဲလွန်စခြေရာခံမိခြင်းဖြစ်သည်။ အဆိုပါနမူနာများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက လေ့လာမှုများပြုလုပ်နေပြီး ထူးခြားသည့်အကြောင်းအရာများတွေ့ရှိလာပါက ချက်ချင်းကြေညာမည်ဟု သိရသည်။

ဆင်ဟွာ



ကိုဗစ် - ၁၉ အကြောင်း စူးစမ်းလေ့လာနေကြသည့် သုတေသီများကို ဖေဖော်ဝါရီ ၂၈ ရက်က တွေ့ရစဉ်။

# ဂျပန်နိုင်ငံ အနောက်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်

တိုကျို ဇူလိုင် ၁၃

ဂျပန်နိုင်ငံတွင် လာမည့်ရက်များ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အပျက်အစီး များလာနိုင်ကြောင်း မျှော်လင့်ထားကြသည်။ ဂျပန်နိုင်ငံ အရှေ့ပိုင်းနှင့် အနောက်ပိုင်းရှိ ပြည်သူများအနေဖြင့် မြေပြိုမှုနှင့် ရေကြီးမှုများကို သတိထားကြရန် မိုးလေဝသဌာနက တိုက်တွန်းထားသည်။

သဘာဝဘေး အန္တရာယ်ကို ဆိုးရွားစွာခံစားခဲ့ရသည့် ကျူရှူဒေသတစ်ဝိုက်တွင်မူ ရာသီဥတုပိုမိုကောင်းမွန်လာသည်။ ပျက်စီးဆုံးရှုံးမှုများကြား ကယ်ဆယ်ရေးအဖွဲ့များကလည်း အသက်ရှင်ကျန်ရစ်သူများကို ရှာဖွေခဲ့ကြသည်။ သဘာဝဘေးအန္တရာယ် ထိခိုက်ခံစားရာဒေသတွင် လူပေါင်း ၇၀ ကျော် အသက်ဆုံးရှုံးခဲ့ရပြီး ၁၃ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်သည်။ အချို့သော ဒေသများတွင်မူ ရေကြီးမှုကြောင့် လမ်းများ၊ တံတားများ ပျက်စီးဆုံးရှုံးသွားသည့်အတွက် ပျက်စီးဆုံးရှုံးမှုများကို တွက်ချက်ရန် မဖြစ်နိုင်သေးပေ။ ဇူလိုင် ၁၄ ရက်အထိ မိုးဆက်လက်ရွာသွန်းနိုင်ပြီး သဘာဝဘေးထပ်မံပေါ်ပေါက်လာနိုင်သည်ဟု မိုးလေဝသအရာရှိက ပြောသည်။ ဂျပန်နိုင်ငံ အနောက်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းနိုင်သည်ဟု မိုးလေဝသခန့်မှန်းချက် ထုတ်ပြန်ထားသော်လည်း ကျောင်းအချို့ ပြန်လည်ဖွင့်လှစ်ခဲ့သည်။ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် သဘာဝဘေးဒဏ်ခံ ဒေသများဆီ သွားရောက်ခဲ့ပြီး မိသားစုဆုံးရှုံးသွားသူများထံ သွားရောက်အားပေးခဲ့သည်။ ထို့နောက် ဒေသခံခေါင်းဆောင်များနှင့်တွေ့ဆုံကာ ဘဏ္ဍာရေးဆိုင်ရာ ထောက်ပံ့မှုများ ပြုလုပ်ရန်နှင့် ပြန်လည်တည်ဆောက်ရေးအစီအစဉ်များပြုလုပ်ရန် တိုင်ပင်ဆွေးနွေးခဲ့ကြသည်။ ထို့အပြင် အစိုးရအနေဖြင့် ယာယီအိမ်များ ဆောက်လုပ်ပေးခြင်းနှင့် ကူညီထောက်ပံ့ရေး ဝန်ထမ်းများ စေလွှတ်ပေးမည်ဟုလည်း ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**



ရေလွှမ်းမှုဖြစ်ပေါ်ခဲ့သည့် ဟီတိုရိုရှီမြို့တွင် ရွှံ့များဖယ်ရှားနေသည့် အမျိုးသားတစ်ဦးကို ဇူလိုင် ၉ ရက်က တွေ့ရစဉ်။

# နယူးဇီလန်နိုင်ငံတွင် ကိုဗစ် - ၁၉ ကူးစက်ခံရသူ ထပ်မံ မတွေ့ရှိရ

ဝယ်လင်တန် ဇူလိုင် ၁၃

နယူးဇီလန်နိုင်ငံတွင် ဇူလိုင် ၁၃ ရက်က ကိုဗစ် - ၁၉ ကူးစက်ခံရသူ ထပ်မံ မတွေ့ရှိရသည့်အတွက် နိုင်ငံအတွင်း ရောဂါပိုးမကင်းစင်သေးဘဲ ကျန်ရစ်နေသူ ၂၅ ဦးသာ ရှိတော့သည်။

**အစီရင်ခံထား**

၎င်းတို့အားလုံးကို သီးခြားစောင့်ကြည့်ရေးစခန်းတွင် ထားရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ နယူးဇီလန်နိုင်ငံတွင် ကူးစက်ခံရသူစုစုပေါင်း ၁၁၉၄ ဦးခန့်ရှိသည်ဟုလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးထံ အစီရင်ခံထားကြောင်း သိရသည်။

**အုပ်စုသုံးစုခွဲ**

နယူးဇီလန်တွင် ဆေးစစ်မှုများကို အုပ်စုသုံးစုခွဲကာ လုပ်ဆောင်နေကြောင်း ပထမတစ်ခုမှာ နေရပ်ပြန်လာသူများအားလုံးကို သုံးရက်မြောက်နေ့နှင့် ၁၂ ရက်မြောက်နေ့တို့တွင် ဆေးစစ်မှုပြုလုပ်ခဲ့ကြောင်းနှင့် နယ်စပ်လုံခြုံရေးအတွက် နေရပ်ပြန်လာသူများအားလုံးကို ၁၄ ရက် စောင့်ကြည့်ခြင်းမှာ လုပ်ဆောင်ရမည့် အဓိကအချက်ဟု ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် အက်ရှလေ ဘလွှန်းဖီးဒ်က ပြောသည်။

ဒုတိယအုပ်စုအဖြစ် တုပ်ကွေးရောဂါလက္ခဏာပြသူများကို ဆေးစစ်မှုပြုလုပ်ပြီး တတိယအုပ်စုအဖြစ် သီးခြားစောင့်ကြည့်ရေးဌာနတွင် အလုပ်လုပ်ကိုင်ကြသူများကို ဆေးစစ်မှုပြုလုပ်ပေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆင်ဟွာ

# သီရိလင်္ကာနိုင်ငံတွင် ကိုဗစ် - ၁၉ ကူးစက်မှုမြင့်တက်လာသည့်အတွက် ကျောင်းများပြန်ပိတ်

ကိုလံဘို ဇူလိုင် ၁၃

သီရိလင်္ကာနိုင်ငံတွင် နိုင်ငံတစ်ဝန်းရှိ အစိုးရကျောင်းများကို ဇူလိုင် ၁၃ ရက်မှစတင်ကာ ပိတ်ထားရန် အမိန့်ထုတ်ခဲ့သည်။ ကိုဗစ် -၁၉ ကူးစက်မှုသစ်များ ပြန်လည်မြင့်တက်လာသည့်အတွက် ကျောင်းများ ပြန်ဖွင့်ပြီး တစ်ပတ်အကြာတွင် ပြန်ပိတ်ရန် အမိန့်ထုတ်ထားခြင်း ဖြစ်သည်။

သီရိလင်္ကာနိုင်ငံတွင် ကိုဗစ် - ၁၉ ကူးစက်ခံရသူ ၂၆၁၇ ဦးရှိပြီး ၁၁ဦးသေဆုံးခဲ့ရသည်။ လွန်ခဲ့သည့် သီတင်းပတ်အတွင်း မြို့တော်အနီးရှိ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးစခန်း၌ နေထိုင်သူများနှင့် ဝန်ထမ်းများအပါအဝင် လူပေါင်း ၁၁၀၀ တွင် ထက်ဝက်နီးပါးခန့်မှာ ကိုဗစ် - ၁၉ ကူးစက်ခံထားရသည်ဟု စစ်ဆေးတွေ့ရှိရပြီး ယင်းနေရာသို့ လာရောက်ခဲ့သူအချို့တွင်လည်း ကူးစက်ခံရမှုများဖြစ်ပေါ်လာနိုင်သည်ဟု သီရိလင်္ကာတပ်ဖွဲ့အကြီးအကဲဖြစ်သူ ရှာဗန်ဒရာ ဆေဗာက ပြောသည်။ နိုင်ငံတစ်ဝန်း ကျေးရွာများတွင်လည်း ကူးစက်ခံရသူ ၁၆ ဦး ထပ်မံတွေ့ရှိခဲ့သည်။ ကျန်းမာရေးအာဏာပိုင်များ၏ ညွှန်ကြားချက်များကိုအခြေခံကာ ယခုသီတင်းပတ်အတွင်း ကျောင်းများကို ပိတ်ရန် ဆုံးဖြတ်ချက် ချခဲ့ခြင်းဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ထို့အပြင် ပုဂ္ဂလိကကျောင်းများကိုလည်း ပိတ်သွားရန် တိုက်တွန်းမှုများလုပ်ဆောင်မည်ဟု ပညာရေးဝန်ကြီးဌာနက ပြောသည်။ လာမည့် သီတင်းပတ်အတွင်း အခြေအနေများကို သုံးသပ်မှုများပြန်လည်ပြုလုပ်မည်ဟုလည်း ဆက်လက်ပြောကြားသည်။ နိုင်ငံရပ်ခြားသို့ ရောက်နေသည့် သီရိလင်္ကာနိုင်ငံသား ၁၂၀၀၀ အား နေရပ်ပြန်ခေါ်မည့် အစီအစဉ်ကိုလည်း ဆိုင်းငံ့ထားရသည်။

**အေအက်ဖ်ပီ**



ဇူလိုင် ၆ ရက်က ကိုလံဘိုမြို့ရှိ ကျောင်းတွင် နှာခေါင်းစည်းတပ်ဆင်ထားသည့် ကျောင်းသားများကို တွေ့ရစဉ်။

# ဘိုလီးဗီးယား စီးပွားရေးဝန်ကြီး ကိုဗစ် - ၁၉ ကူးစက်ခံရ

လာပက်ဇ် ဇူလိုင် ၁၃

ဘိုလီးဗီးယား စီးပွားရေးဝန်ကြီးဖြစ်သူ အော်စကာ အော်တစ်ဇ်က ၎င်း၌ ကိုဗစ်- ၁၉ ကူးစက်ခံထားရကြောင်း ဇူလိုင် ၁၂ ရက်တွင် ပြောကြားသည်။ ၎င်းမှာ ဘိုလီးဗီးယားအစိုးရအဖွဲ့တွင် လေးဦးမြောက်အဖြစ် ကိုဗစ်- ၁၉ ကူးစက်ခံရသူလည်းဖြစ်သည်။

**ဆေးရုံတက်ရန် အကြံပြုထား**

ရောဂါကူးစက်ခံထားရသော်လည်း နေထိုင်ကောင်းကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ဖေ့စ်ဘွတ်ခ်ပေါ်တွင် တင်ထားသည့် ဗီဒီယိုတွင်မူ အော်စကာအော်တစ်ဇ်အား ဆေးရုံတက်ရောက်ကုသမှုခံယူရန် ဆရာဝန်များက အကြံပြုနေသည်ကိုတွေ့ရရာ ၎င်း၏အခြေအနေမှာ စောင့်ကြည့်သွားရမည့် သဘောရှိသည်။

**ကူးစက်ခံထားရသူပေါင်း ၄၈၀၀၀ ရှိ**

ဘိုလီးဗီးယားအစိုးရအဖွဲ့အတွင်း ကူးစက်ခံထားရသူများမှာ ကျန်းမာရေးဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးနှင့် ကြားဖြတ်သမ္မတ၏ ဝန်ထမ်းအဖွဲ့အကြီးအကဲ တစ်ဦးတို့ပင်ဖြစ်သည်။

ဘိုလီးဗီးယားနိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်ခံထားရသူပေါင်း ၄၈၀၀၀ ရှိပြီး သေဆုံးသူအရေအတွက်မှာ ၁၈၀၀ အထိ ရှိသည်ဟု ဂျွန်ဟော့ကင်းတက္ကသိုလ်၏ ဖော်ပြချက်အရ သိရသည်။

ဆင်ဟွာ

# ဘောလိဝုဒ်အသိုင်းအဝိုင်းအထိ ရိုက်ခတ်လာတဲ့ ကိုဗစ်- ၁၉

• • • • ခြူးစန္ဒီမွေး • • • •

**အိန္ဒိယနိုင်ငံရဲ့နာမည်အကြီးဆုံးရုပ်ရှင်စတားဖြစ်တဲ့ အမိတာဘချမ်းတစ်ယောက် ကိုဗစ် – ၁၉ ကူးစက်ခံရပြီလို့ ဇူလိုင် ၁၁ ရက် ညပိုင်းမှာ ကြေညာလိုက်တဲ့အခါမှာတော့ အိန္ဒိယနိုင်ငံတစ်လွှား သတိပေးသံ မြည်သွားတာပါပဲ။**

## အမိတာဘချမ်း၏ပုံရိပ်

အမိတာဘချမ်းဆိုတာ နာမည်ကျော်ကြားလှတဲ့ ဘောလိဝုဒ်သရုပ်ဆောင်တစ်ဦး ဖြစ်ရုံတင်မကပါဘူး။ အိန္ဒိယမှာ သူရဲ့ပုံရိပ်ဟာ ကြီးမားလွန်းလှပါတယ်။ အိန္ဒိယရဲ့လေးစားခံရဆုံး ပုဂ္ဂိုလ်ဆိုရင်လည်း မမှားပါဘူး။ အိမ်သုံးပစ္စည်းကြော်ငြာတွေကစလို့ ပြတိုက်ဖွင့်ပွဲကနေ ပြည်သူ့ဝန်ဆောင်မှု လှုပ်ရှားမှုတွေမှာတောင် သူ့ရဲ့ပုံရိပ်က မကင်းပါဘူး။ အခုအချိန်မှာ လူတွေအားလုံး စိုးရိမ်နေကြတာကတော့ အမိတာဘချမ်းလို လူမျိုးတောင် ကူးစက်ခံရတယ်ဆိုရင် လူတိုင်းကူးစက်ခံရနိုင်တယ်ဆိုတဲ့ အချက်ပါပဲ။ အသက် ၇၇ နှစ်အရွယ်ရှိပြီဖြစ်တဲ့ အမိတာဘချမ်းကတော့ သူနဲ့ ၁၀ ရက်အတွင်း ထိတွေ့ဆက်ဆံခဲ့သူများအားလုံး ဆေးစစ်မှုခံယူကြဖို့ တွစ်တာပေါ်ကနေ တစ်ဆင့် မေတ္တာရပ်ခံခဲ့ပါတယ်။

## ဆေးရုံတွေမှာလူနာတွေနဲ့ပြည့်နှက်

အခုဆိုရင် အိန္ဒိယမှာတစ်နေ့ထက်တစ်နေ့ ကူးစက်မှုနှုန်းဟာ ပိုပိုပြီး မြင့်တက်နေပါတယ်။ အမေရိကန်ပြည်ထောင်စုနဲ့ ဘရာဇီးပြီးလျှင် အိန္ဒိယဟာ ကူးစက်မှုအမြင့်ဆုံးပါပဲ။ အိန္ဒိယရဲ့မြို့ကြီးတွေ၊ ပြည်နယ်ကြီးတွေက အာဏာပိုင်တွေကတော့ စီးပွားရေး ထိခိုက်ခံစားရတာတွေကို ပြန်လည်ကုစားဖို့ ကြိုးပမ်းပြီးတဲ့နောက် အသွားအလာ ကန့်သတ်စောင့်ကြည့်မှုတွေကို တစ်ဖန်ပြန်ပြီး လုပ်ဆောင်နေရပါတယ်။ ပြည်နယ်တစ်ခုနဲ့ တစ်ခုကြားနယ်စပ်တွေကိုလည်း ကင်းလှည့်မှုတွေ တင်းတင်းကျပ်ကျပ်လုပ်ဆောင်နေပါတယ်။ အပြည်ပြည်ဆိုင်ရာက ခရီးသွားတွေကိုတော့ ဆက်လက်ပိတ်ထားဆဲပါပဲ။ ဆေးရုံတွေမှာတော့ ဖျားနာသူတွေနဲ့ပြည့်နှက်နေပါတယ်။ လွန်ခဲ့တဲ့သီတင်းပတ်ကဆိုရင် ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦးဟာ လူနာတင်ယာဉ် နောက်ခန်းထဲမှာပဲ အသက်ဆုံးရှုံးခဲ့ပါတယ်။ သူဟာ ၁၅ နာရီကြာအောင် ဆေးရုံ ရှစ်ခုစလုံးကို သွားရောက်ပြီး ဆေးရုံတက်ခွင့်ရဖို့ ကြိုးပမ်းခဲ့ပေမယ့် နောက်ဆုံးမှာတော့ အသက်ဆုံးရှုံးရတာနဲ့ပဲ အဆုံးသတ်လိုက်ရပါတယ်။

> “အခုအချိန်မှာ လူတွေအားလုံး စိုးရိမ်နေကြတာကတော့ အမိတာဘချမ်းလို လူမျိုးတောင် ကူးစက်ခံရတယ်ဆိုရင် လူတိုင်း ကူးစက်ခံရနိုင်တယ်ဆိုတဲ့ အချက်ပါပဲ။ အသက် ၇၇ နှစ်အရွယ် ရှိပြီဖြစ်တဲ့ အမိတာဘချမ်းကတော့ သူနဲ့ ၁၀ ရက်အတွင်း ထိတွေ့ ဆက်ဆံခဲ့သူများအားလုံး ဆေးစစ်မှုခံယူကြဖို့ တွစ်တာပေါ်ကနေ တစ်ဆင့် မေတ္တာရပ်ခံခဲ့ပါတယ်”



ရုပ်ရှင်မင်းသားကြီး အမိတာဘချမ်း၊ သားဖြစ်သူနှင့်ချွေးမတို့ကို တွေ့ရစဉ်။

## သေဆုံးမှုနည်းအောင်ကြိုးပမ်းခဲ့

အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီကတော့ အိန္ဒိယနိုင်ငံဟာ ချမ်းသာတဲ့ နိုင်ငံတွေထက်စာရင် ပိုပြီးကောင်းကောင်းလုပ်နိုင်ခဲ့တယ်လို့ ရုပ်မြင်သံကြားကနေ မိန့်ခွန်းပြောခဲ့ပါတယ်။ အထူးသဖြင့် သေဆုံးမှုနှုန်းနဲ့ယှဉ်ရင် အိန္ဒိယဟာ သေဆုံးမှုနည်းအောင် အများကြီး ကြိုးစားခဲ့တယ်လို့ သူက ဆက်ပြောပါတယ်။ အမေရိကန်ပြည်ထောင်စု၊ ဘရာဇီး၊ စပိန်နဲ့ အီတလီတို့မှာ လူဦးရေတစ်သန်းမှာ ရာနဲ့ချီပြီး အသက်ဆုံးရှုံးခဲ့ရပေမယ့် အိန္ဒိယမှာတော့ တစ်သန်းမှာ ၁၆ ယောက်သာ အသက်ဆုံးရှုံးရတယ်လို့ မိုဒီက ပြောပါတယ်။ အိန္ဒိယနိုင်ငံဟာ အခြားနိုင်ငံတွေနဲ့ယှဉ်ရင် ဆေးစစ်ပေးနိုင်မှုစွမ်းအားမှာ လျော့နည်းခဲ့ပေမယ့် အာဏာပိုင်တွေက ဆန်းသစ်တဲ့ နည်းလမ်းတွေနဲ့ ဗိုင်းရပ်စ်တိုက်ဖျက်ရေးအတွက် အစွမ်းကုန်ကြိုးစားခဲ့ကြပါတယ်။

## အကြီးမားဆုံးရန်သူ

ကိုဗစ် – ၁၉ တိုက်ဖျက်ရာမှာ အိန္ဒိယနိုင်ငံအတွက် အကြီးမားဆုံးရန်သူကတော့ လူဦးရေ သိပ်သည်းထူထပ်လွန်းတာပါပဲ။ လူဦးရေတစ်သန်းကျော်တဲ့ မြို့တွေဆိုတာကလည်း အများကြီးပါပဲ။ မြို့ငယ်ရွာငယ်လေးတွေမှာတောင် လူဦးရေ များပြားလွန်းလှပါတယ်။ အခန်းတစ်ခန်းတည်းမှာ မိသားစုရှစ်ယောက်၊ ၁၀ ယောက် စုနေကြတဲ့သူတွေ အများကြီးပါပဲ။ ဒါကြောင့် ကိုဗစ် – ၁၉ လိုမျိုး ကူးစက်မြန်ရောဂါနဲ့ကြုံတွေ့တဲ့အခါ လူတွေဟာ လျင်လျင်မြန်မြန်နဲ့ ရောဂါတွေ ကူးစက်ကုန်ကြပြီး ရောဂါထိန်းချုပ်ဖို့ ခက်ခဲလာပါတယ်။ လူအချင်းချင်း ခပ်ခွာခွာနေဖို့ဆိုတဲ့ စည်းမျဉ်းအတိုင်း ကျင့်သုံးဖို့ မလွယ်ကူတဲ့နေရာတွေ အများကြီးပါ။ မကြာသေးမီ သီတင်းပတ်တွေအတွင်းမှာပဲ လူဦးရေအထူထပ်ဆုံးမြို့ထဲက တစ်မြို့ဖြစ်တဲ့ မွမ်ဘိုင်းမှာ ကိုဗစ် – ၁၉ ကူးစက်မှု မြင့်တက်လာတာနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။

## လျင်လျင်မြန်မြန်ပျံ့နှံ့

အစပိုင်းမှာတော့ မွမ်ဘိုင်းက လူချမ်းသာတွေ နေထိုင်ရာရပ်ကွက်မှာ ကူးစက်ပျံ့နှံ့ခဲ့ပြီး နောက်ပိုင်းမှာတော့ ဆင်းရဲသားရပ်ကွက်တွေကိုပါ ကူးစက်ပျံ့နှံ့ခဲ့ပါတယ်။ အခုဆိုရင် လူဦးရေသန်း၂၀ မီတင်းနေထိုင်တဲ့ မွမ်ဘိုင်းမြို့ကြီးမှာ ကူးစက်မှုတွေဟာ လျင်လျင်မြန်မြန်ပဲ ပျံ့နှံ့နေပါတယ်။ ဇူလိုင် ၁၁ ရက်ညပိုင်းမှာတော့ အမိတာဘချမ်းဟာ ပရိသတ် ၄၃ ဒသမ ၂ သန်းရှိတဲ့ သူ့ရဲ့တွစ်တာအကောင့်ကနေ တစ်ဆင့် သူ့မှာ ကိုဗစ် – ၁၉ ကူးစက်ခံထားရကြောင်းအသိပေးခဲ့ပါတယ်။ အဲဒီနောက်မှာတော့ နာနာဗတီဆေးရုံမှာ ဆေးကုသမှု ခံယူနေပါတယ်။

## အမိတာဘချမ်းရဲ့မိသားစုဝင်များ ကူးစက်ခံရ

အမိတာဘချမ်းရဲ့ မိသားစုဝင် အတော်များများမှာလည်း ကိုဗစ်– ၁၉ ကူးစက်ခံထားရပါတယ်။ အမိတာဘချမ်းရဲ့သား အဘိရှက်ခ်နဲ့ ချွေးမဖြစ်သူ ရုပ်ရှင်မင်းသမီး အေ့ရှ်ဝါယာရိုင်းတို့မှာလည်း ကိုဗစ် – ၁၉ တွေ့ရှိခဲ့ရပါတယ်။ အေ့ရှ်ဝါယာရိုင်းရဲ့ ရှစ်နှစ်အရွယ်သမီးလေးမှာလည်း ကိုဗစ်– ၁၉ ကူးစက်ခံထားရပါတယ်။ သူတို့အားလုံးမှာတော့ ရောဂါလက္ခဏာဆိုးဆိုးရွားရွား မပြကြပါဘူး။ အပျော့စားလက္ခဏာလေးတွေပဲ ပြကြပါတယ်။

## ချစ်ခင်သူပေါများဆဲ

အမိတာဘချမ်းတို့မိသားစု ကိုဗစ် – ၁၉ ကူးစက်ခံရတာဟာ တကယ့်ကို သတင်းထူးကြီးပါပဲ။ မဟာရက်ရှ်ထရာပြည်နယ်က ကျန်းမာရေးဝန်ကြီးကိုယ်တိုင်လည်း သတင်းထုတ်ပြန်ခဲ့ပါတယ်။ အမိတာဘချမ်းတို့မိသားစု အမြန်ဆုံး နေပြန်ကောင်းပါစေလို့ ဆုတောင်းပေးကြောင်း ကျန်းမာရေးဝန်ကြီး ရာဂျက်တိုပီက သတင်းထုတ်ပြန်ခဲ့ပါတယ်။ အမိတာဘချမ်းဟာ ပြီးခဲ့တဲ့ နှစ်ပေါင်း ၅၀ အတွင်းမှာ ရုပ်ရှင်ကားပေါင်း ၂၀၀ ကျော်မှာ ပါဝင်သရုပ်ဆောင်ခဲ့ပြီး ယနေ့ထိတိုင်လည်း သူ့ကိုချစ်ခင်နှစ်သက်သူတွေအတွက် အနုပညာလောကကို ကျောခိုင်းမသွားသေးပါဘူး။ ယခုနှစ်အတွင်း ကိုဗစ် – ၁၉ကြောင့် ရိုက်ကူးရေးတွေ မရပ်နားခင်တုန်းက တနင်္ဂနွေနေ့မနက်ဆိုရင် ပရိသတ်တွေဟာ မွမ်ဘိုင်းက အမိတာဘချမ်းရဲ့နေအိမ်ရှေ့မှာ လာရောက်စောင့်ဆိုင်းကြပါတယ်။ အမိတာဘချမ်းကို ရိပ်ခနဲ မြင်လိုက်ဖို့အရေး လာရောက်စောင့်ဆိုင်းကြသူတွေလည်း ဖြစ်ပါတယ်။

## အလွှမ်းမိုးနိုင်ဆုံး သရုပ်ဆောင်

အမိတာဘချမ်းနဲ့ အလုပ်အတူတူတွဲလုပ်သူ ရုပ်ရှင်ထုတ်လုပ်ရေးသမား ရှီဗန်ဒရာဆင်း ဒန်ဂါပါကတော့ အမိတာဘချမ်းလို ပါဝါရှိတဲ့သရုပ်ဆောင်မျိုး သူတစ်ခါမှ မတွေ့သေးဘူးလို့ ပြောပါတယ်။ အိန္ဒိယမှာတော့ သူဟာ အလွှမ်းမိုးနိုင်ဆုံး သရုပ်ဆောင်ပါပဲလို့ ဆက်ပြောပါတယ်။ ပြည်သူတွေအတွက် လေးစားအတုယူစရာ ပုံရိပ်ဖြစ်နေပြီး အမိတာဘချမ်းကိုယ်တိုင်လည်း သရုပ်ဆောင်ဖို့ ဇာတ်ကောင်ရွေးတဲ့အခါ အတော်လေး သတိထားရပါတယ်။ ဘာလို့လဲဆိုရင် သူ့ရဲ့ရုပ်ရှင်ကားကိုကြည့်တဲ့ ပရိသတ်တွေဟာ အမိတာဘချမ်းတောင် လုပ်နိုင်ရင် ငါတို့လည်းလုပ်နိုင်ရမယ်ဆိုတဲ့စိတ် အမြဲမွေးကြတယ်လို့ ရုပ်ရှင်ထုတ်လုပ်သူ ရှီဗန်ဒရာဆင်းက ပြောပါတယ်။ ဒါကြောင့်မို့ အမိတာဘချမ်း ကိုဗစ်– ၁၉ ကူးစက်ခံရတဲ့ သတင်းဟာ တကယ့်ကို သတင်းကြီးတစ်ခုပါပဲ။

## ဝေဖန်မှုများထွက်ပေါ်

အိန္ဒိယနိုင်ငံမှာ လတ်တလော ကိုဗစ် – ၁၉ ကူးစက်မှုတွေကတော့ ဆက်လက်မြင့်တက်ဆဲပါပဲ။ ဇူလိုင် ၁၁ ရက်နေ့မှာတော့ ကူးစက်ခံရသူ ၈၂၀၀၀၀ နီးပါးအထိ ရှိလာပါတယ်။ ကိုဗစ်– ၁၉ ရှိ မရှိဆေးစစ်ပေးနိုင်မှု နည်းပါးမှုကြောင့်နဲ့ ရှေ့တန်းကနေ ရင်ဆိုင်ရမယ့် ဆေးဝန်ထမ်းအင်အား နည်းပါးတာကြောင့်လို့ ဝေဖန်မှုတွေလည်း ထွက်ပေါ်နေပါတယ်။ ။

**ကိုးကား –နယူးယောက်တိုင်းမ်**

# နိုင်ငံတကာသတင်းတိုထွာ

## ကိုဗစ်- ၁၉ ကြောင့် ၂၀၂၀ ပထမနှစ်ဝက်အတွင်း မက္ကဆီကို၌ အလုပ်နေရာပေါင်း ၉၀၀၀၀၀ ကျော် ဆုံးရှုံး

**မက္ကဆီကိုစီးတီး ဇူလိုင် ၁၃**

ကိုဗစ်–၁၉ကြောင့် မက္ကဆီကိုနိုင်ငံတွင်၂၀၂၀ ပထမနှစ်ဝက်တာကာလအတွင်း အလုပ်နေရာပေါင်း ၉၂၁၅၈၃ ခု ဆုံးရှုံးခဲ့ရသည်ဟု မက္ကဆီကို လူမှုလုံခြုံရေးအင်စတီကျု(IMSS)က ဇူလိုင် ၁၂ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။ ဇွန်လတစ်လအတွင်း၌ပင် မက္ကဆီကို၌ အလုပ်နေရာပေါင်း ၈၃၃၁၁ ခုဆုံးရှုံးခဲ့ရသည်ဟု IMSS ၏ ထုတ်ပြန်ချက်တွင် ပါဝင်သည်။ ခြောက်လတာကာလအတွင်း လက်တင်အမေရိက၏ ဒုတိယစီးပွားရေး အင်အားအကြီးဆုံးနိုင်ငံဖြစ်သည့် မက္ကဆီကိုတွင် ၂၀၂၀ အတွင်း အလုပ်နေရာပေါင်း တစ်သန်းအထိ ဆုံးရှုံးမှုဖြစ်ပေါ်နိုင်သည်ဟု သမ္မတအန်ဒရက်စ်မန်နျူရယ်လိုပက်ဇ်အော်ပရာဒိုက ခန့်မှန်းထားသည်။ ထို့ကြောင့် ၎င်း၏အစိုးရအဖွဲ့သည် အလုပ်နေရာပေါင်း နှစ်သန်းခန့် ဖန်တီးပေးရန် စီစဉ်လျက်ရှိသည်။ မက္ကဆီကိုတွင် ဖေဖော်ဝါရီ ၂၈ ရက်က ကိုဗစ်– ၁၉ စတင် ထောက်လှမ်းမိသည့်ကာလမှစတင်၍ ကူးစက်ခံရသူပေါင်း ၂၉၀၀၀၀ ရှိပြီး သေဆုံးသူပေါင်းမှာ ၃၄၇၃၀ အထိ ရှိပြီဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

## တောင်အာဖရိကတွင် ကိုဗစ် – ၁၉ ထိန်းချုပ်ရေးအတွက် တင်းကျပ်သည့်စည်းကမ်းများ ပြန်လည်သတ်မှတ်

**ကိတ်ပ်တောင်း ဇူလိုင် ၁၃**

တောင်အာဖရိကတွင် ကိုဗစ်– ၁၉ လျင်မြန်စွာ ပျံ့နှံ့နေမှုကို ထိန်းချုပ်နိုင်ရေးနှင့် သေဆုံးမှုနှုန်းများကို လျှော့ချနိုင်ရေးအတွက် တင်းကျပ်သည့်စည်းကမ်းများ ပြန်လည်စတင်မည်ဟု ဇူလိုင် ၁၂ ရက်တွင် တောင်အာဖရိကသမ္မတ ဆိုင်ရယ်ရမ်မာဖိုဆာက ပြောကြားခဲ့သည်။

ဆေးရုံပေါ်တွင် ဝန်ထုပ်ဝန်ပိုးများကို လျှော့ချနိုင်ရေးအတွက် အရက်ရောင်းချဖြန့်ဖြူးမှုများကို ပိတ်ပင်သွားမည်ဖြစ်သည်ဟု ရမ်မာဖိုဆာက ရုပ်မြင်သံကြားမိန့်ခွန်းတွင် ပြောကြားခဲ့သည်။ အရက်ရောင်းချခွင့်ပြန်ပေးလိုက်သည့်အတွက် ယာဉ်မတော်တဆဖြစ်မှုနဲ့ ထိခိုက်ဒဏ်ရာရမှုများ များလာပြီး ဆေးရုံပေါ်ရှိ ထိခိုက်မှုများ ကုသပေးသည့်ဌာနတွင် ဝန်ပိုလာသည်မှာ သိသာထင်ရှားကြောင်း ရမ်မာဖိုဆာက ပြောသည်။

တောင်အာဖရိကတွင် ဇွန် ၁ ရက်မှစတင်ကာ အရက်ရောင်းချခွင့် ပြန်ပေးခဲ့ပြီး အသွားအလာ ပိတ်ဆို့ကန့်သတ်မှုများကို ဖြေလျှော့ပေးခဲ့သည်။ ထို့ကြောင့် အရက်နှင့် ဆက်စပ်သည့်ထိခိုက်မှုများကြောင့် ဆေးရုံပေါ်တွင် လူနာများလာပြီး ကိုဗစ် – ၁၉ တိုက်ဖျက်ရေးတွင် အနှောင့်အယှက်တစ်ခု ဖြစ်လာခဲ့သည်။

ဆင်ဟွာ

# ဆန်းသစ် တီထွင်



ယခုအခြေအနေတွင် စိန်ခေါ်မှုကြီးသည်နှင့်အမျှ စဉ်းစားစရာများလည်း များလာပါကြောင်း၊ လိုအပ်ချက်သည် တီထွင်ခြင်း၏ မိခင်ဖြစ်သည်ဆိုသည့် စကားအရ လိုအပ်လာသည့်အခါ ဆန်းသစ် တီထွင်နိုင်သည့် မိမိတို့ဦးနှောက်မှ ပို၍ အလုပ်လုပ်လာပါကြောင်း၊ ဆန်းသစ်ရမည်၊ တီထွင်ရမည်၊ ရှိပြီးသားအရင်းအမြစ်များကို မည်သို့ပိုပြီး တန်ဖိုးရှိအောင် မိမိအတွက်၊ ကမ္ဘာအတွက်ပါ စဉ်းစားရမည်ဖြစ်ပါကြောင်း၊ ကမ္ဘာကြီးတွင် ကိုယ့်နိုင်ငံထီးထီးကြီးရှိသည် မဟုတ်ပါကြောင်း၊ ထို့ကြောင့် တချို့နိုင်ငံများ၌ ယခုအချိန်တွင် စားသောက်ကုန် ပစ္စည်းတစ်ခု လိုအပ်လာလျှင် မူအရ ရောင်းနိုင်မည်ဆိုပါက ရောင်းရမည်ဖြစ်ပါကြောင်း၊ ကိုယ်ပေးနိုင်သလောက် ရောင်းနိုင်သလောက် ရောင်းရမည်ဖြစ်ပါကြောင်း၊ သူတစ်ပါး ဒုက္ခရောက်ချိန်၊ အခက်အခဲဖြစ်နေချိန်တွင် ပံ့ပိုးကူညီရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ ကူညီမှုသည် လူသားချင်းစာနာထောက်ထားမှုလည်း ဖြစ်သလို ကမ္ဘာ့လူသားများကြားတွင် ဆက်ဆံရေးအတွက်လည်းကောင်းပါကြောင်း၊ နောင်ရေရှည်တွင်လည်း ကံ၊ ကံ၏ အကျိုးအတိုင်း မိမိ၏ စေတနာသည် ပြန်အကျိုးပေးမည်ဟု ယုံကြည်ပါကြောင်း။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၃-၆-၂၀၂၀ ရက်နေ့တွင် COVID -19 နှင့် ကုန်သွယ်ရေးကဏ္ဍအပေါ် သက်ရောက်မှုများနှင့်စပ်လျဉ်း၍ အပြန်အလှန်ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)**

## ကျောင်းများပြန်လည်ဖွင့်လှစ်ချိန်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေး နည်းပညာပံ့ပိုးမှုကော်မတီ ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇူလိုင် ၁၃**

ကျောင်းများပြန်လည်ဖွင့်လှစ်ချိန်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးနည်းပညာ ပံ့ပိုးမှုကော်မတီ ညှိနှိုင်းအစည်းအဝေးကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သာထွန်းကျော်က ယနေ့ပြုလုပ်သော အစည်းအဝေးသည် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ကျောင်းသူကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေရေးအတွက် ကြိုတင်ပြင်ဆင်ရေး ဆောင်ရွက်နိုင်ရန် နည်းပညာအချက်အလက်များကို အပြီးသတ် ရှင်းလင်းဆွေးနွေးမည်ဖြစ်ပါကြောင်း၊ စာသင်ကျောင်းများဖွင့်လှစ်ခြင်းသည် နိုင်ငံအတွက် အလွန်အရေးကြီးသော ကိစ္စတစ်ခုဖြစ်ပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ် အစရှိသောနိုင်ငံများတွင် ကျောင်းများပြန်လည်ဖွင့်လှစ်နေပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ပညာရေးဝန်ကြီးဌာနက ကျောင်းသူ ကျောင်းသားများ ပညာသင်ယူရေးအခွင့်အလမ်းများကို မဆုံးရှုံးစေရန် အတွက်ရည်ရွယ်ပြီး လာမည့် ဇူလိုင် ၂၁ ရက်တွင် အခြေခံပညာ အထက်တန်းကျောင်းများကို ပြန်လည်ဖွင့်လှစ်ရန် စီစဉ်ထားပြီး ကျန်အတန်းများကိုလည်း အဆင့်ဆင့်ဖွင့်လှစ်သွားမည်ဟု သိရှိရပါကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး နိုင်ငံအတွင်း ကျောင်းများပြန်လည်ဖွင့်လှစ်ချိန်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးအတွက် နည်းပညာပံ့ပိုးမှုကော်မတီ တစ်ရပ်ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ရေးဆွဲထားသော စံလုပ်ထုံးလုပ်နည်းများ၊ ဆန်းစစ်ပုံစံများနှင့် အဓိကသတင်းအချက်အလက်များကို နေပြည်တော်ကောင်စီနယ်မြေအတွင်းမှ အခြေခံပညာကျောင်း (၂)ကျောင်းတွင် ကွင်းဆင်းစမ်းသပ်မှုများ ပြုလုပ်ခဲ့ကြောင်း၊ ယင်းကွင်းဆင်းစမ်းသပ်ချက်ရလဒ်များအပေါ် ပြန်လည်စိစစ်၍ ရေးဆွဲထားပါကြောင်း၊ ယနေ့တွင် အပြီးသတ်ဆွေးနွေးတိုင်ပင်ကြမည်ဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေးအပြီးတွင် အပြီးသတ်ဆွေးနွေးထားသော စံလုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းလမ်းညွှန်များကို ပညာရေးဝန်ကြီးဌာနက ထုတ်ဝေမည့် ကျောင်းများအတွက် လုပ်ငန်းလမ်းညွှန်စာအုပ်တွင် ထည့်သွင်းဖော်ပြနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ ပေးပို့ရန် နည်းပညာပံ့ပိုးရေးကော်မတီက အင်တိုက်အားတိုက်ဆောင်ရွက်ရန် တိုက်တွန်းအပ်ပါကြောင်း ပြောကြားသည်။

အဆိုပါ စံလုပ်ထုံးလုပ်နည်းများတွင် ကျောင်းများ၌ စနစ်တကျပိုးသတ်သန့်စင်ခြင်း၊ ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကျောင်းချိန်အတွင်း ကျောင်းသူ၊ ကျောင်းသားတစ်ဦး ကိုယ်အပူချိန်တက်လာပါက ဆက်သွယ်ဆောင်ရွက်ရန်အချက်များကို ရေးဆွဲထားပြီး ဆန်းစစ်ပုံစံများ ပါဝင်ကြောင်း၊ မိဘများ၊ ကျောင်းသူ ကျောင်းသားများနှင့် ကျောင်းကြို/ ပို့ယာဉ်များ လိုက်နာဆောင်ရွက်ရမည့် အဓိကအချက်အလက်များကိုလည်း ပြုစုထားရှိကြောင်း သိရသည်။

အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန အခြေခံပညာ ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းနှင့် တာဝန်ရှိသူများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးနည်းပညာပံ့ပိုးမှုကော်မတီဥက္ကဋ္ဌ ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာ မြင့်မြင့်သန်းနှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၁၃**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၃-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ (၁၃-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၁၈၈) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၂၄) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၇၅) ခု၊
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၃၀၃) ခု၊ စုစုပေါင်း (၇၉၀)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅) ဦး တွေ့ရှိရပါသည်။

၂။ (၁၃-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ (၃၃၆) ဦး ရှိပြီဖြစ်ပါသည်။

၃။ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ စုစုပေါင်း (၂၆၁) ဦးရှိပြီး ၎င်းတို့အနက် (၂၄၉) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁၂-၇-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၃-၇-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၂၂) ဦး ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

(၁၃-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | |
|---|---|
| (၁၃-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၈) ခု |
| (၁၃-၇-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၂၄) ခု |
| (၁၃-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၇၅) ခု |
| (၁၃-၇-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၀၃) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၅) ဦး |

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

(၁၃-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၅) ဦး | (၃၃၆) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၂၆၁) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

(၁၃-၇-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု
ည (၈:၀၀) နာရီ

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | COVID-19 ရောဂါအတည်ပြုလူနာများနှင့်ထိတွေ့မှု | ပြည်ပသို့ခရီးသွားရာဇဝင် ရှိ/မရှိ | ဆေးကုသမှုခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 332 | ၃၆ နှစ် | မ | ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ် | မရှိ | ရှိ (ထိုင်း) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကမာရွတ်မြို့နယ်) |
| 333 | ၂၀ နှစ် | မ | ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ် | မရှိ | ရှိ (ထိုင်း) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | |
| 334 | ၂၆ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ် | မရှိ | ရှိ (ဘင်္ဂလားဒေ့ရှ်) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | |
| 335 | ၂၆ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ သယ်ဃံကျွန်းမြို့နယ် | မရှိ | ရှိ (ထိုင်း) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | |
| 336 | ၃၇ နှစ် | ကျား | ဧရာဝတီတိုင်းဒေသကြီး၊ ငါးသိုင်းချောင်းမြို့နယ် | မရှိ | ရှိ (ထိုင်း) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | |

# ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်မှ နေရပ်ပြန်ပြည်သူ ၅၂ ဦး ထပ်မံဝင်ရောက်

**ချင်းရွှေဟော် ဇူလိုင် ၁၃**

တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများသည် ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ဇူလိုင် ၁၂ ရက် ညနေ ၆ နာရီတွင် ၁၂ ဦးနှင့် ယနေ့ မွန်းလွဲ ၃ နာရီတွင် ၄၀ စုစုပေါင်း နေရပ်ပြန်ပြည်သူ ၅၂ဦး ထပ်မံဝင်ရောက်လာခဲ့ကြောင်း သိရသည်။

အဆိုပါ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၅၂ ဦးတွင် အမျိုးသား ၂၄ ဦး၊ အမျိုးသမီး ၂၈ ဦးတို့ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးမှ ခုနစ်ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၁၇ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ရှစ်ဦး၊ ပဲခူးတိုင်းဒေသကြီးမှ လေးဦး၊ မကွေးတိုင်းဒေသကြီးမှ နှစ်ဦး၊ ရခိုင်ပြည်နယ်မှ နှစ်ဦးနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းမှ ၁၂ ဦးတို့ဖြစ်ကြကာ ၎င်းနေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင်နှင့် ကော်မတီအဖွဲ့ဝင်များက နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းနှင့် သက်ဆိုင်ရာဒေသများသို့ ပြန်လည်ရောက်ရှိစေနိုင်ရေးအတွက် မော်တော်ယာဉ်များ စီစဉ်ပေးပြီး လားရှိုးမြို့သို့ လွှဲပြောင်းပို့ဆောင်ပေးခဲ့သည်။ (ဓာတ်ပုံ)

ထိုသို့ ချင်းရွှေဟော်နယ်စပ်ဂိတ်မှဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းကော်မတီမှ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ စနစ်တကျစီစဉ် လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၇၂၉၅ ဦးနှင့် အမျိုးသမီး ၅၈၈၁ ဦးတို့ဖြစ်ပြီး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၁၃၁၇၆ ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဇင်ဇင်(ပြန်/ဆက်)



# ရှမ်းပြည်နယ်မြောက်ပိုင်း နယ်စပ်ဂိတ်များမှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၁၃၄ ဦးအား လားရှိုးမြို့မှတစ်ဆင့် သက်ဆိုင်ရာဒေသသို့ ဆက်လက်ပို့ဆောင်ပေး

**လားရှိုး ဇူလိုင် ၁၃**

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် မူဆယ်မြို့၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နှင့် ချင်းရွှေဟော်မြို့များရှိ နှစ်နိုင်ငံနယ်စပ်ဂိတ်များမှ တစ်ဆင့် တရုတ်နိုင်ငံမှဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား လားရှိုးမြို့မှတစ်ဆင့် ရထားခရီးစဉ်ဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ မေ ၆ ရက်မှ စတင်ပြီး စနစ်တကျ လွှဲပြောင်း ပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာတွင် နှစ်နိုင်ငံနယ်စပ်ဂိတ်များမှတစ်ဆင့်ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများကို စနစ်တကျစိစစ်၍ လားရှိုးမြို့အထိ မော်တော်ယာဉ်များဖြင့် လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိပြီး လားရှိုးမြို့မှတစ်ဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ မြန်မာ့မီးရထားခရီးစဉ်ဖြင့် ပို့ဆောင်ပေးလျက်ရှိရာ ဇူလိုင် ၁၃ ရက်တွင် နေရပ်ပြန်ပြည်သူ အမျိုးသား ၈၄ ဦး၊ အမျိုးသမီး ၅၀ စုစုပေါင်း ၁၃၄ ဦးတို့အား စနစ်တကျ ထပ်မံလွှဲပြောင်းပို့ဆောင်ပေးခဲ့သည်။

အဆိုပါ နေရပ်ပြန်ပြည်သူ ၁၃၄ ဦးတို့တွင် ကချင်ပြည်နယ်မှ သုံးဦး၊ ချင်းပြည်နယ်မှ တစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၃၄ ဦး၊ နေပြည်တော်မှ နှစ်ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၁၃ ဦး ၊ မကွေးတိုင်းဒေသကြီးမှ ၃၄ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၂၁ ဦး၊ ရခိုင်ပြည်နယ်မှ ၁၇ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ သုံးဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ခြောက်ဦးတို့ ဖြစ်ကြသည်။ နှစ်နိုင်ငံနယ်စပ်ဂိတ်များမှတစ်ဆင့် ပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ လွှဲပြောင်းပို့ဆောင်ပေးရာတွင် မေ ၆ ရက်မှ ဇူလိုင် ၁၃ ရက်အထိ အမျိုးသား ၇၈၄၅ ဦး၊ အမျိုးသမီး ၄၈၆၇ ဦး စုစုပေါင်း ၁၂၇၁၂ ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးနိုင်ခဲ့သည်။

နန်းသန္တာဦး(ပြန်/ဆက်)

# ဇူလိုင် ၁၃ ရက်တွင် ကိုဗစ် -၁၉ ရောဂါပိုးရှိသူ ငါးဦးထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၃၃၆ ဦးရှိပြီ

နေပြည်တော် ဇူလိုင် ၁၃

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ ငါးဦး ထပ်မံတွေ့ရှိသဖြင့် ယနေ့ အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၃၃၆ ဦးရှိပြီဖြစ်ကြောင်း၊ ထပ်တိုးလူနာ ငါးဦးမှာ ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ လေးဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူတစ်ဦးဖြစ်ကြောင်း သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၃၃၆ ဦးအနက် သေဆုံးသူ ၆ ဦး၊ ပိုးမတွေ့ရှိတော့သူ ၂၆၁ ဦး၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၂၄၉ ဦး နှင့် ဇူလိုင် ၁၂ ရက် မွန်းတည့် ၁၂ နာရီမှ ဇူလိုင် ၁၃ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၂၂ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၉၄၁၆၈ | ၃၃၆ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၂၆၁ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၆၃၄၉

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၂၄၉ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ )

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၆၁ | ၅ |
| ၂ | ရခိုင် | ၁၄ | |
| ၃ | ချင်း | ၁၁ | |
| ၄ | စစ်ကိုင်း | ၉ | |
| ၅ | ပဲခူး | ၉ | ၁ |
| ၆ | မွန် | ၆ | |
| ၇ | ရှမ်း(တောင်) | ၄ | |
| ၈ | မန္တလေး | ၃ | |
| ၉ | ရှမ်း(ရှေ့) | ၃ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ကရင် | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၁ | |
| စုစုပေါင်း | | ၃၃၆ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၃-၇-၂၀၂၀ ရက်၊ ည (၈) နာရီ

## ၁၃-၇-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၁၄၅၅၇ | ၁၅၁၇၅၆၇ | ၁၃၇၇၉၅ |
| ၂။ | ဘရာဇီး | ၁၈၆၆၁၇၆ | ၁၂၁၃၅၁၂ | ၇၂၁၅၁ |
| ၃။ | အိန္ဒိယ | ၈၈၂၉၆၂ | ၅၅၆၄၀၃ | ၂၃၂၄၆ |
| ၄။ | ရုရှား | ၇၃၃၆၉၉ | ၅၀၄၀၂၁ | ၁၁၄၃၉ |
| ၅။ | ပီရူး | ၃၂၆၃၂၆ | ၂၁၇၁၁၁ | ၁၁၈၇၀ |
| ၆။ | ချီလီ | ၃၁၅၀၄၁ | ၂၈၃၉၀၂ | ၆၉၇၉ |
| ၇။ | စပိန် | ၃၀၀၉၈၈ | စိစစ်ဆဲ | ၂၈၄၀၃ |
| ၈။ | မက္ကဆီကို | ၂၉၉၇၅၀ | ၁၈၄၇၆၄ | ၃၅၀၀၆ |
| ၉။ | ဗြိတိန် | ၂၈၉၆၀၃ | စိစစ်ဆဲ | ၄၄၈၁၉ |
| ၁၀။ | တောင်အာဖရိက | ၂၇၆၂၄၂ | ၁၃၄၈၇၄ | ၄၀၇၉ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၃- ၇ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၇၆၉၈၁ | ၃၆၆၈၉ | ၃၆၅၆ |
| ဖိလစ်ပိုင် | ၅၇၀၀၆ | ၂၀၃၇၁ | ၁၅၉၉ |
| စင်ကာပူ | ၄၆၂၈၃ | ၄၂၂၈၅ | ၂၆ |
| မလေးရှား | ၈၇၂၅ | ၈၅၂၀ | ၁၂၂ |
| ထိုင်း | ၃၂၂၀ | ၃၀၉၀ | ၅၈ |
| ဗီယက်နမ် | ၃၇၂ | ၃၅၀ | ၀ |
| မြန်မာ | ၃၃၆ | ၂၆၁ | ၆ |
| ကမ္ဘောဒီးယား | ၁၄၁ | ၁၃၈ | ၀ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၀ |
| လာအို | ၁၉ | ၁၉ | ၀ |

## မြဝတီတံတားအမှတ်(၂)မှ မြန်မာရွှေ့ပြောင်းလုပ်သား ၅၃၀ ဆက်လက်ဝင်ရောက်

မြဝတီ ဇူလိုင် ၁၃

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၅၃၀ သည် မြဝတီအမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် ယနေ့ ဆက်လက်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ခရိုင်နှင့် မြို့နယ်မှ တာဝန်ရှိသူများက ကြိုဆိုခဲ့ပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ပြန်လည်ဝင်ရောက်လာသူများ အနေဖြင့် မေ ၁ ရက်မှ မေ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ၁၃ ရက်အထိ ၉၈၄၉ ဦး ဝင်ရောက်ခဲ့ရာ မြဝတီ အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့အထိ စုစုပေါင်း ၄၆၈၆၇ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးမှ အမျိုးသား ၂၈၈ ဦး၊ အမျိုးသမီး ၂၄၂ ဦး စုစုပေါင်း ၅၃၀ ဖြစ်ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

## COVID-19 Call Center အချိန် ပြောင်းလဲဖွင့်လှစ်

နေပြည်တော် ဇူလိုင် ၁၃

COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID–19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

ယခုအခါတွင် COVID–19 Call Center ခေါ်ဆိုမှု အချိန်ကို နံနက် ၈ နာရီမှ ည ၈ နာရီအထိ **(အစား)** နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြောင်းလဲဖွင့်လှစ်ထားကြောင်း သိရသည်။

သတင်းစဉ်

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ ချစ်မေတ္တာဖောင်ဒေးရှင်းမှ ကျန်းမာရေးသုံးပစ္စည်းများ လာရောက်လှူဒါန်း

ပဲခူး ဇူလိုင် ၁၃

ပဲခူးတိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံး ဝန်ကြီးချုပ်၏ ရုံးခန်းသို့ ဇူလိုင် ၁၃ရက် မွန်းလွဲ ၃ နာရီက ချစ်မေတ္တာဖောင်ဒေးရှင်းမှ ကျန်းမာရေးသုံးအထောက်အကူပြုပစ္စည်းများ လာရောက်ထောက်ပံ့လှူဒါန်းသည်။

ရှေးဦးစွာ ချစ်မေတ္တာဖောင်ဒေးရှင်းမှ အတွင်းရေးမှူး ဦးအားစူးက ဖောင်ဒေးရှင်း ဖြစ်ပေါ်လာပုံနှင့် လက်ရှိဆောင်ရွက်နေသည့် ပရဟိတလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

ထို့နောက် ချစ်မေတ္တာဖောင်ဒေးရှင်းမှ အတွင်းရေးမှူး ဦးအားစူးက N 95 နှာခေါင်းစည်း ၇၂၀ နှင့် ဆေးရုံသုံးနှာခေါင်းစည်း ၇၀၀၀ တို့အား ပေးအပ်ရာပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်ဆန်းနှင့် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဆွေတို့က လက်ခံရယူခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

တင်စိုး(ပဲခူး)




## ဆေးသုတေသနဦးစီးဌာနသို့ KOICA နှင့် MMKC တို့မှ Covid-19 Testing Kits နှင့် Surgical Gown များ ပေးအပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၃

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာနသို့ Korea International Cooperation Agency (KOICA) နှင့် Myanmar KOICA Club (MMKC) တို့မှ Covid–19 Testing Kits နှင့် Surgical Gown များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ ညနေ ၃ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်း အမှတ်(၅)ရှိ ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံမှူးကြီး Mr. Hahm Jeonghan နှင့် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းတို့က အမှာစကား ပြောကြားပြီး Myanmar KOICA Club (MMKC) ဥက္ကဋ္ဌ ဦးစံလွင်နှင့် Korea International Cooperation Agency (KOICA) ဌာနေကိုယ်စားလှယ် Ms. Lee Youn Soo တို့က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းထံ ကိုရီးယားသမ္မတနိုင်ငံ သံမှူးကြီး Mr. Hahm Jeonghan၊ MMKC နှင့် KOICAတို့မှ တာဝန်ရှိသူတို့က COVID–19 Testing Kits နှင့် Surgical Gown များ ပေးအပ်လှူဒါန်းပြီး ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ယနေ့ လှူဒါန်းပွဲတွင် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုဗစ်–၁၉ ရောဂါ ကာကွယ်နိုင်ရန်အတွက် ဆေးသုတေသနဦးစီးဌာနသို့ Korea International Cooperation Agency (KOICA) နှင့် Myanmar KOICA Club (MMKC)တို့မှ အမေရိကန်ဒေါ်လာ ၁၂၅၆၃ နှင့်ညီမျှသော COVID–19 Testing Kits နှင့် Surgical Gown များကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မင်းသစ်(MNA)

## ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီနှင့် ဆေးသုတေသနဦးစီးဌာနသို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အစိုးရ၊ Mytel နှင့် BIDV တို့မှ အလှူငွေနှင့် နှာခေါင်းစည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၃

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာနသို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံအစိုးရ၊ Telecom International Myanmar Co., Ltd (Mytel)နှင့် The Bank of Investment and Development of Vietnam (BIDV) တို့မှ အလှူငွေနှင့် နှာခေါင်းစည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်း အမှတ်(၅)ရှိ ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။**

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Ly Quoc Tuan က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားပြီး ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာ ဇော်သန်းထွန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းထံ သံအမတ်ကြီး Mr. Ly Quoc Tuan၊ Telecom International Myanmar Co., Ltd (Mytel)နှင့် The Bank of Investment and Development of Vietnam (BIDV) တို့မှ တာဝန်ရှိသူတို့က အလှူငွေနှင့် နှာခေါင်းစည်းများ ပေးအပ်လှူဒါန်းပြီး ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာ ဇော်သန်းထွန်းက ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ယနေ့ လှူဒါန်းပွဲတွင် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုဗစ်–၁၉ ရောဂါ ကာကွယ်နိုင်ရန်အတွက် Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အစိုးရက အမေရိကန်ဒေါ်လာ ငါးသောင်း၊ ဆေးသုတေသနဦးစီးဌာနသို့ International Myanmar Co., Ltd (Mytel) က အမေရိကန်ဒေါ်လာ ငါးထောင်နှင့် Face Masks သုံးသောင်း၊ The Bank of Investment and Development of Vietnam (BIDV)က ငွေကျပ် သိန်း ၂၀ ကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ–မင်းသစ်(MNA)




## ချင်းပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဟားခါးမြို့၌ သင်တန်းခြောက်မျိုး ဖွင့်လှစ်သင်ကြားပေးမည်

ဟားခါး ဇူလိုင် ၁၃

ချင်းပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ကိုဗစ် –၁၉ ၏ စီးပွားရေးအပေါ်ထိခိုက်မှုသက်သာရေး စီမံချက်လုပ်ငန်းစဉ်များအဖြစ် ဒေသခံပြည်သူများ မွေးမြူထုတ်လုပ်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပြန်လည်ဖော်ဆောင်နိုင်ရန် ရည်ရွယ်၍ တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုသင်တန်း အပါအဝင် သင်တန်းခြောက်မျိုးကို သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး ဟားခါးမြို့ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ဇူလိုင် ၁၃ ရက် နံနက် ၉ နာရီခွဲက သင်တန်းဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ချင်းပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာကျော်သူက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများကို ပြောကြားပြီး သင်တန်းသား သင်တန်းသူများအား သင်တန်းမှတ်စုများနှင့် သင်ထောက်ကူပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းသို့ ဟားခါးမြို့နယ်အတွင်းမှ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းရှင်များမှ သင်တန်းသား ၂၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ဇူလိုင် ၁၃ ရက်မှ ၁၅ ရက်အထိ သုံးရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။ အဆိုပါ သင်တန်းများကို ချင်းပြည်နယ်အတွင်း မွေးမြူရေးလုပ်ငန်းရှင်များအပါအဝင် သင်တန်းသား ၇၂၀ ကို သင်ကြားပို့ချနိုင်ရန် ရည်ရွယ်ထားပြီး ဟားခါးမြို့နှင့် မင်းတပ်မြို့တို့တွင် သင်တန်းသား ၃၆၀ စီ ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း ချင်းပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဒေါက်တာကျော်သူထံမှ သိရှိရသည်။

ခရိုင်(ပြန်/ဆက်)

## လောက်ကိုင်မြို့နယ် အခြေခံပညာကျောင်းများသို့ နှာခေါင်းစည်း၊ အပူချိန်တိုင်းကိရိယာနှင့် လက်ဆေးဘေစင်များ ပေးအပ်လှူဒါန်း

လောက်ကိုင် ဇူလိုင် ၁၃

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ်တွင် ၂၀၂၀–၂၀၂၁ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများသို့ နှာခေါင်းစည်း ၊ အပူချိန်တိုင်းကိရိယာနှင့် လက်ဆေးဘေစင်များ လှူဒါန်းပေးအပ်ခြင်းကို ယနေ့ နံနက် ၁၀ နာရီက အထက(၁) ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်က အခြေခံပညာကျောင်းများသို့ နှာခေါင်းစည်း၊ အပူချိန်တိုင်းကိရိယာနှင့် လက်ဆေးဘေစင်များ လှူဒါန်းပေးအပ်ခြင်းနှင့် ပတ်သက်၍ အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်၊ အလုပ်အမှုဆောင်ကော်မတီဝင် ဦးဝေဆန်း၊ ဦးစီးအဖွဲ့ အတွင်းရေးမှူး ဦးထွန်းကျော်ကျော်နှင့် အဖွဲ့ဝင်များက အခြေခံပညာကျောင်းများသို့ နှာခေါင်းစည်း အခု ၅၅၀၀၊ အပူချိန်တိုင်း ကိရိယာခြောက်ခုနှင့် လက်ဆေးဘေစင် ၁၆ ခုတို့အား လှူဒါန်းပေးအပ်ရာ လောက်ကိုင်မြို့ အထက–၁၊ အထက–၂၊ တာရွှေထန်ကျေးရွာ အထကနှင့် ချင်းရွှေဟော်မြို့ အထက ကျောင်းများမှ ကျောင်းအုပ်ဆရာကြီးများက အသီးသီးလက်ခံရယူခဲ့ကြပြီး (ယာပုံ) လောက်ကိုင်မြို့နယ်ပညာရေးမှူး ဦးကျော်ဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အခမ်းအနားသို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်နှင့် အဖွဲ့ဝင်များ ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီးများနှင့် ဆရာ ဆရာမများ တက်ရောက်ကြောင်း သိရသည်။

ဇော်ဇော်အောင်(ပြန်/ဆက်)



## ရွှေဘိုမြို့နယ်၌ မြေသယ်ယာဉ်၊ ကျောက်သယ်ယာဉ်များအား ယာဉ်စည်းကမ်းထိန်းသိမ်းရေးဆောင်ရွက်

**ရွှေဘို ဇူလိုင် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်တွင် ဇူလိုင် ၁၁ ရက်က မြေသယ်ယာဉ်၊ ကျောက်သယ်ယာဉ်များအား ယာဉ်စည်းကမ်းထိန်းသိမ်းရေးဆောင်ရွက်ခြင်းကို ရွှေဘို–ကျောက်မြောင်းလမ်း (၁၄) မိုင်လမ်းဆုံနှင့် ရတနာသိဃ်တံတားအဆင်းလမ်းဆုံ၌ ပြုလုပ်သည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ‘‘ရွှေဘိုမြို့နယ်မှာ မြေသယ်ယာဉ်၊ ကျောက်သယ်ယာဉ်တွေ ယာဉ်စည်းကမ်းမလိုက်နာကြဘူး။ ညာဘက်ကပ်မမောင်းဘဲ လမ်းအလယ်က မောင်းတယ်။ မြို့တွင်းမှာ အရှိန်မလျှော့ဘဲမောင်းတယ်။ တာဝန်ရှိသူက စစ်ဆေးရင် လိုင်စင်မပါဘူး။ မနိုင်ဝန်တင်မောင်းတာ အဆိုးဆုံးပါပဲ။ အခုလို ကြပ်မတ်စစ်ဆေးမှုတွေ မကြာခဏ လုပ်ပေးဖို့ လိုအပ်ပါတယ်" ဟု အမှတ် (၃) ရပ်ကွက်နေ ပြည်သူတစ်ဦးက ပြောသည်။

ယာဉ်စည်းကမ်း ထိန်းသိမ်းဆောင်ရွက်ခြင်းကို အမှတ် (၁၁၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(ရွှေဘို) မှ ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ကျော်ဦး ခေါင်းဆောင်သော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ကျောက်မြောင်းမြို့ အုပ်ချုပ်ရေးမှူး ဦးထွန်းအောင်ခိုင်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျောက်မြောင်းရဲစခန်းမှူး ရဲအုပ်ကျော်စိန်လှိုင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ရွှေဘိုမြို့ လမ်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျောက်မြောင်းမြို့ အမှတ် (၃) ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်အဖွဲ့ဝင်များ ပူးပေါင်း၍ မြေသယ်ယာဉ်၊ ကျောက်သယ်ယာဉ် ၃၅ စီးကို စစ်ဆေးဆောင်ရွက်ခဲ့ရာ ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင် ပြည့်စုံစွာမပါရှိသော မော်တော်ယာဉ် ၁၄ စီးကို အရေးယူဆောင်ရွက်ခဲ့ပြီး တရားရုံးသို့ ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေဖြင့် တရားစွဲတင်ပို့မည်ဖြစ်ကြောင်း သိရသည်။

**မိုးသောက် (ရွှေဘို)**

## မြဝတီမြို့၌ Cash For Work စီမံကိန်းနှင့် ကျေးရွာ မတည်ရန်ပုံငွေစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်း အခမ်းအနားကျင်းပ

**မြဝတီ ဇူလိုင် ၁၃**

ကရင်ပြည်နယ် မြဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကိုဗစ်–၁၉ ရောဂါကြောင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ထိခိုက်မှုများကို တုံ့ပြန်ဆောင်ရွက်သည့်အနေဖြင့် Cash For Work စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းကို မြဝတီမြို့နယ် မေတ္တာလင်းမြိုင်ကျေးရွာနှင့် ဖလူးကျေးရွာအုပ်စု လေးကေ့ကော်ကျေးရွာတို့တွင် ပြုလုပ်ခဲ့ပြီး ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းမိတ်ဆက် ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဖလူးကျေးရွာအုပ်စု ရသေ့ဂူကျေးရွာတွင် ယမန်နေ့က ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဦးငွေစိုးက အမှာစကားပြောကြားပြီး မြဝတီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးနေဝင်းက ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်ရေးကာလတွင် ကျေးလက်ဒေသများရှိ ပြည်သူများအား မိမိတို့ကျေးရွာ၏ထုတ်ကုန်လုပ်ငန်းနှင့် အခြေခံအဆောက်အအုံဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို မိမိတို့ကိုယ်တိုင်ဆောင်ရွက်စေပြီး လုပ်အားခပေးချေခြင်းဖြင့် ကျေးလက်နေပြည်သူများ ဝင်ငွေရရှိစေရန်နှင့် ကျေးလက်အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ Cash For Work စီမံကိန်းမိတ်ဆက်ခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ Cash For Work စီမံကိန်းအတွက် လုပ်ငန်းများရွေးချယ်ခြင်းနှင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းအတွက် ကော်မတီဖွဲ့စည်းခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သည်။

အဆိုပါ စီမံကိန်းလုပ်ငန်းအတွက် ကျေးရွာတစ်ရွာကို ထောက်ပံ့ ရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအတွက် အိမ်ခြေ ၁၀၀ ကျော်ရှိသည့်ရွာများကို ငွေကျပ်သိန်း ၃၀၀၊ အိမ်ခြေ ၅၀ နှင့် ၁၀၀ကြားရှိသည့် ကျေးရွာများကို ငွေကျပ်သိန်း ၂၀၀၊ အိမ်ခြေ ၅၀ အောက်ရှိသည့် ကျေးရွာများကို ငွေကျပ်သိန်း ၁၀၀ ထောက်ပံ့ရန်ပုံငွေများ ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းလုပ်ငန်းအတွက် မြဝတီမြို့နယ်အတွင်းရှိ ကျေးရွာ ၁၀ ရွာကို ရွေးချယ်ထားပြီး ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းအတွက် ရွာရှစ်ရွာရွေးချယ်ထားကြောင်း သိရသည်။

**မန်းသန်းရွှေမြင့်(ပြန်/ဆက်)**




### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၃ – ၇ – ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၂၈၅၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၂၅၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၅၆၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၂၈၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၂၅၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၅၆၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၃၀/၅၆၀ ကျပ် | ၅၆၀/၅၈၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၄၀/၅၇၅ ကျပ် | ၅၇၅/၅၉၅ ကျပ် |
| အောက်တိန်း ၉၂ | ၄၈၀/၅၁၀ ကျပ် | ၅၅၀/၅၆၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၁၀/၆၂၅ ကျပ် | ၆၇၀/၆၉၀ ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၇၀ . ၁ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၄၉ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၈၅ . ၄၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၂၇ . ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၇၉ . ၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၅၄ . ၃၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၅ . ၆၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၂၂၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၃ . ၉၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၁ . ၂၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၆၈၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၀၅၀၀ | ၁၆ | ၁၆၈၀၀၀ |
| MTSH | ၃၈၀၀ | ၃၈၅၀ | ၆၆၈ | ၂၅၅၁၈၀၀ |
| MCB | ၈၂၀၀ | ၀ | ၀ | ၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၄၄၂၃ | ၉၇၃၀၆၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၁၁၁ | ၃၀၃၁၅၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၆၂ | ၁၆၇၄၀၀ |

ခင်ရတနာ – စုစည်းသည်

မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | – အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | – ဝင်းကျော် |
| သတင်းထောက်ချုပ် | – မြင့်ဆွေ |
| စာတည်းများ | – ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန်စာတည်း | – ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | – ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | – နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံသတင်းထောက် | – တင်စိုး |
| သုတေသန | – အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၄၅၊ ဖက်စ် ၀၆၇–၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅၄၄၃၀၉၊ မန်နေဂျာ ၀၁–၅၄၄၃၁၄၊ စီမံ ၀၁–၅၄၄၃၁၅၊ ငွေစာရင်း ၀၁–၅၄၄၃၁၆၊ ကြော်ငြာ ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ Fax ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ Fax ၀၁–၈၆၀၄၅၄၆။

ပညာရေးဝန်ကြီးဌာန

"၂၀၂၀-၂၀၂၁ ပညာသင်နှစ်"

ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

- ❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်းမပြုရ။
- ❖ **ငွေကြေး/လက်ဆောင်ပစ္စည်း**တစ်စုံတစ်ရာလက်ခံခြင်းမပြုရ။
- ❖ ကျောင်းဝတ်စုံအတွက် **အတန်းတံဆိပ်နှင့် ကျောင်းတံဆိပ်**များရောင်းချခြင်းမပြုရ။
- ❖ အခြား**မည်သည့်ပစ္စည်းကိုမျှ** ရောင်းချခြင်းမပြုရ။
- ❖ ကျောင်းတက်မှန်၍ စာသင်ချိန်ဇယားအတိုင်းပုံမှန်အတန်းဝင် သင်ကြားသင်ယူပေးရန်၊ ရုံးတက်မှန်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများအား ပူးပေါင်းဆောင်ရွက်တတ်၍ တာဝန်ယူတာဝန်ခံ ဆောင်ရွက်တတ်သော တီထွင်ကြံဆနိုင်စွမ်းရှိသည့် လူသားကောင်းများဖြစ်လာစေရန်အတွက် ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ သင်ယူတတ်မြောက်မှု အရည်အသွေးကောင်းမွန်ရေး မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်း (၄)ကြိမ် စစ်ဆေးရန်ဖြစ်ပြီး နှစ်ဆုံးစစ်ဆေးခြင်းကို ၂၀၂၁ ခုနှစ်၊ မတ်လတွင် ဆောင်ရွက်ရန်။
- ❖ ကျောင်းခေါ်ချိန်မပြည့်သူများ၊ သင်ယူတတ်မြောက်မှုအားနည်းသောကျောင်းသား၊ကျောင်းသူများအတွက် ဖြည့်ဆည်းသင်ကြားပေးခြင်း (Remedial Teaching)ကို နှစ်ဆုံးစစ်ဆေးခြင်းမတိုင်မီအထိ စဉ်ဆက်ဆောင်ရွက်ရန်။
- ❖ ကျောင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်စေရေး ကျောင်းသား၊ ကျောင်းသူများကို တိုက်တွန်းအားပေးပါရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်။
- ❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာပေးရေးကို မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ (TV,Video,Phone,Computer) ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ပါးစပ်နှင့်နှာခေါင်းစည်း(mask)ကို ညွှန်ကြားချက်များအတိုင်း စနစ်တကျ တပ်ဆင်ရန်၊ လိုအပ်ပါက မျက်နှာအကာ (Face Shield) တပ်ဆင်ရန်။
- ❖ လက်ကိုရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် စနစ်တကျ မကြာခဏ ဆေးကြောရန်။
- ❖ လက်ဖြင့် နှာခေါင်း၊ ပါးစပ်၊ မျက်လုံးများ မကိုင်ရန်။
- ❖ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာ ကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန် နှင့် ဆေးကုသမှုခံယူရန်။
- ❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အကြံပြုလို၊ တိုင်ကြားလိုပါက ဒုတိယအမြဲတမ်းအတွင်းဝန်၊ ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော် (သို့မဟုတ်) dpsoffice@moe.edu.mm သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။



ပညာရေးဝန်ကြီးဌာန

"၂၀၂၀-၂၀၂၁ ပညာသင်နှစ်"

အသိပေးကြေညာချက်

❖ သင်ရိုးသစ် ဒသမတန်း(Grade-10)တွင် သင်ယူရမည့်ဘာသာတွဲများ-

STEAMS-1

၁။မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ရူပဗေဒ ၆။ ဇီဝဗေဒ ၇။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း+ဘောဂဗေဒ) ၈။ စာရိတ္တနှင့် ပြည်သူ့နီတိ ၉။ ဘဝတွက်တာကျွမ်းကျင်စရာ ၁၀။ ကာယပညာ(သို့မဟုတ်) အနုပညာ(ပန်းချီ)(သို့မဟုတ်) အနုပညာ(ဂီတ)

STEAMS-2

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ရူပဗေဒ ၆။ ဘောဂဗေဒ ၇။ ပထဝီဝင် + သမိုင်း ၈။ စာရိတ္တနှင့် ပြည်သူ့နီတိ ၉။ ဘဝတွက်တာကျွမ်းကျင်စရာ ၁၀။ ကာယပညာ(သို့မဟုတ်) အနုပညာ(ပန်းချီ)(သို့မဟုတ်) အနုပညာ(ဂီတ)

STAMS-1

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ပထဝီဝင် ၅။ သမိုင်း ၆။ ဘောဂဗေဒ ၇။ သိပ္ပံ(ဓာတုဗေဒ + ရူပဗေဒ + ဇီဝဗေဒ) ၈။ စာရိတ္တနှင့် ပြည်သူ့နီတိ ၉။ ဘဝတွက်တာကျွမ်းကျင်စရာ ၁၀။ ကာယပညာ(သို့မဟုတ်) အနုပညာ(ပန်းချီ) (သို့မဟုတ်) အနုပညာ(ဂီတ)

STAMS-2

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ စိတ်ကြိုက်မြန်မာစာ ၅။ ဘောဂဗေဒ ၆။ ပထဝီဝင် + သမိုင်း ၇။ သိပ္ပံ(ဓာတုဗေဒ + ရူပဗေဒ + ဇီဝဗေဒ) ၈။ စာရိတ္တနှင့်ပြည်သူ့နီတိ ၉။ ဘဝတွက်တာကျွမ်းကျင်စရာ ၁၀။ ကာယပညာ(သို့မဟုတ်) အနုပညာ(ပန်းချီ)(သို့မဟုတ်) အနုပညာ(ဂီတ)





# ဖာပွန်မြို့၌ မိုးစပါးနှင့် ကိုဗစ်-၁၉ အထူးချေးငွေ ထုတ်ပေး

**ဖာပွန် ဇူလိုင် ၁၃**

ကရင်ပြည်နယ်အတွင်း မိုးစပါးချေးငွေနှင့် ကိုဗစ်-၁၉ အထူးချေးငွေများအား ၂၀၂၀ ပြည့်နှစ် ဇွန်လမှ စတင်ထုတ်ချေးပေးလျက်ရှိပြီး မိုးစပါးချေးငွေအဖြစ် လယ်တစ်ဧကအတွက် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ထုတ်ချေးပေးရာမှ ကိုဗစ်-၁၉ ကြောင့် တောင်သူများ ထိခိုက်မှုအား ကုစားနိုင်ရေးအတွက် လယ်/ယာ တစ်ဧက ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ထပ်မံထုတ်ချေးပေးလျက်ရှိသည်။

ကရင်ပြည်နယ်တစ်ခုလုံးအတွက် မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေအဖြစ် ကျပ်သန်း ၆၁၅၅ သန်း၊ ကိုဗစ်-၁၉ အထူးချေးငွေအဖြစ် ကျပ်သန်း ၁၂၁၃ ဒသမ ၁ သန်းအား လျာထား ထုတ်ပေးလျက်ရှိရာ ဇူလိုင် ၁၃ ရက် က ဖာပွန်မြို့၌ ၂၀၂၀ ပြည့်နှစ် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေနှင့် ကိုဗစ်-၁၉ အထူးချေးငွေအား ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**မန္တလေးမြို့ရှိ အခြေခံပညာကျောင်းများတွင် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် အထက်တန်းအဆင့် သင်ရိုးသစ် Grade-10 နှင့် သင်ရိုးဟောင်း Grade-11 ကျောင်းသားကျောင်းသူများအား ကိုဗစ် - ၁၉ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ဇူလိုင် ၁၃ ရက်က စတင်ကျောင်းအပ်လက်ခံလျက်ရှိရာ အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများ လာရောက်ကျောင်းအပ်နှံကြစဉ်။**

မင်းထက်အောင်(မန်းကိုယ်ပွား)



❑*ကျော့ဖုံးမှ*

အခြေခံပညာအထက်တန်းကျောင်းများတွင် ဇူလိုင် ၁၃ ရက်မှ ၁၇ ရက်အထိ ၂၀၂၀-၂၀၂၁ ပညာသင်နှစ် အခြေခံပညာအထက်တန်းအဆင့် ကျောင်းသားကျောင်းသူများအား ကျောင်းအပ်လက်ခံ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်အတွင်းရှိအခြေခံပညာအထက်တန်းကျောင်းများတွင်လည်း ဇူလိုင် ၁၃ ရက်မှစ၍ အခြေခံပညာအထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်လက်ခံမှုကို ဆောင်ရွက်ပေးလျက်ရှိပြီး အဆိုပါအခြေခံပညာအထက်တန်းအဆင့် နဝမတန်းနှင့် ဒသမတန်းများကို ဇူလိုင် ၂၁ ရက်တွင် စတင်ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **နိုင်လင်းအောင်(ပြန်/ဆက်)**

**ကလေး**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ အထက်တန်းအဆင့် ကျောင်းအပ်လက်ခံရာတွင်လည်း ကိုဗစ်-၁၉ ကာကွယ်ရေး ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်နေကြောင်း၊ ကျောင်းအပ်လာသူများအား ကိုယ်အပူချိန်တိုင်းတာခြင်း၊ လက်ဆေးနိုင်ရန် ကျောင်းဝင်ပေါက်ဝ၌ လက်ဆေးကန်များ ထားရှိပေး၍ လက်ဆေးစေခြင်း၊ နှာခေါင်းစည်းများ တပ်စေခြင်းနှင့် တစ်ဦးနှင့်တစ်ဦး ခြောက်ပေခန့်ခွာ၍ နေစေခြင်းများကို စနစ်တကျ ဆောင်ရွက်နေကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်းရှိ ကျောင်းများတွင် Grade-10 နှင့် သင်ရိုးဟောင်း ၁၀ တန်းတက်မည့် ကျောင်းသား ကျောင်းသူများအား ဇူလိုင် ၁၃ ရက်မှ ၁၇ ရက်အထိ ကျောင်းအပ်လက်ခံမည်ဖြစ်သည်။ **ထန်းဖုန်(ပြန်/ဆက်)**

**ပင်လုံ**

ရှမ်းပြည်နယ် လွိုင်လင်မြို့နယ် ပင်လုံမြို့ရှိ အထက(၁)၊ အထက(၂)၊ အထက (၃)ကျောင်းများ၌ အထက်တန်းအဆင့် ကျောင်းအပ်လက်ခံရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ နှာခေါင်းစည်းများ စနစ်တကျ တပ်ဆင်စေခြင်း၊ ကျောင်းရှေ့တွင် ခြောက်ပေခြားစည်းဝိုင်းများ ရေးဆွဲသတ်မှတ်၍ တစ်ဦးချင်းစီ စောင့်ဆိုင်းစေပြီး ကျောင်းထဲသို့ စနစ်တကျ ဝင်ရောက်စေခြင်း၊ ကျောင်းထဲမဝင်မီ စစ်ဆေးရေးဂိတ်များမှ တာဝန်ကျ ဆရာ ဆရာမများက ကိုယ်အပူချိန်တိုင်းကိရိယာများဖြင့် အပူချိန်တိုင်းတာခြင်း၊ အပူချိန်မြင့်နေပါက စနစ်တကျ ဆေးကုသမှုခံယူနိုင်ရန် ဆောင်ရွက်ပေးခြင်း၊ လက်ဆေးကန်နှင့် ဆပ်ပြာများထားရှိကာ စနစ်တကျ လက်ဆေးစေခြင်း စသည့် သတ်မှတ်ချက်များဖြင့် စနစ်တကျဆောင်ရွက်၍ ကျောင်းအပ်လက်ခံနေကြောင်း သိရသည်။

ထို့အပြင် ကျောင်းလာအပ်သည့် ကျောင်းသားကျောင်းသူတစ်ဦးလျှင် နှာခေါင်းစည်း နှစ်ခု၊ မျက်နှာအကာတစ်ခုနှင့် ပြဋ္ဌာန်းစာအုပ် တစ်စုံစီကိုလည်း ပညာရေးဝန်ကြီးဌာနက အခမဲ့ထောက်ပံ့ပေးခဲ့ကာ အထက်တန်းအဆင့်အတန်းများကို ဇူလိုင် ၂၁ ရက်တွင် စတင်ဖွင့်လှစ် သင်ကြားသွားမည်ဖြစ်ကြောင်းနှင့် ကျောင်းအပ်လက်ခံနေမှုကို လွိုင်လင်မြို့နယ် ပညာရေးမှူး၊ ပင်လုံမြို့ အုပ်ချုပ်ရေးမှူးနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက လာရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**နန်းမြင့်မြင့်ဆွေ**

**မိုးမိတ်**

ရှမ်းပြည်နယ် မြောက်ပိုင်း မိုးမိတ်ခရိုင် မိုးမိတ်မြို့ရှိ အခြေခံပညာ အထက်တန်းကျောင်းများ၌ ဇူလိုင် ၁၃ ရက်မှစ၍ အထက်တန်းအဆင့် ကျောင်းအပ်လက်ခံရာတွင် ကျောင်းအဝင်၌ မိဘများနှင့် ကျောင်းသားကျောင်းသူများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ရေး သိကောင်းစရာများကို သိရှိလိုက်နာနိုင်ရေးအတွက် စည်းကမ်းချက်များ ကပ်ထားပေးကြောင်း၊ ကိုယ်အပူချိန်တိုင်းပေးခြင်း၊ နှာခေါင်းစည်းတပ်ဆင်စေခြင်း၊ လက်ဆေးနိုင်ရန် လက်ဆေးကန်များ ထားရှိပေးခြင်းနှင့် ကျောင်းအပ်လာသူများ တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာ၌ နေထိုင်နိုင်ရေးအတွက်လည်း စနစ်တကျ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိုးမိတ်မြို့ အထက(၂)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နီက "မည်သည့်ခွဲခြားမှုမရှိဘဲ ကျောင်းနေအရွယ်ကလေးများအားလုံး အရည်အသွေးရှိသော ပညာသင်ယူခွင့်ရရှိဖို့ မိဘပြည်သူများအားလုံး ဝိုင်းဝန်းကူညီစို့ ဆိုတဲ့ ပညာရေးဝန်ကြီးဌာနရဲ့ ဆောင်ပုဒ်နှင့်အညီ အထက်တန်းအဆင့် ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် ဇူလိုင် ၁၃ ရက်မှ ၁၇ ရက်အထိ သတ်မှတ်ထားပါတယ်။ ကိုဗစ်ကာလဖြစ်တာနဲ့အညီ ကျောင်းဖွင့်ရင်လည်း ကျောင်းသား ကျောင်းသူတွေကို တစ်ခန်းမှာ အယောက် ၂၀ ပဲ ထားရှိပြီး ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ထုတ်ပြန်ထားတဲ့ စည်းကမ်းချက်တွေနဲ့အညီ ပညာသင်ကြားစေမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

**မိုးမိတ်သား**

**မြင်းမူ**

မြင်းမူမြို့နယ်အတွင်း အထက်တန်းအဆင့် ကျောင်းအပ်လက်ခံရာတွင် ဇူလိုင် ၁၃ ရက်မှ ၁၇ ရက်အထိ ဆောင်ရွက်မည်ဖြစ်ပြီး ကျောင်းအပ်နှံရန် လာရောက်ကြသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများအတွက် ခြောက်ပေစီခွာ၍ နေရာများ စနစ်တကျ သတ်မှတ်ပေးထားခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ လက်ဆေးရန်နေရာများ ထားရှိပေးခြင်း၊ ကျောင်းသား ကျောင်းသူများအား ပညာရေးဌာနမှပေးသော မျက်နှာအုပ်ကာဗာများ အခမဲ့ပေးဝေ၍ ချက်ချင်းတပ်ဆင်စေခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း အထက (၁) ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ထံမှ သိရသည်။

**အောင်စိုးဖေ (မြင်းမူ)**

**နမ့်ဆန်**

ရှမ်းပြည်နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့၌ အထက်တန်းအဆင့် ကျောင်းအပ်လက်ခံရာတွင် ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် စနစ်တကျ လက်ခံလျက်ရှိသလို ကျောင်းဖွင့်၍ စာသင်ကြားနေစဉ်ကာလတွင်လည်း ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးကို ဆောင်ရွက်မည်ဖြစ်ပြီး စာသင်ခန်း တစ်ခန်းလျှင် ကျောင်းသားဦးရေ ၂၀ မှ ၂၅ ဦးအထိသာ ထားရှိသင်ကြားမည်ဖြစ်ကြောင်းသိရသည်။

နမ့်ဆန်မြို့နယ်၌ အထက်တန်းအဆင့်ကို ဇူလိုင် ၁၃ ရက်မှ ၁၇ ရက်အထိ ကျောင်းအပ်လက်ခံမည်ဖြစ်ကြောင်း သိရသည်။

**အောင်မိုး(ပြန်/ဆက်)**

**ကျောက်တန်း**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့ရှိ အမှတ်(၁) နှင့် အမှတ်(၂) အခြေခံ ပညာအထက်တန်းကျောင်းများ၌ အထက်တန်းအဆင့် ကျောင်းအပ်လက်ခံမှုကို ဇူလိုင် ၁၃ ရက်မှ ၁၇ ရက်အထိ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးဝင်း(ကျောက်တန်း)**

# ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေကြမ်း**

**(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

**၁၃၈၂ ခုနှစ်၊ ရက်**

**(၂၀၂၀ ပြည့်နှစ်၊ လ ရက်)**

**နိဒါန်း**

နိုင်ငံတော်၏ လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ရည်ရွယ်၍ ချမှတ်ထားသည့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းပါ ပန်းတိုင်များ၊ မဟာဗျူဟာများ၊ လုပ်ငန်းစဉ်များနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၁) ရက်နေ့မှ စတင် အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက် စေရမည်-

(က) **အမျိုးသားစီမံကိန်း** ဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေး တစ်ရပ်လုံးအတွက် ဖြစ်စေ၊ ပြည်ထောင်စုဝန်ကြီးဌာန/ကဏ္ဍ အလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များဖြစ်သည်။ အမျိုးသားစီမံကိန်းများ၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြုရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန်စီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာကို အခြေခံသော စက်မှုလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးရေးစီမံကိန်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းစသည့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဘက်စုံဆက်စပ်အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များ ဖြစ်သည်။

(ဂ) **ဘဏ္ဍာနှစ်** ဆိုသည်မှာ အောက်တိုဘာလ (၁) ရက်နေ့မှ စက်တင်ဘာလ (၃၀) ရက်နေ့အထိ ကာလဖြစ်သည်။

(ဃ) **နှစ်ကုန်ခန့်မှန်းခြေ** ဆိုသည်မှာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မည့်အခြေအနေတို့ကို ပေါင်းစပ်ခန့်မှန်းထားခြင်းဖြစ်သည်။

(င) **ပုံမှန်ဈေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(စ) **နှစ်အလိုက်ဈေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ် အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်း ဖြစ်သည်။

(ဆ) **သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများ** ဆိုသည်မှာ အမျိုးသား စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သည့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများကို ဆိုသည်။

**အခန်း(၂)**

**စီမံကိန်းရည်မှန်းချက်များ**

၄။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(GDP)ကို ပုံမှန်ဈေးနှုန်းအရ ၆.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ကဏ္ဍအလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ-

(၁) လယ်ယာကဏ္ဍတွင် ၂.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၃.၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) သစ်တောကဏ္ဍတွင် ၁၁.၀ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် ၀.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၂.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် ၇.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၁၂.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၆.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၇.၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၉.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၈.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် ၃.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) အခြားဝန်ဆောင်မှုကဏ္ဍတွင် ၉.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၇.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဂ) တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ -

(၁) ကချင်ပြည်နယ်တွင် ၄.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) ကယားပြည်နယ်တွင် ၅.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) ကရင်ပြည်နယ်တွင် ၅.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၄) ချင်းပြည်နယ်တွင် ၄.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) စစ်ကိုင်းတိုင်းဒေသကြီးတွင် ၇.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) တနင်္သာရီတိုင်းဒေသကြီးတွင် ၃.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) ပဲခူးတိုင်းဒေသကြီးတွင် ၆.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

**(ဆက်လက်ဖော်ပြပါမည်)**

# ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကြမ်း**

**(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

**၁၃၈၂ ခုနှစ်၊ လ ရက်**

**(၂၀၂၀ ပြည့်နှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စတင်အကျိုးသက်ရောက်သည့်နေ့ရက်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေဟု ခေါ်တွင် စေရမည်။

(ခ) ဤဥပဒေသည် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်၍ အကျိုးသက်ရောက်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အခွန်အကောက်** ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်၊ အကောက်ခွန်၊ အခ၊ လိုင်စင်ကြေး၊ ပါမစ်ကြေးနှင့် ဒဏ်ကြေးငွေများကို ဆိုသည်။

(ခ) **ဥပဒေ** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များနှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ဥပဒေများကို ဆိုသည်။

(ဂ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသော အခွန်အကောက်များကို တာဝန်ယူကောက်ခံသည့် ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီတို့ကို ဆိုသည်။

(ဃ) **ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ** ဆိုသည်မှာ နှစ်အလိုက် ထုတ်ပြန်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေတို့ကို ဆိုသည်။

(င) **အခွန်နှုန်း** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များကို ကောက်ခံရန် သတ်မှတ်ထားသည့် အခွန်အကောက်နှုန်းများကို ဆိုသည်။

**အခန်း (၂)**

**ကောက်ခံရန် အခွန်လျာထားချက်**

၃။ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြည်ထောင်စု၏ အခွန်ရငွေသည် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ဤဥပဒေ၏ ဇယား (၁)ပါ ပြည်ထောင်စု၏ အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက် ဖြစ်သည်။

**အခန်း (၃)**

**အခွန်နှုန်းများ သတ်မှတ်ခြင်းနှင့် အစီရင်ခံခြင်း**

၄။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါ အခွန်အကောက်အမျိုးအစားများနှင့်စပ်လျဉ်း၍ ကောက်ခံရန် အခွန်လျာထားချက်များကို ဤဥပဒေပါ အခွန်နှုန်းများဖြင့်ကောက်ခံရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေပါ အခွန်အကောက်နှုန်းထားများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်းဆောင်ရွက်လိုလျှင် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ရေးအတွက် တင်သွင်းရမည်။

၆။ (က) သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား (၁) ပါ ပြည်ထောင်စု၏ အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို သုံးလပတ်အလိုက် ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနသို့ ပေးပို့ရမည်။

(ခ) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများက ပေးပို့လာသည့် အခွန်အကောက် ကောက်ခံရရှိမှုစာရင်းများကို စုစည်း၍ သုံးသပ်ချက်ဖြင့် သုံးလပတ်အလိုက် ပြည်ထောင်စုအစိုးရ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ဇယား (၁) ပါ ပြည်ထောင်စု၏ အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို ခြောက်လပတ်အလိုက် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြရမည်။

**အခန်း (၄)**

**သက်ဆိုင်ရာဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်**

၈။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား (၁) ပါ ပြည်ထောင်စု၏ အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်ကို ကောက်ခံရရှိရေးအတွက် တာဝန်ခံစီမံ ကြီးကြပ်ရမည်။

၉။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်နှင့် ရတနာခွန်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ယင်းတို့၏ မူလအဓိပ္ပာယ် မပြောင်းလဲစေဘဲ ရှင်းလင်းစွာ သိရှိလိုက်နာဆောင်ရွက်နိုင်စေရန် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၀။ သက်ဆိုင်ရာဝန်ကြီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများက ဥပဒေနှင့်အညီ ပေးဆောင်လာစေရေးအတွက် လိုအပ်သည့်သတင်းအချက်အလက်များ၊ ကူညီပံ့ပိုးမှုများကို နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များ၏ အကူအညီကို ရယူနိုင်သည်။

**(ဆက်လက်ဖော်ပြပါမည်)**

# ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကို
ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း
(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ----- ။)
၁၃၈၂ ခုနှစ်၊ လ ရက်
(၂၀၂၀ ပြည့်နှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေတွင်ပါရှိသော "စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၁၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၁။ အစိုးရကြွေးမြီအတွက် ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာကို အနည်းဆုံး နောက်ဘဏ္ဍာရေးနှစ် သုံးနှစ်ကာလအတွက် ဝန်ကြီးဌာနက သုံးနှစ်တစ်ကြိမ်ရေးဆွဲ၍ အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်ရမည်။" .

၄။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၁၄ တွင် ပုဒ်မခွဲ (က)နှင့် (ခ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) မဟာဗျူဟာရေးဆွဲသည့် ဘဏ္ဍာရေးနှစ်များ၏ ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် လိုက်လျောညီထွေမှုရှိရမည်။

(ခ) မဟာဗျူဟာ၏ ပထမဘဏ္ဍာရေးနှစ်အစထက် နောက်မကျစေဘဲ ထုတ်ပြန်ကြေညာရမည်။"

---

# ၂၀၂၀ ပြည့်နှစ်၊ ဝင်ငွေခွန်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

၂၀၂၀ ပြည့်နှစ်၊ ဝင်ငွေခွန်ဥပဒေကြမ်း
(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်၏ ဥပဒေအမှတ် ။)
၁၃၈၂ ခုနှစ်၊ လ ရက်
(၂၀၂၀ ပြည့်နှစ် ၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## နိဒါန်း

**အမည်နှင့် အကျိုးသက်ရောက်ခြင်း**

၁။ (က) ဤဥပဒေကို **၂၀၂၀ပြည့်နှစ်၊ ဝင်ငွေခွန်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ပုဒ်မခွဲ (ဂ) နှင့် မဆန့်ကျင်စေဘဲ ဤဥပဒေသည် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် ဖြစ်စေ၊ ယင်းနောက်တွင်ဖြစ်စေ စတင်မည့် အခွန်နှစ်များမှစ၍ အကျိုးသက်ရောက်စေရမည်။

(ဂ) ဤဥပဒေပါ ဝင်ငွေမှ နုတ်ယူခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များသည် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

**ရည်ရွယ်ချက်များ**

၂။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ပုဂ္ဂိုလ်အားလုံး၏ ဝင်ငွေအပေါ် အခွန်စည်းကြပ်ခြင်းကို သာတူညီမျှမှုရှိစွာ ဆောင်ရွက်နိုင်စေရန်၊

(ခ) ပြည်ပနေပုဂ္ဂိုလ်များထံမှ အခွန်များကို ကောင်းမွန်စွာနှင့် ထိရောက်စွာ ကောက်ခံနိုင်စေရန်၊

(ဂ) အခွန်ရှောင်ရှားမှုကို ကာကွယ်နိုင်စေရန်၊

(ဃ) ဝင်ငွေခွန်နှင့် စပ်လျဉ်းသည့် စီမံအုပ်ချုပ်မှုဆိုင်ရာနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ သတ်မှတ်ချက်များကို ဖြည့်စွက်ပြဋ္ဌာန်းပေးရန်၊

(င) ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန်။

**အဓိပ္ပာယ်ဖော်ပြချက်များ**

၃။ (က) ဤဥပဒေတွင် အကြောင်းအရာနှင့် ရှေ့နောက်စကားရပ်တို့က အခြားအဓိပ္ပာယ် သက်ရောက်စေခြင်းမရှိလျှင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(၁) ရရန်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ **ရယူခြင်း** ဆိုသည်မှာ ပုဒ်မ ၇၇ တွင် ဖော်ပြထားသော အဓိပ္ပာယ်ကိုဆိုသည်။

(၂) **ငွေကြေးပမာဏ** ဆိုရာတွင် ငွေသားမဟုတ်သည့် အကျိုးခံစားခွင့်လည်း ပါဝင်သည်။

(၃) **အလုပ်ရှင်က ထောက်ပံ့ပေးသည့် အသိအမှတ်ပြုထားသော ရန်ပုံငွေ** ဆိုသည်မှာ အောက်ပါတို့နှင့်ညီညွတ်ပြီး အလုပ်ရှင်က ဖြစ်စေ၊ ယင်း၏တွဲဖက်လုပ်ကိုင်သူကဖြစ်စေ တည်ထောင်ထားသည့် အငြိမ်းစားရန်ပုံငွေကိုဆိုသည် -

(ကက) စည်းမျဉ်းများဖြင့် သတ်မှတ်ထားသည့် အခြေအနေများနှင့် ကိုက်ညီခြင်း၊

( ခခ ) ညွှန်ကြားရေးမှူးချုပ်က စည်းမျဉ်းများနှင့်အညီ အသိအမှတ်ပြုထားခြင်း။

(၄) **သတ်မှတ်ထားသည့်ပုံစံ** ဆိုသည်မှာ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) အရ ဦးစီးဌာနက သတ်မှတ်ထုတ်ပြန်သည့် ပုံစံကိုဆိုသည်။

(၅) **အသိအမှတ်ပြုထားသော ရန်ပုံငွေ** ဆိုသည်မှာ အောက်ပါ တစ်ခုခုကို ဆိုသည် -

(ကက) ဥပဒေတစ်ရပ်ရပ်အရ ခွင့်ပြုထားသည့် အစိုးရက ထည့်ဝင်သည့် ပင်စင်ရန်ပုံငွေ၊

( ခခ ) အလုပ်ရှင်က ထောက်ပံ့ပေးသည့် အသိအမှတ်ပြုထားသော ရန်ပုံငွေ၊

( ဂဂ ) စည်းမျဉ်းများအရ ပြဋ္ဌာန်းထားသည့် ရန်ပုံငွေ။

(၆) **လက်တစ်ကမ်းဆောင်ရွက်ချက် (arm's length transaction)** ဆိုသည်မှာ ပတ်သက်ဆက်စပ်မှုကင်းသည့် သီးခြားလွတ်လပ်သော ပုဂ္ဂိုလ်များအကြား ဆောင်ရွက်ချက်ကို ဆိုသည်။

(၇) **စည်းကြပ်ထိုက်သောဝင်ငွေ** ဆိုသည်မှာ ပုဒ်မ ၁၅ တွင် ဖော်ပြထားသောအဓိပ္ပာယ်ကို ဆိုသည်။

(၈) **ရရန်ပိုင်ခွင့်** ဆိုရာတွင် ဒြပ်ရှိ သို့မဟုတ် ဒြပ်မဲ့ရရန်ပိုင်ခွင့်၊ ငွေကြေး၊ ဂုဏ်သတင်း၊ အတတ်ပညာ၊ ပစ္စည်းဥစ္စာ၊ ဝင်ငွေရရှိပိုင်ခွင့် သို့မဟုတ် အနာဂတ်ကာလတွင် ဝင်ငွေရရှိပိုင်ခွင့်၊ ၁၂ လထက် ပိုမိုကြာမြင့်ပြီး တည်ရှိသည့်အကျိုးခံစားခွင့်နှင့် ရရန်ပိုင်ခွင့်တစ်ရပ်၏ အစိတ်အပိုင်းတို့လည်း ပါဝင်သည်။

(၉) **တွဲဖက်လုပ်ကိုင်သူ** ဆိုသည်မှာ ပုဒ်မ ၄ တွင် ဖော်ပြထားသော အဓိပ္ပာယ်ကို ဆိုသည်။

(၁၀) **လုပ်ငန်း** ဆိုရာတွင်

(ကက) အောက်ပါတို့လည်း ပါဝင်သည် -

(၁-၁) အမြတ်ရရှိရန်အတွက် စဉ်ဆက်မပြတ်ဖြစ်စေ၊ ကာလတိုဖြစ်စေ လုပ်ကိုင်သည့် ကုန်သွယ်မှုဆိုင်ရာ၊ စက်မှုဆိုင်ရာ၊ ကူးသန်းရောင်းဝယ်မှုဆိုင်ရာ၊ ပညာသည်ဆိုင်ရာ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ မည်သည့်လုပ်ဆောင်ချက်မဆို၊

(၁-၂) မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ရင်းနှီးတည်ဆောက်ခြင်း (developing) ဆိုင်ရာ သို့မဟုတ် ရင်းနှီးတည်ဆောက်ခြင်းနှင့် ငှားရမ်းခြင်းဆိုင်ရာ လုပ်ဆောင်ချက်၊

(၁-၃) ကုမ္ပဏီ သို့မဟုတ် ပညာသည်အစုစပ်လုပ်ငန်း၏ မည်သည့်လုပ်ဆောင်ချက်မဆို၊

(၁-၄) အတိတ်ကာလတွင် ဖြစ်စေ၊ ပစ္စုပ္ပန် ကာလတွင် ဖြစ်စေ၊ အနာဂတ်ကာလတွင် ဖြစ်စေ ဆောင်ရွက်သည့်လုပ်ငန်း တစ်ရပ်ရပ်၊

သို့ရာတွင်

( ခခ ) အလုပ်အကိုင် မပါဝင်။

(၁၁) **လုပ်ငန်းဆိုင်ရာရရန်ပိုင်ခွင့် (business asset)** ဆိုသည်မှာ လုပ်ငန်းတစ်ရပ် ဆောင်ရွက်ရာ၌ ယင်းလုပ်ငန်းမှ ဝင်ငွေရရှိစေရန် အပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ အသုံးပြုသည့် လက်ငင်း သို့မဟုတ် မတည်စရိတ်သဘော သဘာဝရှိသည့် ရရန်ပိုင်ခွင့်ကိုဆိုသည်။ ယင်းစကားရပ်တွင် လုပ်ငန်းဆိုင်ရာ ဒြပ်မဲ့ရရန်ပိုင်ခွင့်လည်း ပါဝင်သည်။

(၁၂) **လုပ်ငန်းဆိုင်ရာဒြပ်မဲ့ရရန်ပိုင်ခွင့် (business intangible)** ဆိုသည်မှာ အောက်ပါတစ်ခုခုကိုဆိုသည် -

(ကက) စာပေအနုပညာမူပိုင်ခွင့် (copyright)၊ တီထွင်မှုမူပိုင်ခွင့် (patent)၊ ဒီဇိုင်း သို့မဟုတ် ပုံစံ (model)၊ လျာထားသည့်စီမံချက် (plan)၊ လျှို့ဝှက်ဖော်စပ်နည်း (secret formula) သို့မဟုတ် လုပ်ငန်းစဉ် (process)၊ ကုန်အမှတ်တံဆိပ် သို့မဟုတ် အသုံးဝင်မှုသက်တမ်း အကန့်အသတ်ရှိပြီး လုပ်ငန်းတစ်ခုမှ ဝင်ငွေရရှိရန် အပြည့်အဝသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း အသုံးပြုသည့် အခြားအလားတူပစ္စည်း သို့မဟုတ် အခွင့်အရေး၊

( ခခ ) ဖောက်သည်စာရင်း၊ ဖြန့်ဖြူးရေးလမ်းကြောင်း သို့မဟုတ် သီးသီးသန့်သန့်ဖြစ်သည့် အမည်၊ သင်္ကေတ သို့မဟုတ် ရုပ်ပုံ၊ သို့မဟုတ် အသုံးဝင်မှုသက်တမ်းအကန့်အသတ်ရှိပြီး လုပ်ငန်းတစ်ခုမှ ဝင်ငွေရရှိရန် အပြည့်အဝသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း အသုံးပြုသည့် ဈေးကွက်မြှင့်တင်ရေးဆိုင်ရာ အခြားဒြပ်မဲ့ရရန်ပိုင်ခွင့်၊

( ဂဂ ) လုပ်ငန်းတစ်ခုမှ ဝင်ငွေရရှိရန် အပြည့်အဝသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းသော် လည်းကောင်း အသုံးပြုပြီး သက်တမ်းကန့်သတ်ချက်ရှိသည့်အပြင် အနည်းဆုံးသက်တမ်း တစ်နှစ်ထက်လည်း ကျော်လွန်သည့်ပဋိညာဉ်ဆိုင်ရာ အခွင့်အရေးများ၊ ယင်းတွင် စရိတ်များကို ကြိုတင်ပေးချေထားခြင်းကြောင့် ပေါ်ပေါက်လာသည့် အခွင့်အရေးများလည်း ပါဝင်သည်၊

(ဃဃ) လုပ်ငန်းတစ်ခုမှ ဝင်ငွေရရှိရန် အပြည့်အဝသော် လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းသော် လည်းကောင်း အသုံးပြုသည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို ကာလရှည်ငှားရမ်းမှု၊

( ငင ) တစ်နှစ်ထက် ပိုမိုကြာမြင့်သည့် ကာလအတွက် အကျိုးကျေးဇူး သို့မဟုတ် အကျိုးခံစားခွင့် ဖြစ်ပေါ်စေသည့် ဝင်ငွေရရှိရန် လုပ်ငန်းတစ်ခုတွင် အပြည့်အဝသော် လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းသော် လည်းကောင်း ကျခံရသည့် အသုံးစရိတ်၊ ယင်းတွင် ဒြပ်ရှိပစ္စည်း သို့မဟုတ် မရွှေ့မပြောင်းနိုင်သောပစ္စည်းတစ်ခုခု ရရှိစေရန် ကျခံရသည့် အသုံးစရိတ်များ မပါဝင်၊

( စစ ) ကနဦးအသုံးစရိတ်။

(၁၃) **အခြေပစ္စည်းမှမြတ်စွန်းခွန်** ဆိုသည်မှာ ပုဒ်မ ၁၃ အရ စည်းကြပ်သည့် အခြေ ပစ္စည်းမှ မြတ်စွန်းခွန် ကိုဆိုသည်။

(၁၄) **အခွန်ကျသင့်သည့် ရရန်ပိုင်ခွင့်** ဆိုသည်မှာ ကင်းလွတ်ခွင့်ပြုထားသည့် ရရန်ပိုင်ခွင့် မဟုတ်သည့် မည်သည့်ရရန်ပိုင်ခွင့်မဆိုကို ဆိုသည်။

(၁၅) **ကုမ္ပဏီ** ဆိုသည်မှာ အောက်ပါတစ်ခုခုကိုဆိုသည် -

(ကက) မြန်မာနိုင်ငံအတွင်း၌ ဖြစ်စေ၊ အခြားနေရာ၌ ဖြစ်စေ စုဝေးဖွဲ့စည်းထားသည့်အဖွဲ့၊ ဥပဒေအရ ဖွဲ့စည်းထားသည့် ကော်ပိုရေးရှင်း (statutory corporation)၊ ဖောင်ဒေးရှင်း၊ အစုစပ်လုပ်ငန်း၊ ယုံကြည်အပ်နှံမှု၊ လူမှုအဖွဲ့အစည်း၊ သို့မဟုတ် ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားခြင်း မဟုတ်သည့် အသင်းအဖွဲ့ သို့မဟုတ် ပုဂ္ဂိုလ်စု၊ ယင်းတွင် ပညာသည်အစုစပ်လုပ်ငန်း သို့မဟုတ် အမွေပုံပစ္စည်းတို့ မပါဝင်၊

( ခခ ) နိုင်ငံခြားဥပဒေအရ တည်ထောင်ထားသည့် တရားဝင်ရပ်တည်မှုရှိသည့်ပုဂ္ဂိုလ်တစ်ခုသည် စုဝေးဖွဲ့စည်းထားသည့်အဖွဲ့၊ ဖောင်ဒေးရှင်း၊ အစုစပ်လုပ်ငန်း၊ ယုံကြည်အပ်နှံမှု သို့မဟုတ် လူမှုအဖွဲ့အစည်းတို့နှင့် ဥပဒေဆိုင်ရာ သွင်ပြင်လက္ခဏာများချင်း အခြေခံကျကျ တူညီလျှင် ယင်းတရားဝင် ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်။

*ဆက်လက်ဖော်ပြပါမည်*

# ရွှေကူ၌ ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် လူနေအိမ်များနှင့် လယ်ယာသီးနှံများ ရေကြီးနစ်မြုပ်



**ရွှေကူ ဇူလိုင် ၁၃**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု များတွင် ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် လူနေအိမ်များနှင့် လယ်ယာသီးနှံမြေများ ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်လျက်ရှိသည်။

ရွှေကူမြို့ပေါ် အမှတ်(၃)၊ အမှတ်(၄)ရပ်ကွက်ရှိ လူနေအိမ်အချို့နှင့် ကျောက်တလုံးကျေးရွာ လူနေအိမ်များတွင် ဧရာဝတီမြစ်ရေများ ဝင်ရောက်လာသဖြင့် ရွှေကူမြို့နယ်မီးသတ်ဦးစီးဌာနနှင့် တာဝန်ရှိသူ များက ဧရာဝတီမြစ်ရေများ ဝင်ရောက်သော အိမ်ထောင်စုများအား ရေဘေးလွတ်ရာသို့ ပစ္စည်းများ ထုပ်ပိုးသယ်ယူပို့ဆောင်ခြင်းများ ဆောင်ရွက်သည်။ ရွှေကူမြို့နယ်အတွင်းရှိ လူနေအိမ်အချို့တွင် ဧရာဝတီမြစ်ရေများ ဝင်ရောက်သဖြင့် ဇူလိုင် ၁၁ ရက်မှ ၁၃ ရက်အထိ ပြောင်းရွှေ့ခဲ့ရသော အိမ်ထောင်စုပေါင်း ၁၅ စုအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက မြဝတီဘုန်းတော်ကြီးကျောင်းတိုက် အောင်တော်မူဘုရားဝင်း သူဌေးတောရကျောင်းနှင့် ကျောက်တလုံးကျေးရွာရှိ ဓမ္မာရုံများတွင် ယာယီပြောင်းရွှေ့နေရာချထားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ရွှေကူမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၃ အုပ်စု၊ ကွင်းပေါင်း ၆၅ ကွင်း၊ တောင်သူ ၁၆၇၆ ဦး၏ မိုးစပါး စိုက်ဧက ၆၀၁၂ ဧကနှင့် အစေ့ထုတ်ပြောင်း ၁၃၁ ဧက၊ စုစုပေါင်း စိုက်ပျိုးမြေ ဧက ၆၁၄၃ ဧက ရေကြီးနစ်မြုပ်မှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

**ကျော်မျိုးအောင်(ပြန်/ဆက်)**

# ဘူးသီးတောင်မြို့နယ် ဖုံညိုလိပ်ကျေးရွာရှိ နေအိမ်တစ်လုံး မီးရှို့ဖျက်ဆီးခံရ

**နေပြည်တော် ဇူလိုင် ၁၃**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ဖုံညိုလိပ်ကျေးရွာ ရပ်ကွက်(၃) တွင် နေထိုင်သူ ရီရှီး ဒူလာ၏ နေအိမ်ကို ဇူလိုင် ၁၀ ရက် နံနက်ပိုင်းတွင် တစ်ရွာတည်းနေသူ နှစ်ဦးက အကြောင်းမဲ့ မီးရှို့ဖျက်ဆီးခဲ့ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်တွင် ဖုံညိုလိပ်ကျေးရွာ၊ ရပ်ကွက်(၃)တွင်နေထိုင်သူ ရီရှီးဒူလာ၏ နေအိမ်ကို ဇူလိုင် ၁၀ ရက် နံနက် ၁ နာရီခန့်တွင် တစ်ရွာတည်းနေ မာမွတ်ဆီဒီးနှင့် အဲယ်ဆောင်ဟူလာတို့ နှစ်ဦးက နေအိမ်အောက်ထပ် ဂရန်တာတွင် ကောက်ရိုးပုံ၍ ဓာတ်ဆီလောင်းမီးရှို့ပြီး ရွာလမ်းအတိုင်း အရှေ့ဘက်သို့ ထွက်ပြေးသွားခဲ့ကြောင်း၊ မီးလောင်မှုကို ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ကောက်ရိုးပုံ၏ အောက်၌ မကွဲသေးသည့် တပ်မတော်သုံး ၆၀ မမဖုံးသီး တစ်လုံးအား တွေ့ရှိခဲ့ရကြောင်း၊ အိမ်ပိုင်ရှင် ရီရှီးဒူလာသည် ကျေးရွာတွင် ရိုးသားစွာ လုပ်ကိုင်စားသောက်သူ တစ်ဦးဖြစ်ပြီး တပ်မတော်စစ်ကြောင်းများအား ကူညီဖူးသူဖြစ်ခြင်းကြောင့် နေအိမ်ကို မီးလောင်ပေါက်ကွဲစေရန်နှင့် ဖုံးသီးမှာ တပ်မတော်မှ ပစ်ခတ်ခြင်းကြောင့် ပေါက်ကွဲသည်ဟု ထင်ယောင်ထင်မှားဖြစ်စေရန် ရည်ရွယ်၍ လုပ်ဆောင်ခြင်းဖြစ်နိုင်သည်ဟု သိရှိရကြောင်း။

မီးရှို့ထွက်ပြေးသူ နှစ်ဦးအား ဖမ်းဆီးရမိခြင်း မရှိဘဲ ၎င်းတို့နှင့် ဆက်စပ်သည့် ရပ်ကွက်(၁)မှ ရှုကူလာနှင့် အဏ္ဏဝါဆာဒတ်တို့အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်သွယ်ခေါ်ယူရာ အဏ္ဏဝါဆာဒတ်သာ တွေ့ရှိပြီး လာရောက်အဖမ်းခံကြောင်း၊ ၎င်းအား စစ်ဆေးမေးမြန်းချက်အရ မီးရှို့ထွက်ပြေးသူ မာမွတ်ဆီဒီးနှင့် အဲယ်ဆောင်ဟူလာတို့မှာ AA အကြမ်းဖက်သောင်းကျန်းသူများဖြစ်ပြီး ၂၀၁၉ ခုနှစ် မတ်လမှစတင်၍ မာမွတ်ဆီဒီး ဦးဆောင်ကာ ကျေးရွာအတွင်း ငွေကြေးကောက်ခံခြင်း၊ ကောက်ခံရရှိသောငွေနှင့် ရိက္ခာပစ္စည်းများအား AA အကြမ်းဖက်သောင်းကျန်းသူများ ချိန်းဆိုသောနေရာများသို့ သွားရောက်ပို့ဆောင်ခြင်း၊ ၂၀၁၉ ခုနှစ် ဩဂုတ်လ၌ ဖုံညိုလိပ်တံတားအနီး မိုင်းထောင်ရာတွင် ပါဝင်ကူညီခြင်း၊ တိုက်ပွဲရှောင်စခန်းများသို့ သွားရောက်နေထိုင်သော ရွာသားများ၏ ကျွဲ၊ နွားများအား ခိုးယူ၍ AA အကြမ်းဖက် သောင်းကျန်းသူများထံသို့ရောင်းချကာ ရရှိငွေအား ဝေစုခွဲရယူခြင်းအပြင် တပ်မတော်စစ်ကြောင်းများ၏သတင်းများ AA အကြမ်းဖက်သောင်းကျန်းသူများထံသို့ ပေးပို့ရခြင်း၊ မိုင်းထောင်ရာတွင် လိုက်ပါကူညီရခြင်းတို့အား ဆောင်ရွက်ခဲ့သည်ဟု ပဏာမ ဝန်ခံထွက်ဆိုခဲ့ကြောင်း ဖော်ပြထားသည်။

AA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ဘူးသီးတောင်၊ ရသေ့တောင်နှင့် မောင်တော မြို့နယ်အတွင်းရှိ ကျေးရွာအချို့မှ ရွာသားအမာခံများ မွေးမြူ၍ ယခု ဖြစ်စဉ်ပါ တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရေး အသုံးချဆောင်ရွက်သလို ၎င်းတို့အတွက် ရိက္ခာနှင့် ငွေကြေးများကိုလည်း အဓမ္မခြိမ်းခြောက်ရယူလျက်ရှိကြောင်း ပဏာမစစ်ကြောချက်အရသိရှိရ၍ AA အကြမ်းဖက်သောင်းကျန်းသူများ၏ အမာခံများ ကျေးရွာများအလိုက် အခြေမခံနိုင်စေရေး သတင်းဖော်ထုတ် ဖမ်းဆီးရမိရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

# ဟာသပညာရှင် လူရွှင်တော်ကြီး (ဦး)မန်းဝင်း ကွယ်လွန်

ရန်ကုန် ဇူလိုင် ၁၃

**ရုပ်ရှင်နှင့်ဗီဒီယို ဟာသ သရုပ်ဆောင်(ဦး)မန်းဝင်းသည် ယနေ့ နံနက် ၆ နာရီမိနစ် ၄၀တွင် ဒဂုံမြို့သစ်မြောက်ပိုင်း ပင်လုံဆေးရုံတွင် ကွယ်လွန်သွားပြီဖြစ်သည်။**



"ဒီကနေ့ မနက် ၅ နာရီ မိနစ် ၅၀ က စပြီး ဦးမန်းဝင်းရဲ့ အသက်ရှူနှုန်းက ကျလာခဲ့တာပါ။ အရင်က အခုလိုဖြစ်ပြီး ပြန်နိုးလာတတ်တော့ အခုလည်း ပြန်နိုးလာမယ်ထင်ပြီး စောင့်နေခဲ့မိတယ်၊ နောက်ဆုံးတော့ သူ့ကို လက်လွှတ်လိုက်ရတယ်၊ လူတကာ ပျော်ရွှင်ရယ်မောနေရင်ပျော်နေတဲ့ ဖန်တီးရှင်တစ်ယောက်ပါ၊ ရုပ်ရှင်နဲ့ ဗီဒီယို ဟာသ သရုပ်ဆောင်(ဦး)မန်းဝင်း ဟာ (၁၈) နှစ် အရွယ်ထဲက ဇာတ်သဘင်လောကကို စတင်ဝင်ရောက်ခဲ့တာ၊ ရုပ်ရှင်နဲ့ ဗီဒီယိုဇာတ်ကားတွေမှာလည်း ဟာသသရုပ်ဆောင် အဖြစ် နှစ်ပေါင်း ၆၀ ကျော်ကြာ လုပ်ကိုင်ခဲ့သူဖြစ်ပါတယ်" ဟု လူရွှင်တော် မန်းဝင်း၏ ဇနီးဖြစ်သူ ဒေါ်ခင်အေးကြူ က ပြောသည်။

လူရွှင်တော်(ဦး) မန်းဝင်းသည် ဆီးချိုသွေးချိုရောဂါကို နှစ်အတော်ကြာ ဆေးကုသမှုခံယူနေရသူဖြစ်ပြီး ဦးနှောက်သွေးယိုစိမ့်မှုကြောင့် ဇွန်လ ဆန်းပိုင်း၌ ပင်လုံဆေးရုံတွင် တက်ရောက်၍ ခွဲစိတ်ကုသမှုခံယူပြီးနောက် နေအိမ်သို့ ပြန်လည်သယ်ဆောင်ကာ မိသားစုဝင်များက အနီးကပ်ပြုစု စောင့်ရှောက်နေစဉ် ပြန်လည်သက်သာစ ပြုလာသည့်အခြေအနေသို့ ရောက်ရှိခဲ့သေးကြောင်း သိရသည်။

"အဖေကြီးဆီက ပညာတွေအများကြီးသင်ယူခဲ့ရတာပါ၊ အဖေကြီးက မင်းသားလိုကရင် အလွန်ကြည့်လို့ ကောင်းတယ်၊ သူ့ခန္ဓာကိုယ်နဲ့ ကမှ လှတာလေ၊ မိသားစုကလည်း အိပ်သွန်ဖာမှောက် အစွမ်းကုန်ကုသပေးမယ့်လည်း သေခြင်းတရားကို မလွန်ဆန်နိုင်လို့ ဘဝတစ်ပါးကို ကူးသွားပါပြီ၊ တိုင်းသိပြည်သိလူရွှင်တော်ကြီး တစ်ယောက်ဆုံးရှုံးသွားတဲ့အတွက် မိသားစုနဲ့ထပ်တူ လူရွှင်တော်အပေါင်းကိုယ်စား အလွန်ဝမ်းနည်း နှမြောတသဖြစ်မိပါတယ်" ဟု ဟာသသရုပ်ဆောင် လူရွှင်တော် ဒိန်းဒေါင်က ပြောသည်။

လူရွှင်တော်ကြီး ဦးမန်းဝင်း(ခ) ဦးဖိုးစံသည် အလယ်တန်းပြ အငြိမ်းစား ကျောင်းဆရာမ ဇနီး ဒေါ်ခင်အေးကြူ သားသမီးမြေးများနှင့် ရန်ကုန်မြို့ သာကေတမြို့နယ် ၇/အနောက်ရပ်ကွက် ပတ္တမြား(၂)လမ်း အိမ်အမှတ်(၁၁၃၂) တွင် အတူနေထိုင်လျက်ရှိစဉ် အသက် ၇၈ နှစ်တွင် လူကြီးရောဂါကြောင့် ယနေ့နံနက် တွင် အနိစ္စရောက် ဘဝတစ်ပါးသို့ ပြောင်းသွားရှာပြီဖြစ်သည်။ ကွယ်လွန်သူ ရုပ်ရှင်နှင့်ဗီဒီယို ဟာသ သရုပ်ဆောင်(ဦး)မန်းဝင်းအား ရည်စူး၍ ကျန်ရစ်သူ မိသားစုက သက်ပျောက် တရားနာအလှူကို ယနေ့ နံနက်ပိုင်းက ပြုလုပ်ပေးခဲ့ပြီး လာမည့် ဇူလိုင် ၁၅ ရက် ဗုဒ္ဓဟူးနေ့တွင် ရျာပနကို ကျီစုသုသာန်သို့ ပို့ဆောင်ကာ မီးသဂြိုဟ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရွှေမြိုင်မောင်ဖုန်း**

# တာချီလိတ်၊ နောင်ချို ပင်လောင်းနှင့် မိုင်းဆတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၃**

ဇူလိုင် ၁၂ ရက် ညနေ ၄ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့ ဆန်ဆိုင်းရပ်ကွက်(က) ဆန်ဆိုင်းဈေးလမ်းတွင် တွေ့ရှိသူ ခိုင်ဇော် (ခ) ရွာသားအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့နံနက် ၁၁ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် နောင်ချိုမြို့နယ် လွန်းကျော်ကျေးရွာအဝင် ထင်းရှူးတောအနီး မူဆယ်-မန္တလေးသွား ကားလမ်းတွင် ကျော်စိုးဝင်း (ခ) ပါကျဲ မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၂၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ အုမ္မခါးကျေးရွာအုပ်စု ရွှေညောင်ပင်ကျေးရွာနေ ထွန်းလင်း (ခ) ဝမ်ခေး၏ နေအိမ်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၄၅ ပြားနှင့် ငွေကျပ် ၃၅၀၀၀၀ တို့ကို လည်းကောင်း။

ထို့အတူ နံနက် ၉ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ပင်လောင်းမြို့နယ် ပင်လောင်းကြီးကျေးရွာအုပ်စု လွယ်ပြားကျေးရွာရှိ ပင်လောင်းမြို့အဝင် ဘီးခွန်ကောက်ခံရေးစခန်းတွင် ခရီးသည်တင်ယာဉ်ကို ရှာဖွေစဉ် ခရီးသည် တင်ဝင်းအောင် (ခ)ပေါက်စီ ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆၀ ကို လည်းကောင်း။

အလားတူ ဇူလိုင် ၁၀ ရက် ညနေ ၃ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မိုင်းဆတ်မြို့နယ် မိုင်းတွန်း (တောင်ပေါ်) ကျေးရွာအုပ်စု ပလောင်ပူတွန်းကျေးရွာ၏ အနောက်ဘက် မိတာ ၃၃၀၀ ခန့်အကွာရှိ ရေချောင်းဘေးလျှိုအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြားအကြေ ၄ ကီလို၊ ကဖင်း ၁၅၉ ဒသမ ၆ ကီလို၊ ဆာလဖြူရစ်အက်ဆစ် ၂၅၅၄ ဒသမ ၃ လီတာတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# သုဝဏ္ဏဝတီမြို့၌ နေအိမ်တစ်လုံး မီးလောင်မှုဖြစ်

**သုဝဏ္ဏဝတီ ဇူလိုင် ၁၃**

မွန်ပြည်နယ် သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက်တွင် ဇူလိုင် ၁၃ ရက် နံနက် ၁၁ နာရီခန့်က လေသာလမ်းရှိ ကုန်ပစ္စည်းများ သိုလှောင်ထားသည့် နှစ်ထပ်တိုက်တစ်လုံး မီးလောင်မှုဖြစ်ကြောင်း သိရသည်။

အဆိုပါ မီးလောင်ရာသို့ သုဝဏ္ဏဝတီမြို့ အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်ဝင်း၊ သိမ်ဆိပ်နယ်မြေရဲစခန်းမှူး ရဲအုပ်လင်းသူအောင်နှင့် တပ်ဖွဲ့ဝင်များ၊ သုဝဏ္ဏဝတီမြို့ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တံတားဦးကျေးရွာ အရန်မီးသတ်တပ်ဖွဲ့ဝင်များ အချိန်မီရောက်ရှိ၍ ပြည်သူများနှင့်အတူ ဝိုင်းဝန်း ငြိမ်းသတ်ရာ နံနက် ၁၁ နာရီခွဲခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ မီးလောင်မှုကြောင့် အိမ်အတွင်းရှိ သိုလှောင်ထားသော ပစ္စည်းများ မီးလောင်ဆုံးရှုံးသွားသဖြင့် မီးလောင်မှုနှင့် ပတ်သက်၍ ပိုင်ရှင်ဖြစ်သူ ဦးမောင်တိတ်အား သိမ်ဆိပ်နယ်မြေရဲစခန်းက စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

ခွန်(ဝင်းပ)

# ပြင်ဦးလွင်- မန္တလေးအဆင်း ယာဉ်တစ်စီး ချောက်ထဲထိုးကျ တိမ်းမှောက်ကာ နှစ်ဦး သေဆုံး

**နေပြည်တော် ဇူလိုင် ၁၃**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ပြင်ဦးလွင် - မန္တလေးအဆင်း ကားလမ်း၌ ဇူလိုင် ၁၁ ရက်ည ၈ နာရီက ရေစကြိုမြို့နယ်နေ ကျော်သူ (၃၄ နှစ်) မောင်းနှင်ပြီး ၎င်း၏ ဇနီးဖြစ်သူ မဇင်နွယ်ဝင်း (၃၂)နှစ် လိုက်ပါလာသော MDY 2P/----ဖွန်တွန်ယာဉ်မှာ မိုင်တိုင်အမှတ် (၁၉/၃)အနီးအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ခြမ်းရှိ အနက်ပေ ၆၀ ခန့်ရှိ ချောက်ထဲသို့ ထိုးကျတိမ်းမှောက်ခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ကျော်သူနှင့် မဇင်နွယ်ဝင်းတို့မှာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့သဖြင့် ကျော်သူအား ပြင်စာနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# မူးယစ်ဆေးဝါးရောင်းဝယ်သူတစ်ဦးအား အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၅ နှစ် ချမှတ်

**သထုံ ဇူလိုင် ၁၃**

မွန်ပြည်နယ် သထုံခရိုင်တရားရုံးမှ ဇူလိုင် ၁၃ ရက် နံနက် ၁၁ နာရီက မူးယစ်ဆေးဝါးရောင်းဝယ်သူတစ်ဦးအား အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၅ နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။

သထုံမြို့ လိပ်အင်းရပ်ကွက် စက်ပစ်ကွင်း၌ နေထိုင်သူ ထက်အော်(ခ)ဖိုးလုအား စိတ်ကြွရူးသွပ်ဆေးပြားရောင်းချလက်ဝယ်တွေ့ရှိမှု ၁၉ (က)အရ အရေးယူထားသောအမှုဖြစ်ပြီး ထက်အော်(ခ) ဖိုးလုမှ မိမိကိုယ်တိုင် ရောင်း/ဝယ်ခဲ့ကြောင်း ဒုတိယခရိုင်တရားသူကြီး ဦးကျော်ဝင်းအောင်ထံ ဝန်ခံခဲ့သဖြင့် အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၁၅ နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။ **နန္ဒကျော်စွာ**

## မကွေးတိုင်းဒေသကြီးမှ ကျေးရွာ ၂၂၀ ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ဆောင်ရွက်သွားမည်

**မကွေး ဇူလိုင် ၁၃**

မကွေးတိုင်းဒေသကြီး အတွင်းရှိ ကျေးရွာ ၂၂၀ ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို ငွေကျပ် သန်း ၅၉၀၀ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးမျိုးအောင်ထံမှ သိရသည်။

ခရိုင်အလိုက် စီမံကိန်းဆောင်ရွက်မည့် ကျေးရွာများမှာ မကွေးခရိုင်အတွင်း၌ ကျေးရွာ ၆၅ ရွာ၊ မင်းဘူးခရိုင်အတွင်း၌ ကျေးရွာ ၄၇ ရွာ၊ သရက်ခရိုင်အတွင်း၌ ကျေးရွာ ၅၃ ရွာ၊ ပခုက္ကူခရိုင်အတွင်း၌ ကျေးရွာ ၄၇ ရွာနှင့် ဂန့်ဂေါခရိုင်အတွင်း၌ ရှစ်ရွာ စုစုပေါင်း ကျေးရွာ ၂၂၀ ဖြစ်ကြောင်း သိရသည်။

"မကွေးတိုင်းဒေသကြီးအတွင်း ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို ခရိုင်ငါးခု၊ မြို့နယ် ၂၂ မြို့နယ်ထဲက ကျေးရွာ ၂၂၀ မှာ အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် ပြည်သူတွေရဲ့ လူမှုစီးပွားဘဝ ထိခိုက်မှုများကို ပြန်လည်တုံ့ပြန်ဆောင်ရွက်တဲ့အနေနဲ့ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို ဆောင်ရွက်တာ ဖြစ်ပါတယ်။ လုပ်ကွက်ငယ်တောင်သူတွေ၊ ထုတ်လုပ်ရောင်းချတဲ့သူတွေ၊ အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်နေတဲ့သူတွေရဲ့ စီးပွားရေးလုပ်ငန်းတွေ ပြန်လည်စတင်နိုင်ဖို့၊ တိုးချဲ့ဆောင်ရွက်နိုင်ဖို့ စတဲ့ ရည်ရွယ်ချက်တွေနဲ့ အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်၊ လက်ရှိမှာတော့ စီမံကိန်း မိတ်ဆက်ရှင်းလင်းတာတွေ၊ ကော်မတီဖွဲ့စည်းတာတွေ ဆောင်ရွက်နေပါတယ်"ဟု တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးက ပြောသည်။

အဆိုပါစီမံကိန်းကို ဆောင်ရွက်ရာတွင် ရန်ပုံငွေအနေဖြင့် ကျေးရွာရှိ အိမ်ခြေအလိုက် ကွာခြားမည်ဖြစ်ပြီး အိမ်ခြေ ၅၀ အောက်ရှိသည့် ကျေးရွာ ၁၀ ရွာကို တစ်ရွာလျှင် ကျပ်သိန်း ၁၀၀၊ အိမ်ခြေ ၅၁ အိမ်နှင့် ၁၀၀ ကြားရှိသည့် ကျေးရွာ ၅၀ ကို တစ်ရွာလျှင် ကျပ်သိန်း ၂၀၀ နှင့် အိမ်ခြေ ၁၀၁ အိမ်နှင့် အထက်ရှိသည့် ကျေးရွာ ၁၆၀ ကို တစ်ရွာလျှင် ကျပ်သိန်း ၃၀၀ ဖြင့် ရန်ပုံငွေ စုစုပေါင်း ကျပ်သန်း ၅၉၀၀ ကို ထောက်ပံ့ပေးကာ စီမံကိန်းကို ယခု ဘဏ္ဍာနှစ်အတွင်း စတင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းလွင်(မကွေး)**



တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးမျိုးအောင်

## နတ်မောက်မြို့နယ်အတွင်း ကျေးရွာများရှိ မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်များအတွက် ကွန်ပေါင်းဓာတ်မြေဩဇာများ ထောက်ပံ့

**နတ်မောက် ဇူလိုင် ၁၃**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ စိုက်ပျိုးထားသော မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်များအတွက် တိုင်းဒေသကြီးစိုက်ပျိုးရေး ဦးစီးမှူး၏ အစီအစဉ်ဖြင့် ကွန်ပေါင်းဓာတ်မြေဩဇာများကို ဇူလိုင် ၁၃ ရက်က ထောက်ပံ့ပေးအပ်ခဲ့သည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ပြုလုပ်သည့် မြေဩဇာများပေးအပ်ပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကြည်မြင့်က ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီးနောက် ရေငံကျေးရွာနှင့် ကျောက်တန်းကျေးရွာတို့ရှိ တောင်သူ ငါးဦးထံသို့ ရွှေတောင် ၁၀ နှင့် ငွေချည် ၁၁ မျိုး ယှဉ်ပြိုင်စမ်းသပ်ကွက် စိုက်ခင်း ရှစ်ဧကအတွက် မြေဩဇာ ရှစ်အိတ်ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

လှဝင်း(နတ်မောက်)



## ရေတာရှည်မြို့နယ် တံတားကြီးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေဖြင့် လျှပ်စစ်မီးစတင်ရရှိ

**ရေတာရှည် ဇူလိုင် ၁၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမင်းလမ်းကျေးရွာအုပ်စု တံတားကြီးကျေးရွာ၌ မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဇူလိုင် ၁၁ ရက် ညနေပိုင်းမှစ၍ လျှပ်စစ်ဓာတ်အား စတင်ရရှိ အသုံးပြုနိုင်ပြီဖြစ်၍ ဒေသခံပြည်သူများ ဝမ်းမြောက်လျက်ရှိသည်။

"ကျွန်တော်တို့ရွာက အိမ်ခြေ ၆၀ ကျော်နဲ့ နွမ်းပါးသူကများတော့ မီးရမယ်လို့ ဘယ်လိုမှ မမျှော်မှန်းခဲ့တာပါ။ စာသင်ကျောင်းဖွင့်ပွဲမှာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်လာတော့ ဒေသခံတွေက တင်ပြတဲ့အခါမှာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကိုရအောင် မြို့နယ်ကျေးလက်ဦးစီးဌာနက ဆောင်ရွက်ပေးလို့ သိန်း ၁၀၀ ရပါတယ်။ ဒီစီမံကိန်းငွေနဲ့ပဲ မီးရရှိရေး ကြိုးပမ်းကြပါတယ်။ ကျွန်တော်တို့ကျေးရွာက ထည့်ဝင်ငွေ သိန်း ၇၀ နဲ့ ပေါင်းပြီး ရွာတွင်းလမ်းတွေ ကောင်းအောင်လုပ်တယ်။ ရွာတွင်းမှာ မီးတိုင်နဲ့ ကြိုးတွေရအောင် ဆောင်ရွက်ခဲ့တယ်။ ခုတော့ အားလုံးအောင်မြင်ခဲ့ပါပြီ။ မီတာပါ တစ်ခါတည်းရလို့ ပိုအဆင်ပြေသွားပါတယ်"ဟု ကျေးရွာရပ်မိရပ်ဖ ဦးစံရွှေမြင့်က ပြောကြားသည်။

ကိုလွင်(ဆွာ)

## လှိုင်သာယာမြို့နယ် အရှေ့ပိုင်းနှင့်အနောက်ပိုင်း စာရေးဆရာအသင်း အမှုဆောင်သစ်များရွေးချယ်

**ရန်ကုန် ဇူလိုင် ၁၃**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်တွင် လေးနှစ်တစ်ကြိမ်ကျင်းပသော မြို့နယ်စာရေးဆရာအသင်း နှစ်ပတ်လည်အစည်းအဝေး၌ အရှေ့ပိုင်းနှင့် အနောက်ပိုင်းမြို့နယ်တို့အတွက် အမှုဆောင်သစ် ရွေးချယ်ပွဲကို ဇူလိုင် ၁၂ ရက်က မြို့နယ်စာရေးဆရာအသင်းရုံး၌ ပြုလုပ်သည်။

"လှိုင်သာယာမြို့နယ်ကို ပြည်ထဲရေးဝန်ကြီးဌာန အမိန့်ကြော်ငြာစာနဲ့ အရှေ့ပိုင်းမြို့နယ်နဲ့ အနောက်ပိုင်းမြို့နယ်လို့ ခွဲခြားထားပြီဖြစ်တဲ့အတွက် စာရေးဆရာအသင်းကိုလည်း အသင်းနှစ်သင်းခွဲပြီး ရွေးချယ်တင်မြှောက်တာဖြစ်ပါတယ်။ စာပေ စိတ်ဓာတ်နဲ့ စာပေလောကသားတွေအကျိုးကို အမှုဆောင်များက စွမ်းစွမ်းတမံဆောင်ရွက်ကြလိမ့်မယ်လို့ ယုံကြည်မျှော်လင့်မိပါတယ်"ဟု မြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟို) အမှုဆောင် တွဲဖက်အတွင်းရေးမှူး(၁) ဆရာမြတ်ဝေတိုး(ပညာရေး)က ပြောသည်။



မြို့နယ်စာရေးဆရာအသင်းနှစ်ခုအတွက် အမှုဆောင်အဖွဲ့သစ်များ ရွေးချယ်နေစဉ်

လှိုင်သာယာမြို့နယ်တွင် စာရေးဆရာအသင်းဝင် ၈၀ ကျော်ရှိပြီး ယနေ့ အမှုဆောင်ရွေးချယ်ပွဲ၌ အရှေ့ပိုင်းမြို့နယ်မှ အသင်းဝင် ၄၅ ဦးနှင့် အနောက်ပိုင်းမြို့နယ်မှ အသင်းဝင် ၄၃ ဦးတို့က မိမိတို့မြို့နယ်အလိုက် အမှုဆောင်သစ် ငါးဦးစီကို ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး အစည်းအဝေးတက်ရောက်သော ဦးရေ၏ တစ်ဝက်ကျော် ဆန္ဒမဲရရှိသူများကို အမှုဆောင်ကော်မတီအဖြစ် ရွေးချယ်ခဲ့သည်။ အဆိုပါအမှုဆောင်ကော်မတီဝင် ငါးဦးတွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးနှင့် အမှုဆောင် နှစ်ဦးစီတို့ ပါဝင်သည်။

လှိုင်သာယာအရှေ့ပိုင်းမြို့နယ် စာရေးဆရာအသင်းအနေဖြင့် မူလရုံးတည်နေရာမှာပင် ဆက်လက် လုပ်ငန်းဆောင်ရွက်မည်ဖြစ်ပြီး အနောက်ပိုင်းမြို့နယ်အတွက် အသင်းရုံးကိုမူ အသစ်တည်ဆောက်မည်ဖြစ်ရာ တည်ဆောက်ရန်အတွက် တာဝန်ရှိသူများနှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **၁၆၄၊ ဓာတ်ပုံ- သစ္စာ**

## မိုးနဲမြို့၌ လယ်ယာမြေများအတွက် ပုံစံ(၇)များ ပေးအပ်

**မိုးနဲ ဇူလိုင် ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ်တွင် လယ်ယာမြေများကို ရောင်း၊ ပေါင်၊ လဲ၊ ငှား၊ ပေးကမ်းခြင်း ပြုလုပ်နိုင်ရန်အတွက် ပုံစံ(၇)လက်မှတ်များကို ဇူလိုင် ၁၃ ရက်က ပထမအကြိမ်ပေးအပ်ခဲ့သည်။

မိုးနဲမြို့နယ် ကမ္ဘောဇ ခန်းမ၌ ကျင်းပသည့် ပုံစံ(၇)လက်မှတ်များ ပေးအပ်ပွဲတွင် မြို့နယ်လယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးထွန်းက လယ်ယာမြေများ ရောင်း၊ ပေါင်၊ လဲ၊ ငှား၊ ပေးကမ်းခြင်း ပြုလုပ်နိုင်သည့် ပုံစံ(၇) လက်မှတ်ကို မြို့နယ်အနေဖြင့် ပထမအကြိမ် စတင်ထုတ်ပေးခြင်းဖြစ်ကြောင်း၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရားဝင် လုပ်ကိုင်နိုင်ရန် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း လယ်ယာမြေပုံစံ(၇) လက်မှတ်များကို မပျောက်ပျက်အောင် စနစ်တကျ ထိန်းသိမ်းထားရှိရန်လိုကြောင်း ရှင်းလင်းပြောကြားပြီး ကျေးရွာအုပ်စု သုံးစုမှ ဦးပိုင်ပေါင်း ၁၄ ခုအတွက် တောင်သူ ၁၄ ဦးအား ပုံစံ(၇) လက်မှတ်များကို ပေးအပ်ခဲ့သည်။

မျိုးညွန့်ရွှေ (ပြန်/ဆက်)

## စေတုတ္တရာမြို့နယ်၌ ဝက်ဝမ်းကျရောဂါကာကွယ်ဆေး ထိုးနှံပေး

**စေတုတ္တရာ ဇူလိုင် ၁၃**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်း ကျေးရွာများ၌ တိရစ္ဆာန်များအား ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၁၃ ရက်တွင် မထိမ်းကျေးရွာ၌ ဝက်ဝမ်းကျရောဂါကာကွယ်ဆေးများ ကွင်းဆင်းထိုးနှံပေးသည်။

မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာ ဇော်မျိုးအောင်ဦးဆောင်၍ မထိမ်းကျေးရွာရှိ ဒေသခံပြည်သူများ၏ ဝက်အကောင်ရေ ၅၀ ခန့်ကို ဝက်ဝမ်းကျရောဂါကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး ဒေသခံပြည်သူများအား ကာကွယ်ဆေးထိုးရခြင်း အကြောင်းရင်း၊ ဝက်များတွင် ဖြစ်ပေါ်တတ်သည့် ရောဂါများအကြောင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ထုတ်ပြန်ထားသည့် ရာသီအလိုက်ဖြစ်ပေါ်တတ်သည့် တိရစ္ဆာန်ရောဂါများ ကာကွယ်ရေးနှင့် သဘာဝဘေး ကျရောက်မှုအတွက် ကြိုတင်ပြင်ဆင်ရမည့်လုပ်ငန်းများကိုလည်း အသိပညာပေး ဆွေးနွေးပြောကြားသည်။

စည်သူလွင်(ပြန်/ဆက်)

## ဝေါမြို့နယ်၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း မိတ်ဆက်ရှင်းလင်း

**ဝေါ ဇူလိုင် ၁၃**

ကိုဗစ်-၁၉ ကာလအတွင်း ကျေးလက်ဒေသနေ မိသားစုများ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများကို ကုစားပေးနိုင်ရန် နိုင်ငံတော်က ချမှတ်ထားသော စီးပွားရေးကုစားမှု အစီအစဉ်တစ်ရပ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာများ၌ Cash for Work စီမံကိန်းနှင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို ဆောင်ရွက်မည်ဖြစ်ရာ ဝေါမြို့နယ်အတွင်းမှ ယင်းစီမံကိန်း အကောင်အထည်ဖော်မည့် ကျေးရွာ၌ စီမံကိန်းအကြောင်း ရှင်းလင်းပွဲကို ဇူလိုင် ၁၂ ရက်က ပြုလုပ်ခဲ့သည်။

ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြီးမှူး၍ မှုံကတုံးကျေးရွာ အလကကျောင်း၌ ပြုလုပ်သည့် စီမံကိန်းရှင်းလင်းပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးကြည်၊ ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အိထွေးဝင်း၊ မြို့နယ် TPIC အဖွဲ့နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ကျေးရွာနေ ပြည်သူများအား စီမံကိန်းအကြောင်း မိတ်ဆက်ပြီး ကော်မတီဖွဲ့စည်းခြင်းဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းပြောကြားကာ ကျေးရွာ မတည်ရန်ပုံငွေစီမံကိန်းအတွက် ကော်မတီဝင်များကို ကျေးရွာနေပြည်သူများ၏ သဘောဆန္ဒဖြင့် ရွေးချယ်ပေးသည်။

အောင်မြတ်လင်း (ပြန်/ဆက်)

## ရွှေကူမြို့နယ်၌ အထက်တန်းအဆင့် စတင်ကျောင်းအပ်လက်ခံ

**ရွှေကူ ဇူလိုင် ၁၃**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်တွင် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် အခြေခံပညာအထက်တန်းအဆင့် ကျောင်းသားကျောင်းသူများအား ဇူလိုင် ၁၃ ရက်မှစ၍ ကျောင်းအပ်လက်ခံလျက်ရှိသည်။

မြို့နယ်အတွင်း အခြေခံပညာကျောင်းများ၌ အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများအား ကျောင်းအပ်လက်ခံရာတွင် ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ကျောင်းသားတစ်ဦးလျှင် မိဘ/အုပ်ထိန်းသူ တစ်ဦးစီသာ ခေါ်ဆောင်လာစေခြင်း၊ နှာခေါင်းစည်းများကို စနစ်တကျတပ်ဆင်စေခြင်း၊ ဆပ်ပြာဖြင့် စနစ်တကျ လက်ဆေးနိုင်ရန် စီစဉ်ပေးခြင်းနှင့် ကိုယ်အပူချိန် တိုင်းတာခြင်းများ ဆောင်ရွက်၍ ကျောင်းအပ်လက်ခံလျက်ရှိကြောင်း သိရသည်။

၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် အထက်တန်းအဆင့်ကို ရွှေကူမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း ကိုးကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်းခွဲ သုံးကျောင်းတို့၌ ဇူလိုင် ၂၁ ရက်မှစ၍ နံနက်ပိုင်း၊ နေ့လယ်ပိုင်း နှစ်သုတ်ခွဲ၍ ဖွင့်လှစ်မည်ဖြစ်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေး ညွှန်ကြားချက်များနှင့်အညီ ကျောင်းအပ်လက်ခံခြင်းနှင့် ကျောင်းဖွင့်ခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# အနာဂတ်ပူးပေါင်းဆောင်ရွက်ရေးအတွက် အကျိုးကျေးဇူးများကို ဖော်ပြနိုင်ခဲ့သော ပြင်သစ် - မြန်မာ ဆက်ဆံရေး (၇၂) နှစ်တာကာလ

**Mr Christian Lechervy (မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီး)**

**ကမ္ဘာပေါ်ရှိလူသားအားလုံးအတွက် ရသင့်ရထိုက်သည့် လွတ်လပ်မှုများ၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတန်ဖိုးများကို ရရှိနိုင်စေရန် ပြင်သစ်နိုင်ငံသားများသည် ဇူလိုင်လ ၁၄ ရက်နေ့တိုင်းတွင် အတူတကွ စုဝေးဆင်နွှဲ တောင်းဆိုလေ့ရှိကြပါသည်။ ထိုနေ့တွင် ကမ္ဘာတစ်ဝန်း၌ ပြင်သစ်သံရုံးများသည် ၎င်းတို့၏လုပ်ဖော်ကိုင်ဖက်များနှင့် မိတ်ဆွေများကို ကြိုဆိုဧည့်ခံပြီး သူတို့၏နက်ရှိုင်းသော ချစ်ခင်ရင်းနှီးမှုကို ဖော်ထုတ်ပြကြပါသည်။ ယခုနှစ်တွင် Covid-19 ပြန့်ပွားမှုကို ထိရောက်စွာကာကွယ်တားဆီးရန် ကျွန်ုပ်တို့ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများအရ လူထုစုဝေးပွဲများဖြင့် မဆင်နွှဲနိုင်သော်လည်း ပြင်သစ် - မြန်မာ နှစ်နိုင်ငံအကြားဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ပေးခြင်းနှင့် ကျွန်ုပ်တို့၏ ပူးပေါင်းဆောင်ရွက်ချက်များသည် ကာလရှည်ကြာခဲ့ပြီဖြစ်သော ချစ်ကြည်ရေးသမိုင်းတွင် မှတ်တမ်းတင်နိုင်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ရပါသည်။**

ပြင်သစ်နှင့် မြန်မာနိုင်ငံတို့တွင် တူညီသော ဘုံပထဝီဝင်ရှိသည်ကို တစ်ခါတစ်ရံ ကျွန်ုပ်တို့မေ့လျော့နေတတ်ကြပါသည်။ ကျွန်ုပ်တို့၏နှစ်နိုင်ငံသည် အိန္ဒိယသမုဒ္ဒရာတွင် နယ်နိမိတ်ချင်းထိစပ်နေကြပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ကြွယ်ဝသော ဇီဝမျိုးကွဲများ တည်ရှိရာနေရာများကို ထိန်းသိမ်းရန် ကတိကဝတ်ပြုထားကြပါသည်။ ကျွန်ုပ်တို့၏ နှစ်နိုင်ငံသည် နှစ်ပေါင်းများစွာကတည်းက နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေးများကို ထိန်းသိမ်းထားပြီး ၁၉၄၈ ခုနှစ် ပထမသုံးလပတ်၌ သံတမန်ဆက်ဆံရေးကို စတင်ထူထောင်ခဲ့ကြခြင်းဖြစ်ပါသည်။

သမိုင်းနှင့်ယဉ်ကျေးမှုကဏ္ဍသည် နှစ်နိုင်ငံဆက်ဆံရေးကို များစွာဖွံ့ဖြိုးတိုးတက်စေခဲ့ပြီး ယခုနှစ်တွင် ကျွန်ုပ်တို့သည် ဟန်လင်း(စစ်ကိုင်းတိုင်း)၏ ရှေးဟောင်းသုတေသနလုပ်ငန်း ပူးပေါင်းဆောင်ရွက်ခြင်း နှစ် (၂၀) မြောက် နှစ်ပတ်လည်အခမ်းအနားကို ကျင်းပမည်ဖြစ်ပါသည်။ ကျောက်ဖြစ်ရုပ်ကြွင်း သုတေသနပညာရှင်များအဖွဲ့သည် ပုံတောင်ဒေသဖွဲ့စည်းခြင်းဆိုင်ရာ ဖြစ်ပေါ်မှုများတွင် ပူးတွဲသုတေသနလုပ်ငန်းများကိုလည်း နှစ်ပေါင်း ၃၀ ကျော် လေ့လာခဲ့ရာမှ ကျောက်ဖြစ်ရုပ်ကြွင်းများနှင့် အရာဝတ္ထုများကို တူးဖော်ထုတ်ယူနိုင်ခဲ့ပြီး ယခုအခါ နေပြည်တော်အမျိုးသားပြတိုက်တွင် စုဆောင်းထားလျက် ခင်းကျင်းပြသထားပါသည်။

## စဉ်ဆက်မပြတ် တည်ရှိနေ

၂၀၂၀ ခုနှစ်တွင် မြန်မာနိုင်ငံရှိ ပြင်သစ်ယဉ်ကျေးမှုဌာန (IFB) ၏ နှစ် (၆၀) မြောက် နှစ်ပတ်လည်အခမ်းအနားကို ရန်ကုန်တွင် ကျင်းပမည်ဖြစ်ပါသည်။ ပြင်သစ်ယဉ်ကျေးမှုဌာနသည် ပညာရေး၊ အသိပညာဖလှယ်မှုနှင့် ပြောဆိုထုတ်ဖော်မှုပုံစံအားလုံးကို လက်ခံကျင်းပသော နေရာတစ်ခုဖြစ်သည့်အပြင် မြန်မာပြည်သူ၊ ပြည်သားများအတွက် အသက် အရွယ်၊ အတွေးအခေါ်နှင့် ကျား၊ မ၊ လူမှုရေးဆိုင်ရာ မတူကွဲပြားမှုများအားလုံးကို အလေးထားဆောင်ရွက်သောနေရာအဖြစ် စဉ်ဆက်မပြတ် တည်ရှိနေခဲ့ပါသည်။ ၎င်း၏မန္တလေးဌာနခွဲသည်လည်း ယဉ်ကျေးမှုနှင့်ပညာရေးအကြား ဆက်နွှယ်ဆွေးနွေးမှု၏ ရည်မှန်းချက်ကို ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ပါသည်။ ယခုနှစ်တွင် ပြင်သစ်ယဉ်ကျေးမှုဌာနများနှင့် ဂျိုးဇက်ကက် ဆဲလ်- ပြင်သစ်အပြည်ပြည်ဆိုင်ရာအထက်တန်းကျောင်း (Lycée français International de Rangoun-Joseph Kessel) တို့သည် အနာဂတ်၏ ဒစ်ဂျစ်တယ်နည်းပညာများကို အသုံးပြု၍ ဆန်းသစ်သော တင်ဆက်မှုများနှင့် သင်ကြားမှုများကို ပြုလုပ်နိုင်ခဲ့ပါသည်။ ထို့ကြောင့် အဝေးသင်သင်တန်းများအတွက် အင်တာနက်နှင့် ဖေ့စ်ဘွတ်ခ်များ အသုံးပြုလျက် ယဉ်ကျေးမှုနှင့် ပျော်ရွှင်ဖွယ်ရာလှုပ်ရှားမှုများစွာကိုလည်း ပရိသတ်များထံရောက်ရှိရန် နည်းပညာကို အသုံးပြုပြီး အင်တာနက်လိုင်းပေါ်သို့ တင်ထားပြီးဖြစ်သည်။ ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့တွင် ရန်ကုန် ဆန်းသစ်တီထွင်မှုစင်တာ Yangon Innovation Center ၏ ဥယျာဉ်ထဲ၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ရှေ့မှောက်တွင် Louvre အပါအဝင် ပြင်သစ်အမျိုးသားပြတိုက် (၁၂) ခု၏ စုဆောင်းမှုများကို ပြသထားသည့် မိုဘိုင်းဒစ်ဂျစ်တယ်ပြတိုက်ဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့ပါသည်။ Micro-Folie Yangon သည် ဒစ်ဂျစ်တယ်ဖန်တီးမှုမော်ဒယ်လ်များမှတစ်ဆင့် ပုဂံကဲ့သို့သော မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်နေရာများကို လေ့လာကြည့်ရှုနိုင်ပြီး လူငယ်များအတွက် စူးစမ်းရှာဖွေမှုများတွေ့ရှိရန် ဒစ်ဂျစ်တယ်အစီအစဉ်များစွာပြုလုပ်ပြီး အများပြည်သူအားလုံးအတွက်လည်း ဖွင့်လှစ်ထားရှိပါသည်။



Mr Christian Lechervy (မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီး)

ကျွန်ုပ်တို့၏ ယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေးသည် အနုပညာရှင်များ၏ ဖန်တီးမှုကိုလည်း တွန်းအားဖြစ်စေပါသည်။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် နေပြည်တော်၌ ပြုလုပ်ခဲ့သော ပထမဆုံးသော ဖက်ရှင်ပြပွဲသည် မြန်မာ့ရက်ကန်းအထည်များ ကြွယ်ဝမှု၏ လှုံ့ဆော်မှုကြောင့် ပြင်သစ်ဖက်ရှင် ဒီဇိုင်နာများ၏ အထည်ဒီဇိုင်းများ၊ ဆက်စပ်ပစ္စည်းများကို တီထွင်ဖန်တီးနိုင်ခဲ့ကြောင်း တွေ့မြင်နိုင်ပါသည်။

## မီးမောင်းထိုးပြထား

ပြင်သစ်ဝိုင်များ၊ ပြင်သစ်ယမကာများနှင့် အထူးအရသာရှိသော မြန်မာ့ဟင်းလျာများ တွဲဖက်နိုင်ပုံနှင့် မြန်မာ့မွေးမြူရေးလုပ်ငန်းရှင်များ၊ တံငါသည်များနှင့် တောင်သူလယ်သမားများ၏ ထုတ်ကုန်များသည် ပြင်သစ်အစားအစာများချက်ပြုတ်ရာတွင် အံ့သြဖွယ်ကောင်းအောင် လိုက်ဖက်သည်ကိုလည်း ပြင်သစ်၏အရသာ Goût de France - Good France ပွဲတော်က မီးမောင်းထိုးပြထားပါသည်။ ဤပေါင်းစပ်မှု၏ ဝမ်းမြောက်ဖွယ်ကောင်းသော အထိမ်းအမှတ်သည် သမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် ပါရီမြို့ အပြည်ပြည်ဆိုင်ရာ ချောကလက်ပြပွဲ ၌ မြန်မာနိုင်ငံတွင် ချောကလက်ထုတ်လုပ်သူ ပြင်သစ်လူမျိုးတစ်ယောက် စိုက်ပျိုးထုတ်လုပ်သည့် ကိုကိုးစေ့များကို ဆုချီးမြှင့်ခဲ့ခြင်းပင်ဖြစ်သည်။ ယဉ်ကျေးမှုနှင့် လက်မှုပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအပြင် ပြင်သစ်ကုမ္ပဏီများသည် စီးပွားရေး စီမံကိန်းများစွာကို မြန်မာနိုင်ငံတွင် မြှင့်တင်နေကြပါသည်။ ဤကုမ္ပဏီများသည် အသေးစား၊ အလတ်စားနှင့် ကမ္ဘာကျော်ကုမ္ပဏီကြီးများ မျိုးစုံပါဝင်ပါသည်။

ပြင်သစ် - မြန်မာကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း (FMCCI) တွင် ကုမ္ပဏီ ၂၀၀ နီးပါးကို စုစည်းထားပြီး ၎င်းတို့အားလုံးသည် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးနှင့် သက်ဆိုင်သည့် မြင့်မားသော လူမှုရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စံချိန်စံနှုန်းများကို လိုက်နာလျက် ၎င်းတို့၏ စီမံကိန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်းဆုံးသော နည်းပညာများနှင့် လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်ပို့ချပေးနေပါသည်။

ပြင်သစ်ကုမ္ပဏီများသည် သူတို့၏စီမံကိန်းများကို ရေရှည်အတွက် ရင်းနှီးမြှုပ်နှံထားပြီး အထူးသဖြင့် မြို့ပြစီမံကိန်း၊ လူသုံးကုန်ပစ္စည်းများ၊ စွမ်းအင်၊ ဝန်ဆောင်မှု၊ ဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းစသော ကဏ္ဍများတွင် ၎င်းတို့၏အောင်မြင်မှုများကို ၎င်းတို့၏ စီမံကိန်းများက သက်သေပြနေပါသည်။ မကြာသေးမီလများအတွင်းက မြန်မာအစိုးရအဖွဲ့ဝင်များ၏ ပါရီမြို့သို့ တရားဝင် သွားရောက်ခဲ့ခြင်းနှင့် ယခုနှစ်အစတွင် ပြင်သစ်စီးပွားရေးဆိုင်ရာအဖွဲ့ချုပ် (MEDEF International) ၏ " မြန်မာ" ကော်မတီမှ ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်နှင့် နေပြည်တော်သို့ လာရောက်ခဲ့ခြင်းသည် ကျွန်ုပ်တို့၏ စီးပွားဆက်ဆံရေးဖလှယ်မှုများ မည်မျှဖွံ့ဖြိုး တိုးတက်မှုရှိကြောင်းနှင့် နှစ်နိုင်ငံ၏ အမြင့်ဆုံးအာဏာပိုင်များက ထောက်ခံအားပေးနေကြကြောင်း ပြသခဲ့ပါသည်။

နှစ်ဖက်စလုံးက သဘောတူထားသည့်စီမံကိန်းများကို အကောင်အထည်ဖော်ရန် စိတ်ပိုင်းဖြတ်ထားသည့်အပြင် အနာဂတ်အတွက် စီမံကိန်းများကိုစောင့်ဆိုင်းမနေဘဲ ပြင်ဆင်ရန်လည်းဆုံးဖြတ်ထားပါသည်။

## ရေရှည်ဆက်ဆံရေးကို တည်ဆောက်

မြန်မာနှင့် ပြင်သစ်နိုင်ငံတို့သည် အပြန်အလှန်ယုံကြည်မှုအပြည့်အဝရှိပြီး ရင်းနှီးသော ရေရှည်ဆက်ဆံရေးကို တည်ဆောက်ခဲ့ကြပါသည်။ ထိုသို့ ကျွန်ုပ်တို့နှစ်နိုင်ငံ၏ နိုင်ငံရေး ဆက်ဆံမှု၏ အရည်အသွေးသည် အရေးကြီးသောအကြောင်းအရာများ တစ်ခုချင်းစီကို ပွင့်လင်းစွာဆွေးနွေးနိုင်စေပြီး အပြည်ပြည်ဆိုင်ရာ၊ ဒေသတွင်း၊ ယူရို - အာရှ၊ ကုလသမဂ္ဂအစည်းအဝေးများတွင် အတူတကွ ပူးပေါင်းဆောင်ရွက်ခွင့်ကိုလည်း ပေးပါသည်။ လူသားများ အချင်းချင်း ဆက်သွယ်မှုနှင့် နယ်မြေများ၏ ဆက်သွယ်မှုသည် အားလုံးအတွက် အရေးကြီးသောအချက်ဖြစ်ပါသည်။ ၎င်းသည် မြန်မာနိုင်ငံရှိ ပြင်သစ်နှင့် ဥရောပသမဂ္ဂတို့၏ ဖွံ့ဖြိုးတိုးတက်မှုအကူအညီပေးရေးအစီအစဉ်၏ အချက်အချာဖြစ်သည်။ ပြင်သစ်ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (AFD) နှင့် ၎င်း၏ ရန်ကုန်ရုံးခန်းသည် ဤအကူအညီ ပေးရေးအစီအစဉ်အတွက် သော့ချက်ဖြစ်ပြီး အဓိက မိတ်ဖက်လည်းဖြစ်ပါသည်။ မကြာသေးမီလများအတွင်း ပြင်သစ် ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီသည် မြန်မာအစိုးရ၏ Covid-19 ကာကွယ်ရေးနှင့် တိုက်ဖျက်ရေးမူဝါဒအား အထူးထောက်ခံကူညီခဲ့ပါသည်။ သိပ္ပံနှင့်နည်းပညာ ဖလှယ်မှုများ၊ ပညာရှင်များကို လေ့ကျင့်ပေးခြင်း၊ ပစ္စည်းကိရိယာများဖြန့်ဝေခြင်းနှင့် ငွေကြေးအကူအညီ အထောက်အပံ့များပေးအပ်ခဲ့ခြင်းသည် ကျွန်ုပ်တို့၏ ထောက်ခံအားပေးမှုကို ဖော်ပြနေပါသည်။ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (NHL) ရန်ကုန်နှင့်အတူ စတင်ခဲ့သော စီမံကိန်း၊ ပြည်နယ် များ (ဥပမာ - မန္တလေး) တွင် စတင်ခဲ့သည့် စီမံကိန်းများ၊ အိမ်နီးချင်းနိုင်ငံများ (ဥပမာ - ကမ္ဘောဒီးယား၊ လာအို) တို့နှင့် ပူးပေါင်း၍ ဆောင်ရွက်သောစီမံကိန်းများအပြင် အရပ်ဘက်လူ့အဖွဲ့ အစည်းများမှတစ်ဆင့် အကောင်အထည်ဖော်သည့် လုပ်ငန်းများသည် လာမည့်နှစ်များတွင်လည်း ထိုကဲ့သို့သော ကြိုးပမ်းအားထုတ်မှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဖော်ပြနေခြင်းဖြစ်ပါသည်။

Covid-19 ရောဂါကို အတူပူးတွဲတိုက်ခိုက်ခြင်းနှင့် ၎င်း၏အကျိုးသက်ရောက်မှုများသည် ကျွန်ုပ်တို့၏နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းများအားလုံးကို ဆက်လက်ဆောင်ရွက်ရန် ဖြစ်ပေါ်စေပါသည်။ ထို့အပြင် မြန်မာနိုင်ငံတွင်နေထိုင်သော ပြင်သစ်နိုင်ငံသားတို့အကြား စည်းလုံးညီညွတ်မှုကိုလည်း ဖြစ်ပေါ်စေခဲ့ပါသည်။ ပြင်သစ်ကုမ္ပဏီများ၊ ပြင်သစ်နိုင်ငံသားများနှင့် ၎င်းတို့၏ မိသားစုများသည် ရန်ကုန်နှင့် ပြည်နယ်များရှိ ကူးစက်ကပ်ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်မှု ကြိုးပမ်းအားထုတ်မှုများကို ကူညီသော အစီအစဉ်များကို ပြုလုပ်ခဲ့ကြပါသည်။ ဤအလိုအလျောက်ဆောင်ရွက်သော အစီအစဉ်များသည် ပြင်သစ်နိုင်ငံသားများ၏ မြန်မာနိုင်ငံနှင့် ၎င်း၏ ပြည်သူများအပေါ် ထားရှိသော တွယ်တာမှုကို ပေါ်လွင်စေပါသည်။ ကျွန်ုပ်တို့၏ သံတမန်ဆက်ဆံရေး (၇၂) နှစ်မြောက်နှစ်ပတ်လည်နေ့ကို ကျင်းပခဲ့ပြီးသောကြောင့် ကျွန်ုပ်တို့သည် နှလုံးသားနှင့် ရိုးသားဖြောင့်မတ်စွာဖြင့် ကျွန်ုပ်တို့၏ အနာဂတ်ကို အတူတကွပြင်ဆင်နေကြပါသည်ဟု ပြောဆိုနိုင်ပါသည်။

ပြင်သစ် - မြန်မာ ပူးပေါင်းဆောင်ရွက်ရေး အစွန့်ရှည်ပါစေ။ ။

**ကျွန်ုပ်တို့၏ နှစ်နိုင်ငံသည် နှစ်ပေါင်းများစွာကတည်းက နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေးများကို ထိန်းသိမ်းထားပြီး ၁၉၄၈ ခုနှစ် ပထမသုံးလပတ်၌ သံတမန်ဆက်ဆံရေးကို စတင်ထူထောင်ခဲ့ကြခြင်းဖြစ်**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ်(၂)တည်ဆောက်ရေး နမ့်ပငရေအားလျှပ်စစ်စီမံကိန်းတွင် CVC ကွန်ကရစ်ဖျော်စပ်ထုတ်လုပ်/အရောက်ပို့ ခြင်းလုပ်ငန်း( 89000)$m^3$ Tender No.27/DHPI (P & W)/2019-2020 အား ပြည်တွင်းတိုင်းရင်း သားလုပ်ငန်းရှင်များသို့ မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်-

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်၊ အချိန်** - ၁၄-၇-၂၀၂၀ရက်မှ ၂၂-၇-၂၀၂၀ ရက်အထိ ရုံးချိန်အတွင်း

**တင်ဒါအဆိုပြုလွှာတင်သွင်းရမည့်ရက် အချိန်၊ နေရာ** - ၁၃-၈-၂၀၂၀ရက်၊ နံနက် ၁၁ နာရီ ရုံးအမှတ် (၂၇)၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အစည်းအဝေးခန်းမ

၃။ တင်ဒါကြော်ငြာပုံစံကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ www.moee.gov.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၁၈၄**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန

**ကုသရေးဦးစီးဌာန လက်အောက်တွင် လစ်လပ်လျက်ရှိသော ဆေးဘက်ဆိုင်ရာကျွမ်းကျင်(၂)(ဓာတ်ခွဲ)လစာနှုန်း(၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)ကျပ် ကျွမ်းကျင်ဝန်ထမ်းများ ဖြည့်စွက်ခန့်ထားနိုင်ရန် လျှောက်လွှာခေါ်ယူခြင်း**

၁။ ကုသရေးဦးစီးဌာန လက်အောက်ရှိ ဗဟိုအဆင့် ဆေးရုံကြီးများနှင့် တိုင်းဒေသကြီး/ ပြည်နယ်လက်အောက်ရှိ ဆေးရုံကြီးများတွင် ဆေးဘက်ဆိုင်ရာကျွမ်းကျင်(၂)(ဓာတ်ခွဲ)လစာနှုန်း (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ကျပ် ရာထူးနေရာ (၁၄၃)နေရာ လစ်လပ်လျက်ရှိပါသည်။

၂။ ယင်းလစ်လပ်နေရာများတွင် ခန့်ထားရန် အတွက် အောက်ပါသတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသောသူများသည် လျှောက်ထားနိုင်သည်-

(က) လျှောက်ထားသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်၊
(ဂ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ် (Dismiss)ခြင်း၊ ထုတ်ပယ်(Remove)ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခြင်း ခံထားရသူများ လျှောက်ထားခွင့်မရှိပါ၊
(ဃ) လျှောက်ထားသူများသည် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (ရန်ကုန်/မန္တလေး)မှ B.Med.Tech ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။

၃။ လျှောက်ထားသူသည် အောက်ပါအချက်အလက်များကို ပြည့်စုံစွာပူးတွဲပေးပို့ရမည်-

(က) ဘွဲ့လက်မှတ်မိတ္တူ၊ ယာယီဘွဲ့လက်မှတ်နှင့် အမှတ်စာရင်းမိတ္တူ ပူးတွဲတင်ပြရမည်၊
(ခ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ ပူးတွဲတင်ပြရမည်၊
(ဂ) တာဝန်ကျရာ မည်သည့်ဒေသမဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်ကြောင်း ကတိပြုလွှာ ပူးတွဲတင်ပြရမည်၊
(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ ရဲစခန်းတို့မှ ထောက်ခံချက်မူရင်း ပူးတွဲတင်ပြရမည်၊
(င) ကျန်းမာရေးကောင်းမွန်ကြောင်း၊ ကိုယ်ရောစိတ်ပါကျန်းမာကြောင်း၊ သက်ဆိုင်ရာမြို့နယ်ရှိ ကုသရေးဦးစီးဌာနမှူး၏ ထောက်ခံစာ (မူရင်း)၊
(စ) လျှောက်လွှာနှင့်အတူ လွန်ခဲ့သည့် (၁)လအတွင်း ရိုက်ကူးထားသော ပတ်စပို့အရွယ်အစား ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရပါမည်။
(ဆ) လျှောက်ထားသူ၏ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့အား တိကျစွာ ရေးသားဖော်ပြပေးရပါမည်၊
(ဇ) လျှောက်ထားသူသည် မိမိ၏ ကိုယ်ရေးမှတ်တမ်းကို ပြည့်စုံစွာ ဖော်ပြပေးရပါမည်၊
(ဈ) လျှောက်ထားသူသည် အလုပ်သမားမှတ်ပုံတင်မူရင်း ပူးတွဲတင်ပြရမည်။

၄။ လစ်လပ်ရာထူးနေရာများတွင် ဆေးဘက်ဆိုင်ရာကျွမ်းကျင်(၂)(ဓာတ်ခွဲ)များအဖြစ် ခန့်ထားခြင်းခံရသူများသည် တာဝန်ချထားရာ ဆေးရုံ/ဌာနအသီးသီး၌ နိုင်ငံ့တာဝန်အား အနည်းဆုံး (၃)နှစ်တိတိ တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး၊ တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ပါက သတ်မှတ်ထားသော လျော်ကြေးငွေကျပ်(၄)သိန်းတိတိ ပေးလျော်ရမည်။

၅။ လျှောက်လွှာများအား (၁၄-၈-၂၀၂၀)ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားကျန်းမာရေးဓာတ် ခွဲမှုဆိုင်ရာဌာန၊ ကုသရေး ဦးစီးဌာန၊ ၃၅-မော်ကွန်းတိုက်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့သို့လိပ်မူ၍ ပေးပို့ရမည်ဖြစ်ပါသည်။

(သတ်မှတ်ရက်ထက်နောက်ကျရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ)

၆။ လျှောက်ထားသူများသည် (၁၄-၉-၂၀၂၀)ရက်တွင် စီမံကိန်းဌာနစိတ်၊ ကုသရေးဦးစီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ မပျက်မကွက် လူကိုယ်တိုင်လာရောက်သတင်းပို့ရပါမည်။

၇။ လျှောက်ထားသူများသည် (၁၅-၉-၂၀၂၀)ရက်တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်၌ ရေးဖြေကျွမ်းကျင် ဘာသာရပ်(၁)နာရီနှင့် အင်္ဂလိပ်စာ ဘာသာရပ်(၁)နာရီ ဖြေဆိုရမည်ဖြစ်ပါသည်။ ရေးဖြေအောင်မြင်သူများ စာရင်းကို (၁၆-၉-၂၀၂၀)ရက်တွင် ထုတ်ပြန်ကြော်ငြာမည်ဖြစ်ပါသည်။

၈။ ရေးဖြေအောင်မြင်သူများကို (၁၇-၉-၂၀၂၀)ရက် နံနက် ၉နာရီမှစ၍ လူတွေ့စစ်ဆေးခြင်း ပြုလုပ်မည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးခြင်း လာရောက်ဖြေဆိုသည့်အခါ ဘွဲ့လက်မှတ်မူရင်း(သို့မဟုတ်) ဘွဲ့ထောက်ခံချက်၊ ယာယီဘွဲ့လက်မှတ်မူရင်း၊ အမှတ်စာရင်းမူရင်း၊ အခြေခံပညာအထက်တန်းအောင် လက်မှတ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်းများကို ယူဆောင်လာရပါမည်။ ရေးဖြေနှင့် လူတွေ့စစ်ဆေးမှုအတွက် သီးခြားအကြောင်းကြားစာ ပေးပို့မည်မဟုတ်ပါ။

၉။ အသေးစိတ်သိရှိလိုသည်များကို (စီမံကိန်းဌာနစိတ်၊ ကုသရေးဦးစီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃-၄၁၁၁၆၃)နှင့် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၊ ဖုန်း-၀၁-၈၃၇၁၉၅၇သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

၁၀။ သတ်မှတ်ချက်နှင့် မကိုက်ညီ၊ မပြည့်စုံသော လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

**ကုသရေးဦးစီးဌာန**

## ဈေးပြိုင်လေလံခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် (၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလမှ ၂၀၂၁ ခုနှစ် စက်တင်ဘာလအထိ) ကာလအတွက် မကွေးမြို့နယ် စည်ပင်သာယာရေးကော်မတီပိုင် အရပ်ရပ်အခွင့်အရေးလုပ်ငန်းလိုင်စင်(၈၉)ခု အား ဈေးပြိုင်စနစ်ဖြင့် အောက်ပါအစီအစဉ်အတိုင်း လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်-

(က) **နေရာ** - မြို့တော်ခန်းမ၊ မကွေးမြို့
(ခ) **အချိန်** - နံနက် ၁၀ နာရီ
(ဂ) **ဈေးပြိုင်လေလံတင်ရောင်းချမည့်နေ့ရက်** - ၂၂-၇-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့)
(ဃ) **လျှောက်လွှာတင်သွင်းရမည့်နောက်ဆုံးနေ့ရက်** - ၂၁-၇-၂၀၂၀ရက်(အင်္ဂါနေ့)

၂။ အဆိုပါ အခွင့်အရေးလုပ်ငန်းလိုင်စင်များ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်းနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မကွေးမြို့နယ်စည်ပင်သာယာရေးကော်မတီရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၃-၂၅၁၀၄၊ ၂၅၀၄၈ သို့ ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မြို့နယ်စည်ပင်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
## အကောက်ခွန်ဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ခွင့်ပြုငွေ (ငွေလုံးငွေရင်း အသုံးစရိတ်)မှ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာန မူဆယ်မြို့ (နန်းတော်ဂိတ်)တွင် ထားရှိအသုံးပြုရန် X-Ray Machine for Hand Carry တစ်ခု၊ X-Ray Machine for Baggages တစ်ခု၊ Walk-Through Metal Detecting Gate တစ်ခု၊ စုစုပေါင်း ပစ္စည်း(၃)မျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် တင်ဒါဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၅-၇-၂၀၂၀ရက်
(ခ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်၊ အချိန်** - ၂၉-၇-၂၀၂၀ရက် ညနေ ၄ နာရီ
(ဂ) **တင်ဒါဖွင့်လှစ်မည့်ရက်၊ အချိန်** - သီးခြားထုတ်ပြန်သွားပါမည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အကောက်ခွန်ဦးစီးဌာန၊ ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ၊ သစ်တောလမ်းနှင့် ကွန်ကရစ်ကမ်းနားလမ်းထောင့်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၂၁၁၁၉၀၊ ၂၂၀၇၃၅ သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးနှင့်လက်ခံရေးကော်မတီ**

## ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန
## နမ့်စန်မြို့အား သန့်ရှင်းသော သောက်သုံးရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် အဆိုပြုလွှာ
## Expression of Interest (EOI)ခေါ်ယူခြင်း

၁။ နမ့်စန်မြို့ ၊ ရပ်ကွက်(၅)ရပ်ကွက်သို့ သန့်ရှင်းသော သောက်သုံးရေအား ခေတ်မီနည်းစနစ်ဖြင့် ရာနှုန်းပြည့် ဖြန့်ဝေပေးနိုင်ရေး ဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ (၁၀၀ %)ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းနှင့်ပုံစံများကို စိတ်ဝင်စားမှု အဆိုပြုလွှာ (EOI)တင်ပြရန် ကြော်ငြာ ခေါ်ယူအပ်ပါသည်။

၂။ မြို့ရေပေးဝေရေးလုပ်ငန်းဆောင်ရွက်ရန် စိတ်ဝင်စားမှု အဆိုပြုလွှာတင်သွင်းမည့် ကုမ္ပဏီသည် အောက်ဖော်ပြပါ အချက်အလက်များအပေါ် အခြေခံ၍ အဆိုပြုမည့် ဒီဇိုင်းပုံစံများ၊ အသေးစိတ် စီမံချက်နှင့်အတူ(Power Point ) ဖြင့် ရှင်းလင်းတင်ပြနိုင်ရေး ပြင်ဆင်ဆောင်ရွက် ထားရှိရမည်ဖြစ်ပါသည်-

(က) နမ့်စန်မြို့၏ ရေလိုအပ်ချက်အားရာနှုန်းပြည့် လွှမ်းခြုံမှုရှိစေရေး ဆောင်ရွက်မည့် အစီအမံ
(ခ) ရေသန့်စင် စနစ်ဆောင်ရွက်မည့် အစီအမံ
(ဂ) Detailed Design Drawing နှင့် Google map မြေပုံများ
(ဃ) သတ်မှတ်အရည်အသွေးပြည့်မီသော သန့်ရှင်းသည့်သောက်သုံးရေအား စနစ်တကျဖြန့်ဝေစနစ်နှင့် ရေမီတာစနစ်ဆောင်ရွက်မည့် အစီအမံ
(င) ရေခွန်ကောက်ခံမည့်စနစ်
(စ) ရေရှည်ပြင်ဆင်ထိန်းသိမ်းမည့် အစီအမံ
(ဆ) စည်ပင်သာယာရေးကော်မတီနှင့် အကျိုးအမြတ်ခွဲဝေမည့် အစီအမံ

၃။ စိစစ်ရွေးချယ်ရေးကော်မတီအား မိမိလုပ်ငန်းပုံစံနှင့် ပတ်သက်၍ သတ်မှတ်ရက်အတွင်း ရှင်းလင်းတင်ပြရမည်။

၄။ ရွေးချယ်ခံရသည့် အဆိုပြုလွှာများကိုသာ လုပ်ငန်းအပ်နှံဆောင်ရွက်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၅။ အဆိုပြုလွှာများကို ၁၂-၈-၂၀၂၀ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ကြီးကြပ်ရေးကော်မတီ(ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာနရုံး)သို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့ တင်သွင်းနိုင်ပါသည်။

၆။ စိတ်ဝင်စားမှု အဆိုပြုလွှာတင်သွင်းနိုင်ရေးအတွက် အဆိုပြုလွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့တွင် ရုံးချိန်အတွင်း ရယူနိုင်ပါသည်။ (ဖုန်း-၀၈၁-၂၁၂၃၉၁၅)

**ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာန၊ တောင်ကြီးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဖယ/၆၉၃၃၅, Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဇော်လတ် ၉/လဝန(နိုင်)၂၄၆၈၁၇က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(နေပြည်တော်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## လျှပ်စစ်-စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ရန်ကုန်တိုင်းဒေသကြီးအစိုးရဘတ်ဂျက်မှ ကျခံပြီး ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ တာဝန်ယူတည်ဆောက်မည့် 33/11kV,5MVA ဓာတ်အားခွဲရုံ(၆)ရုံအတွက်လိုအပ်သော မြေအောက်ဓာတ်ကြိုးနှင့်ဆက်စပ်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - (၁၃.၇.၂၀၂၀) မှ (၁၃.၈.၂၀၂၀)ထိ
တင်ဒါပိတ်မည့်ရက် - (၁၄.၈.၂၀၂၀)
တင်ဒါပိတ်မည့်အချိန် - (၁၄ : ၀၀) နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကိုအောက်ပါလိပ်စာတွင်ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**အမှတ် (၁၉၇/၁၉၉)၊အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်**
**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ပစ္စည်းစီမံရေးဌာန၊**
**ရန်ကုန်မြို့ ၊ ဖုန်း၊ ၀၁-၂၂၀၈၅၉၊ ၀၁-၂၂၀၈၁၆**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## လားရှိုးခရိုင်တရားရုံးတော်၌
## ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်-၄၉

ဒေါ်မေမြတ်မွန် **တရားလို** နှင့် ဒေါ်တင်တင်(ခ)တင်မြတ်မွန် **တရားပြိုင်**

ဒေါ်တင်တင်(ခ)ဒေါ်တင်မြတ်မွန်မှ/တစ်ဆင့် Today ကုန်စုံဆိုင်၊ မြို့ဝမ်လမ်း၊ နယ်မြေ(၁)၊ ရပ်ကွက်(၁)၊ လားရှိုးမြို့နေ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ဒေါ်မေမြန်မွန်က ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ပြည့်နှစ်၊ ဩဂုတ်၆ရက် (၁၃၈၂ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။

၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလို ကကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြပြီး အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက် တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် ဇူလိုင် ၁၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ငွေးဝင်း)**
**ခရိုင်တရားသူကြီး**
**လားရှိုးခရိုင်တရားရုံး**

## မူကြမ်းရေးသားထားသည့် စာချုပ်စာတမ်းကို ကန့်ကွက်ဖော်ပြရန် နို့တစ်စာ
## (အမိန့် အမှတ်-၂၁၊ နည်းဥပဒေ-၃၄)
## လားရှိုးခရိုင်တရားရုံးတော်၌
## ၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ် - ၄၅ နှင့် ဆက်နွှယ်သည့်
## ၂၀၁၉ ခုနှစ် တရားမဇာရီမှု အမှတ်-၁၉

ဒေါ်ရန်မေဆွမ်း **ဒီကရီ အနိုင်ရသူ** နှင့် ဦးလုပို **တရားရှုံး**

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ သိန္နီလမ်း၊ Petit Cafe ပြည်ထောင်စု အားကစားကွင်းရှေ့တွင် နေထိုင်သူ တရားရှုံး ဦးလုပို(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၀ ပြည့်နှစ် မေ ၂၉ ရက်တွင် အထက်အမည်ပါ အမှုတွင် ဒီကရီအနိုင်ရသူက ယခုပူးတွဲပါ စာချုပ်မူကြမ်းတွင် ဖော်ပြပါရှိသော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများအတွက် မြေနှင့် အိမ်အရောင်းအဝယ် ကတိစာချုပ်ကို သင်၏ကိုယ်စား ရုံးတော်က ချုပ်ဆိုပေးပါမည့်အကြောင်း လျှောက်လွှာတင်သွင်း၍ အဆိုပါလျှောက်လွှာကို စစ်ဆေးကြားနာရန် ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၃၁ ရက်(၁၃၈၂ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၂ ရက်) နံနက် ၁၀နာရီကိုချိန်းဆိုကြောင်း သင်သိသာရန် နို့တစ်စာပေးအပ်သည်။ ဆိုခဲ့သည့်ရက်တွင် သင်လာရောက်ခွင့်ရသည့်ပြင် ၎င်းစာချုပ်မူကြမ်းကို တစ်စုံတစ်ရာ ကန့်ကွက်ချက်ရှိလျှင် စာဖြင့် ရေးသား၍ လျှောက်ထားခွင့် ရသည်။

ပစ္စည်းအကြောင်းအရာ။

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(၁+၇+၈ ကျောက်တောင်)၊ ဦးပိုင် အမှတ်(၇၄၅)၊ မြေချိန်ဧရိယာ ၀ဒသမ ၀၈၃ ဧက၊ မြေဂရန် လိုင်စင် အမှုတွဲ အမှတ်(၆၀၈-၅/၂၀၀၀-၂၀၀၁)(စီ) ဦးလုပို အမည်ဖြင့် မှတ်သားတည်ရှိသော မြေနှင့် ယင်းမြေ ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်။

၂၀၂၀ ပြည့်နှစ်ဇူလိုင် ၁၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုထုတ်ပေးလိုက်သည်။

**(ဇော်ဇော်ထွန်း)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**လားရှိုးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ကျိုက်ထိုမြို့နယ်တရားရုံးတော်၌
## ၂၀၁၉ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၇

ဒေါ်မြမြဝေ **တရားလို** နှင့် ၁။ ဦးအောင်ကိုဦး ၂။ ဒေါ်ချစ်ထွေး **တရားပြိုင်များ**

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ မုပ္ပလင်ကျေးရွာ၊ ကုက္ကိုတန်းရပ်ကွက်နေ ဦးအောင်ကိုဦး၊ ဒေါ်ချစ်ထွေး(ယခုနေရပ်လိပ် စာမသိသူ)တို့သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မြမြဝေက ချေးငွေ(၄၂၀၀၀၀၀ကျပ်/)(ကျပ်လေးဆယ့်နှစ်သိန်းတိတိ)ပြန်ရလိုမှုအရ လျှောက်ထားစွဲဆိုချက်ရှိသည် ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးဦး၊ ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ၊ ၂၀၂၀ပြည့်နှစ် ဇူလိုင် ၂၃ရက် (၁၃၈၂ခုနှစ် ဒုတိယဝါဆိုလဆန်း ၄ရက်) နံနက် ၁၀နာရီတွင် အထက်ပါ တရားလို၏ စွပ်စွဲချက်ကို ထုချေရှင်းလင်းရန် ကျိုက်ထိုမြို့နယ်တရားရုံး၊ တွဲဖက်မြို့နယ်တရားသူကြီး(၁)ရုံးသို့ လာရောက်ရမည်။ ထို့အပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် ရုံးသို့လာရောက်ရန် ပျက်ကွက်က သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြလိုသည့် အမှီပြုလုပ်လိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ (သို့တည်းမဟုတ်) သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် ဇူလိုင် ၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇော်ကိုကို)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ကျိုက်ထိုမြို့နယ်တရားရုံး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အမက ရုံးပင်ဇောင်းမှ အထွေထွေလုပ်သား ဒေါ်ခင်နှင်းဦး ၉/ပမန(နိုင်) ၀၁၃၃၃၈ နှင့် ဒေါ်နှင်းနှင်းတို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ခင်နှင်းဦး(ခ)ဒေါ်နှင်းနှင်း**

## အမည်မှန်

လားရှိုးမြို့၊ အထက(၆) နဝမတန်းအောင်မှ မောင်စိုင်းထက်အောင်လင်း၏အမည်မှန်မှာ စိုင်းထက်လင်းအောင် ဖြစ်ပါကြောင်း။

## အမည်မှန်

လားရှိုးမြို့၊ အထက (၆) ဆဋ္ဌမတန်းအောင်မှ မောင်စိုင်းထက်ဇော်ဟိန်း၏ အမည်မှန်မှာ စိုင်းသက်ဇော်ဟိန်း ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ မြို့မ အထက နဝမတန်းအောင်မှ မောင်ဟန်စောလင်း၏ဖခင်အမည်မှန်မှာ ဦးအောင်ကျော်ဇင် ၉/မသန(နိုင်)၁၀၇၈၂၆ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ အမှတ်(၆/၃၈)နေ ဦးသူရစိုး(ခ)ဦးဟိန်းသူ ၉/ ပမန(နိုင်)၂၁၈၅၁၃ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

မက်မန်းခရိုင်၊ မက်မန်းမြို့၊ နမ့်ဟာနုကျေးရွာနေ ဦးကျတက်၏ သမီး မနာဟောမွေး(ခ)မနာလည်စိုး ၁၃/ပယန (နိုင်) ၀၁၁၃၁၈ ၏ မွေးသက္ကရာဇ်အမှန်မှာ ၆-၇-၁၉၉၉ ဖြစ်ပါကြောင်း။

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4F/5664 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2H/1439 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး (လားရှိုး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5E/1737 Mitsubishi Pajero, S/W (4x4) ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်လှိုင် ၁၃/လရန(နိုင်)၀၂၈၂၃၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၄၆ယ/၉၅၀၄၄ Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းစံပွမ် ၁၃/ကတန(နိုင်) ၀၉၁၅၁၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(တာချီလိတ်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 38W/ 38962 Honda Wave ယာဉ်လက်ဝယ်ရှိသူ ဦးတင်မောင်မြင့် ၁၃/နစန(နိုင်)၀၀၄၇၈၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(တာချီလိတ်မြို့)**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့စတင်ကျင်းပ





ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပစဉ်။

**နေပြည်တော် ဇူလိုင် ၁၃**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က ယနေ့စတင် ကျင်းပသည့် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ နောက်ဆုံးပတ်အပြီး ပြုလုပ်ရန် လျာထားပါကြောင်း၊ အဆိုပါအစည်းအဝေးကာလတွင် နိုင်ငံတော်အတွက် နှစ်စဉ်မဖြစ်မနေ ဆောင်ရွက်ပေးရမည့် ၂၀၂၀ -၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းတို့နှင့် စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုပေးနိုင်ရေးကို အဓိကထား ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ဥပဒေကြမ်းတွင်ပါရှိသည့် စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေများကို စိစစ်ကြမည့် ပူးပေါင်းအဖွဲ့များနှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီ၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတို့အနေဖြင့်လည်း အခြေအနေအရ စိစစ်မှုကာလ လျှော့ချကန့်သတ်ပေးရခြင်းကို နားလည်ပေးစေလိုပါကြောင်း၊ ထို့ပြင် ဆောင်ရွက်ရန်ကျန်ရှိနေသည့် ဥပဒေကြမ်းများနှင့် အခြားသောလွှတ်တော်ဆိုင်ရာလုပ်ငန်းများကိုလည်း ဦးစားပေးအလိုက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပိုမိုများပြားသည့်

*စာမျက်နှာ ၄ ကော်လံ ၁* ●

## ၂၀၂၀-၂၀၂၁ ပညာသင်နှစ် မြို့နယ်အသီးသီး၌ အခြေခံပညာအထက်တန်းအဆင့် ကျောင်းအပ်လက်ခံမှု ကိုဗစ်-၁၉ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ စတင်ဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၁၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဒီမိုကရေစီအသွင်ကူးပြောင်းရာတွင် ပညာရေး၏အခန်းကဏ္ဍသည် များစွာအရေးကြီးသလို "ယနေ့လူငယ် နောင်ဝယ်လူကြီး" ဆိုသည့်စကားအတိုင်း မိမိတို့နိုင်ငံ၏ အနာဂတ် တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြမည့် မျိုးဆက်သစ် လူငယ်လူရွယ်များ အသိဉာဏ်ပညာ ဗဟုသုတပြည့်စုံကြွယ်ဝသော နိုင်ငံ၏ အားကိုးအားထားပြုရသည့် ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရန် ရည်ရွယ်၍ "မည်သည့်ခွဲခြားမှုမှမရှိဘဲ ကျောင်းနေအရွယ် ကလေးအားလုံး အရည်အသွေးရှိသော ပညာသင်ယူခွင့်ရရှိဖို့ မိဘပြည်သူအားလုံး ဝိုင်းဝန်းကူညီစို့" ဆိုသည့် ဆောင်ပုဒ်အတိုင်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် နိုင်ငံတစ်ဝန်းလုံးရှိ

*စာမျက်နှာ ၂၀ ကော်လံ ၄* ❑



ရန်ကုန်မြို့ တာမွေမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းတစ်ကျောင်းတွင် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

ဂျပန်နိုင်ငံ အနောက်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်

စာ ၁၃

\- - - - - - -

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၃-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

စာ ၁၆

## ပရီမီယာလိဂ်သို့ တန်းတက်ခွင့်ရရှိရန် နီးစပ်လာသည့် လိဒ်စ်

အင်္ဂလန်ချန်ပီယံရှစ်ကလပ် လိဒ်စ်ယူနိုက်တက်အသင်းအနေဖြင့် ချန်ပီယံရှစ်တွင် ၄၃ ပွဲ ကစားထားပြီး ရမှတ် ၈၃ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်လျက်ရှိကာ ပရီမီယာလိဂ်သို့ တန်းတက်ခွင့်ရရှိရန် နီးစပ်လာပြီဖြစ်သည်။ လိဒ်စ်အသင်းသည် ပွဲစဉ် ၄၃ ၌ ဆွမ်ဆီးအသင်းကို ပွဲကစားချိန် ၈၉ မိနစ် အရောက်တွင် ပါဘလိုဖာနန်ဒက်ဇ်၏ သွင်းဂိုးတစ်ဂိုးတည်းဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ပွဲစဉ်များ ပြီးဆုံးရန် သုံးပွဲအလိုတွင် ဒုတိယနေရာမှ ဝက်စ်ဘရွန်းအသင်းကို သုံးမှတ်ဖြတ်ထားနိုင်ပြီး တတိယနေရာမှ ဘရန့်ဖို့ဒ်အသင်းကို ခြောက်မှတ်အထိ ဖြတ်ထားလိုက်နိုင်ခြင်းကြောင့် လာမည့်နှစ် ပရီမီယာလိဂ်သို့ တန်းတက်ခွင့်ရရှိရန် နီးစပ်လာခဲ့ခြင်းဖြစ်သည်။

လိဒ်စ်အသင်းသည် ပြီးခဲ့သည့်နှစ်တွင် ပရီမီယာလိဂ်သို့ တန်းတက်ခွင့်ရရှိရန်နီးစပ်ခဲ့ဖူးပြီး တန်းတက်ရှုံးထွက်ပြိုင်ပွဲတွင် ပြိုင်ဘက်အသင်းကို အရေးနိမ့်ခဲ့ခြင်းကြောင့် ချန်ပီယံရှစ်တွင် ကျန်ရှိနေခဲ့ခြင်းဖြစ်သည်။ လိဒ်စ်အသင်းသည် ၁၉၉၂ ခုနှစ်တွင် ပရီမီယာလိဂ်သို့ တန်းတက်ခွင့်ရရှိခဲ့ပြီး ချန်ပီယံရှစ်သို့ ၂၀၀၄ ခုနှစ်တွင် တန်းဆင်းခဲ့ရကြောင်း သိရသည်။ ထို့ကြောင့် လိဒ်စ်အသင်းအနေဖြင့် ပရီမီယာလိဂ်နှင့် ဝေးကွာနေသည်မှာ ၁၆ နှစ်ရှိခဲ့ပြီ ဖြစ်သည်။ ထို့ကြောင့် လိဒ်စ်အသင်းအနေဖြင့် ကျန်ရှိနေသေးသည့် ဘန်စလေ၊ ဒါဘီ၊ ချာလ်တန်အသင်းတို့ နှင့်ပွဲစဉ်တွင် အနည်းဆုံး လေးမှတ်ရရှိရုံဖြင့် ပရီမီယာလိဂ်သို့ တစ်ကျော့ပြန် တန်းတက်ခွင့်ရရှိမှာလည်း ဖြစ်သည်။

လိဒ်စ်ယူနိုက်တက်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ချန်ပီယံရှစ်တွင် ၄၃ ပွဲ က စားထားပြီးချိန်တွင် ၂၅ ပွဲနိုင်၊ ကိုးပွဲ သရေ၊ ကိုးပွဲရှုံးနိမ့်ထားသည်။

*စာမျက်နှာ ၁၁ ကော်လံ ၅* ◆